
# နွေတမာန်

## တစ်ရေးနိုးလိပ်ပြာ




ဤဝတ္ထုကို - ရွှေလိုင်ဗီဒီယိုထုတ်လုပ်ရေးမှ
ရန်နောင်အဖြစ် မင်းသားဘုဂျာ်းမြတ်၊ သင်းသင်းသွယ်အဖြစ်- ခိုင်သင်းကြည်၊
ယွန်းအဖြစ်- မိုးပြည့်ပြည့်မောင်တို့ဖြင့် ဗီဒီယိုဇာတ်ကား ရိုက်ကူးနေပါသည်။

# အပိုင်း – ၁

ပတ်ဝန်းကျင်တစ်ခုလုံး မိုးသားမိုးရိပ်များဖြင့် မည်းမှောင်အုံ့ဆိုင်းလျှက်ရှိလေသည်။

တစ်ချက်တစ်ချက်လက်လိုက်သောလျှပ်စီးရောင်ဖြင့်သာ တောလမ်းခရီး၏မြင်ကွင်းများကို ရိပ်ကနဲ ရိပ်ကနဲမြင်နိုင်လေသည်။

သစ်သားအိမ်ဖြင့်ဖွဲ့တည်ထားသော ဒေါ့ဂျစ်ကားအိုကြီး၏ မှိန်ဖျော့သောရှေ့မီးရောင်များမှာ ညအမှောင်နှင့် မိုးထဲလေထဲတွင် ရှင်းလင်းအောင် မထိုးဖောက်နိုင်ရှာပေ။

ကားအိုကြီးသည် မိုးသည်းသောညအချိန်တွင် သူဦးတည်ချက်ထားရာ မြို့ကလေးဆီသို့ တအိအိဖြင့်သွားလျှက်ရှိလေ၏။

ကားထဲမှာပါလာသောခရီးသည်များသည် ဘေးမှပက်သော မိုးရေစက်များကြောင့် ကားအတွင်းပိုင်းသို့တဖြည်းဖြည်းတိုးဝင်လာကြရာ ကားအတွင်းထဲ၌ လူများပြည့်သိပ်နေတော့သည်။ ဘေးနှစ်ဖက်မှ ချထားသောတာလပတ်စသည်လည်း လေတိုက်တိုင်း တဖြတ်ဖြတ်လွင့်နေကာ ဘက်ပေါင်းစုံမှတိုးဝင်လာသောမိုးရေစက်များကို မတားဆီးနိုင်ခဲ့ပေ။

သူကတော့ ကံကောင်းထောက်မစွာ ကားရှေ့ခန်းတွင် ဒရိုင်ဘာဘေးထိုင်ခုံမှာ နေရာရခဲ့၍ အခြားခရီးသည်များလို ဒုက္ခမခံစားခဲ့ရပေ။ ဒါတောင် တစ်ချက်တစ်ချက်ဝေ့တိုက်လိုက်သောလေနှင့်အတူ ဝဲပါလာသည့်မိုးရေစက်များက သူ၏ ညာဖက်ပခုံးတစ်ခုလုံးကိုစိုရွှဲနေစေတော့၏။

ရန်နောင်က ရင်ပတ်ထဲမှာပိုက်ထားသောစက္ကူအိတ်ကလေးကို မိုးမစိုစေရန် ဘယ်ဖက်လက်ဖြင့်ပြောင်း၍ပိုက်ထားလိုက်သည်။ အဖေ့အတွက်ဝယ်လာသောတိုက်ပုံအင်္ကျီဖြစ်ပါသည်။ သူ ရန်ကုန်မှာ သုံးလအလုပ်လုပ်ပြီးရတဲ့ပိုက်ဆံထဲက အဖေ့ကိုကန်တော့ဖို့ ဝယ်လာခဲ့ခြင်းဖြစ်သည်။

သူ ဘယ်နေ့ဘယ်ရက်ပြန်လာမယ်ဆိုတာကို အဖေ့ဆီ ကြိုပြီး စာရေးထားခဲ့ပါသည်။ အဖေ အိမ်ကနေဘယ်မှမသွားပဲ သူ့ကို စောင့်နေလိမ့်မည်ဟုထင်ပါသည်။ အဖေအိမ်မှာရှိပါစေ။ ဘယ်မှသွားမနေပါစေနဲ့။

အမေဆုံးပြီးကတည်းက အဖေသည် အိမ်ကပ်သည်မရှိခဲ့။ ရုံးမှဆင်းသည်နှင့် အရက်ဆိုင်သွားကာ အသိမိတ်ဆွေများနှင့်အရက်ဝိုင်းဖွဲ့နေတတ်သည်။ အိမ်ကို ညသန်းကောင်မှပြန်လာတတ်ပါသည်။ အဖေ့ကို ရန်နောင်အပြစ်မပြောချင်ပါ။ အမေဆုံးပြီးနောက် သားအဖနှစ်ယောက်တည်းသာကျန်ခဲ့သည့်သူတို့ဘဝမှာ အဖေ့အတွက်ဖြေသိမ့်စရာက ညပိုင်းအရက်ဝိုင်းသာရှိတော့သည်။ သို့သော် သူသည် အဖေ့ကိုအရက်တွေအများကြီး မသောက်စေချင်ပါ။ သားက အဖေကို တားမြစ်စကားဆိုရမှာခက်နေ၍သာ မတတ်သာပဲ ကြည့်နေရခြင်းဖြစ်သည်။

ရန်ကုန်ကို သူ သုံးလအလုပ်သွားလုပ်တော့ အဖေ့အတွက် ရန်နောင်စိတ်မဖြောင့်ခဲ့ပေ။ အဖေ့ဆီ တစ်ပတ်တစ်ခါစာရေးကာ ကျန်းမာရေးဂရုစိုက်ဖို့၊ ပြုစုပေးမယ့် သူ မရှိတုံး နေမကောင်းဖြစ်မှာကို စိုးရိမ်ကြောင်း စာတွေထဲမှာထည့်ရေးသတိပေးခဲ့သည်။

သူ ရန်ကုန်ရောက်နေတဲ့သုံးလအတွင်းမှာ အဖေအိမ်ကို အချိန်မှန်ရောပြန်ရဲ့လား၊ ညတိုင်းပြန်မှအိပ်ရဲ့လားဆိုတာ ရန်နောင်အမြဲပူပန်နေရပါသည်။ သူရှိတုံးကတောင် တစ်ခါတစ်ရံ အပေါင်းအသင်းတွေ အိမ်မှာအိပ်ပစ်လိုက်တာမျိုးရှိတတ်လို့ဖြစ်ပါသည်။

အင်းလေ ့အဖေ ဒါလောက်တော့ မိုက်မှာမဟုတ်ပါ။ အထီးကျန်မှုကို အရက်ဖြင့်ဖြေသိမ့်နေသော်လည်း အဖေ့ရင်ထဲမှာ သူ့သားရန်နောင်ကတော့အမြဲရှိနေတတ်ပါသည်။ အရက်မူးပေမယ့် သူ့ကို စာမှန်မှန်ကျက်ဖို့၊ စာကြိုးစားဖို့ တိုက်တွန်းဆုံးမခဲ့၍သာ သူလည်း ဒီနှစ် ဆယ်တန်းစာမေးပွဲအောင်ခဲ့ခြင်းမဟုတ်ပါလား။ ရန်နောင်ရှိနေသေးသမျှ သူ့ဘဝသူ အညွန့်တုံးအောင်တော့ အဖေ မိုက်မဲမှာမဟုတ်ပါဘူးလေ။

ရန်နောင်သည် အဖေ့အတွက်ဝယ်လာသောတိုက်ပုံအင်္ကျီထုတ် ကလေးကိုပိုက်ကာ အဖေ့အကြောင်းများကိုတွေးနေမိသည်။

လျှပ်စီးတစ်ချက်လက်လိုက်၍ ရှေ့မှမြင်ကွင်းများကို ထင်းကနဲ မြင်လိုက်ရသည်။

ကိုးလောင်းတောင်ဆိုသည့် သူတို့မြို့အဝင်နားက တောင်ကုန်းကြီးကို လျှပ်ရောင်ထဲမှာ ဖြတ်ကနဲမြင်လိုက်ရ၏။

ကိုးလောင်းတောင်ကိုလွန်လျှင်တော့ သူတို့မြို့ကလေးကို မြင်ရနိုင်ပါပြီ။

သူတို့မြို့ကလေးသည် ကိုးလောင်းတောင်ကိုလွန်၍ နိမ့်ဆင်းသွားသောမြေပြန့်မှာရှိနေပါသည်။ ကိုးလောင်းတောင်ဆီမှကြည့်လျှင် မြေနိမ့်ပိုင်းဆီမှသူတို့မြို့ကလေးကို သာယာလှပစွာမြင်ရနိုင်ပါသည်။

သို့သော် ့လှပသာယာသော သူတို့မြို့ကလေးကိုရောက်ဖို့ ကိုးလောင်းတောင်ကွေ့ကိုကျော်ရသောနေရာကတော့ အန္တရာယ်ကြီးမားလှပါသည်။

ကိုးလောင်းတောင်ဟုမှည့်ခေါ်ထားခြင်းကိုက ထိုနေရာတွင် မကြာခဏကားမှောက်တတ်သောကြောင့်ဖြစ်သည်။ မြို့သူမြို့သားများက ထိုတောင်ကုန်းဘေးမှကားဖြင့်ဖြတ်လျှင် ကားပေါ်တွင် လူကိုးယောက်ဖြစ်မနေစေရဟု ယုံကြည်ကြသည်။ လူကိုးယောက်တည်းပါသည့်ကားတိုင်း ထိုနေရာတွင်ကားမှောက်တတ်သောကြောင့်ဖြစ်သည်။ ပြီးတော့ ကားမှောက်မှုတိုင်းတွင်လည်း သေသူဦးရေမှာ ကိုးယောက်ဖြစ်နေတတ်ပြန်၏။

ထို့ကြောင့် ကားပေါ်တွင် မတော်တဆ လူကိုးယောက်ဖြစ်နေပါက ကျောက်ခဲတစ်လုံးကိုကားပေါ်တင်ကာ **''မောင်ကျောက်ခဲ အပါအဝင် လူဆယ်ယောက်ပါ''**–ဟု အသံထွက်ကာ တောစောင့်နတ် တောင်စောင့်နတ်များကို တိုင်တည်ရလေသည်။

ယုံသည်မယုံသည်အပထား ရှေးယခင်ကတည်းက လက်ခံစွဲမြဲခဲ့သောဓလေ့ထုံးစံမို့ ကားသမားတိုင်းလိုက်နာလုပ်ဆောင်ကြလေသည်။

ယခု ့သူစီးလာသောဒေါ့ဂျစ်ကားကြီးပေါ်မှာတော့ ကားနှင့်အပြည့်အသိပ်ခရီးသည်တွေပါလာ၍ လူကိုးယောက်မကပါ။ မည်သို့ပင်ဆိုစေ ့ကိုးလောင်းတောင်ကွေ့ကတော့ ကားသမားတိုင်း သတိထားရသောကွေ့တစ်ခုဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ့မြို့ဖက်မှလာသောလမ်းနှင့် မြို့ကိုဝင်သောလမ်းသည် ကိုးလောင်းတောင်ခြေတွင် မြားဦးသဏ္ဍာန်ဆုံတွေ့ကြသည်။ တောင်ကွယ်နေ၍ တစ်ဖက်မှလာနေသောကားကို တစ်ဖက်က မမြင်ရပါ။ လမ်းအဆုံ၏တစ်ဖက်တွင်လည်း မတ်စောက်ခြင်းမရှိသည့်တိုင် ဆင်ခြေလျှောသဏ္ဍာန်ဖြစ်နေသော ချောက်ကမ်းပါးကြီးရှိနေသည်။

တစ်ဖက်နှင့်တစ်ဖက် ကားနှစ်စီးလာသည်ကို မသိပါက ချောက်ထိပ်တွင် ထိပ်ဆိုင်တွေ့ဆုံပြီး တိုက်မိနိုင်ပါသည်။ ထိုသို့ကားတိုက်မှုဖြစ်ခဲ့သောအကြိမ်ပေါင်းလည်း မနည်းပါချေ။

ထို့ကြောင့် ့ကိုးလောင်းတောင်ခြေလမ်းဆုံသို့ရောက်ခါနီးလေ ကားတိုင်းသည် တစ်ဖက်မှကြားသိစေရန် ဟွန်းကို သံရှည်ဆွဲ၍ တီးကာ အသိပေးရမြဲဖြစ်လေ၏။

လျှပ်ရောင်အောက်တွင် ကိုးလောင်းတောင်ကြီးကို ဖြတ်ကနဲ မြင်လိုက်ရ၍ ကိုးလောင်းတောင်နှင့်ပတ်သက်ပြီး ရန်နောင်က တွေးနေမိ ခြင်းဖြစ်ပါသည်။

ကားအိုကြီးကတော့ အမှောင်ထုထဲတွင် မှိန်ဖျော့သော ရှေ့မီးအလင်းရောင်ဖြင့် တရွေ့ရွေ့ သွားနေဆဲဖြစ်သည်။ မိုးကလည်း ့ သည်းမြဲသည်းလျှက်ပင်ရှိလေသည်။

မြို့ကိုရောက်တော့မည်ဖြစ်၍ ရန်နောင့်ရင်များ နွေးထွေးစွာ ခုန်လှုပ်လာလေသည်။

သူသည် အိမ်နှင့်တစ်ခါမျှ သည်လောက်ကြာကြာမခွဲဖူးပါ။ ရန်ကုန်မှာ အလုပ်ရှိသည်ဆိုပြီး ရန်ကုန်ကဦးလေးကခေါ်သောကြောင့် ဆယ်တန်းအောင်ပြီး အားလပ်နေသောအချိန်တွင် အလုပ်သွားလုပ်ခြင်းဖြစ်ပါသည်။ သုံးလကြာသွားသည်။ ယခု တက္ကသိုလ်ဆက်တက်ဖို့ကိစ္စများဆောင်ရွက်ရန်အတွက် ပြန်လာခြင်းဖြစ်ပါသည်။

သုံးလတာခွဲခွာခဲ့ရသောဇာတိမြို့ကို နီးလာပြီဆိုတော့ ရင်ခုန်မြန်လာသည်။

အဖေ့ကိုတွေ့ရတော့မည်။

ပြီးတော့ ့''သင်း'' နဲ့လည်း ပြန်ဆုံရတော့မည်။

ရန်နောင်အတွေးထဲသို့ ချစ်သူ **သင်းသင်းသွယ်** တိုးဝင်လာပြန်လေသည်။

သူ ရန်ကုန်ရောက်နေသည့် သုံးလအတွင်းမှာတော့ ့ သင်းသင်းသွယ်နှင့်အဆက်အသွယ်မရှိခဲ့ပါ။ သူနှင့်သင်းတို့ချစ်နေကြတာကိုသိသော သင်းတို့မိဘများက သင်းနှင့်သူ့ကို သဘောမတူကြပေ။ သူတို့အကြောင်းပြချက်က ရန်နောင့်အဖေသည် အရက်သမားကြီးဖြစ် လို့တဲ့။

သင်းတို့ဖက်က သဘောမတူ၍ သူတို့ချစ်သူနှစ်ယောက် သိုသို သိပ်သိပ်ပင်နေခဲ့ကြပါသည်။ သုံးလအတွင်းမှာ သင်းနှင့် အဆက်အသွယ် မရှိခဲ့ပါ။ သင်းဆီကိုစာရေးဖို့လည်း အခွင့်မကြုံခဲ့ရပါချေ။ သူ့မှာ သင်းရဲ့ ဓာတ်ပုံလေးကိုကြည့်ရင်းဖြင့်သာ အလွမ်းဖြေခဲ့ရလေ၏။

ရန်နောင်က လွယ်ထားသောသားရေအိတ်၏ ဘေးအိတ်ကပ် ထဲတွင်ထည့်ထားသော သင်းဓာတ်ပုံလေးကို သတိတရရစမ်းကြည့်လိုက် သည်။ ထိုဓာတ်ပုံလေးမှာ သင်းနဲ့သူ မြို့ထောင့်စေတီမှာချိန်းတွေ့ကြတုံး က ဘုရားက ''၁၅မိနစ်အမြန် ဓာတ်ပုံဆိုင်''မှာ ရိုက်ထားခြင်းဖြစ်သည်။

သူလွယ်ထားသောခရီးဆောင်အိတ်ထဲ၌ သင်းကိုပေးဖို့ လက်ဆောင်လည်း ပါလာခဲ့ပါသည်။ အပြာရောင်ခေါင်းစည်းပဝါလေး ဖြစ်သည်။

သူပြန်လာမည်ကို သင်း သိဦးမည်မဟုတ်။

မနက်ကျမှ သင်းတို့အိမ်ရှေ့ကို မယောင်မလည်သွားရမည်။ သူ့ကိုမြင်ရင်တော့ သင်းကလည်း စာအုပ်အငှားဆိုင်သွားမည်ဟု အကြောင်းပြကာ အိမ်ကထွက်လာမည်ဖြစ်သည်။

သည်တော့မှ . သင်းအတွက်ဝယ်လာသောခေါင်းစည်း ပဝါလေးကို ပေးရပါတော့မည်။

ဒရိုင်ဘာက ကားဟွန်းကို သံရှည်ဆွဲ၍တီးလိုက်လေသည်။

ကားဟွန်းသံကြောင့် ရန်နောင့်အတွေးများပြတ်တောက်သွား လေသည်။

ကြည့်လိုက်တော့ . ကိုးလောင်းတောင်အကွေ့နားရောက် ခါနီးနေပြီ။

တောင်ကွေ့နားနီးလာ၍ ကားဟွန်းကိုအဆက်မပြတ်တီးလိုက် ခြင်းဖြစ်ပါသည်။

သို့သော် . ကားအိုကြီး၏ဟွန်းသံအက်ကွဲကွဲက မိုးသံလေ သံများကို မထိုးဖောက်နိုင်ရှာပါ။

မိုးကလည်း သည်းနေဆဲ။ မိုးချိမ်းသံများကလည်း ဂျိုးဂျိမ့်ည့် နေဆဲ။

ကားက ကိုးလောင်းတောင်ခြေလမ်းဆုံကိုရောက်လာပြီ။

ဒရိုင်ဘာက ကားကို လေးဆယ့်ငါးဒီဂရီအချိုးဖြစ်နေသော လမ်းကွေ့ကို ဝိုက်ကွေ့လိုက်သည်။

''ဟင် .''

''ဟာ .''

ဒရိုင်ဘာအပါအဝင် ကားပေါ်မှလူအားလုံး ထိတ်လန့်တကြား အော်ဟစ်လိုက်မိလေ၏။

ရှေ့လမ်းချိုးမှ မျက်နှာချင်းဆိုင်ကာ အရှိန်ဖြင့်မောင်းလာသော ကားတစ်စီး။ မျက်နှာချင်းဆိုင်ကားဆီမှမီးအလင်းတန်းက စူးရှစွာတိုးဝင်လာသည်။ တစ်ဖက်မှကားသည်လည်း လမ်းရှင်းသည်ထင်ကာ အရှိန်ဖြင့်မောင်းလာခြင်းဖြစ်ပုံရပါသည်။

ဒေါ့ဂျစ်ကားဒရိုင်ဘာသည် အလန့်တကြားဖြင့် ကားဘရိတ်ကိုနင်းလိုက်သည်။ အရှိန်ဖြင့်သွားနေရာမှ ရုတ်တရက်ဘရိတ် နင်းလိုက်သောကြောင့် ကားသည် မိုးရေများဖြင့် ချောနေသောမြေလမ်းပေါ်တွင် လျှောကနဲရှပ်တိုက်ရွေ့သွားလေသည်။

ဒါ့အပြင် . ဒရိုင်ဘာသည် မျက်နှာချင်းဆိုင်မှကားနှင့် မတိုက်မိစေရန် ကားကို ညာဖက်သို့ဆွဲချလိုက်မိလေ၏။ ဒေါ့ဂျစ်ကား အိုကြီးဦးတည်ရာ၏ညာဖက်ခြမ်းကား ဆင်ခြေလျှောချောက်ကမ္ဘားဖြစ်လေသည်။

သစ်သားအိမ်ဒေါ့ဂျစ်ကားကြီးသည် ဆင်ခြေလျှောအတိုင်း ဘေးစောင်းတိုက်လိမ့်ဆင်းသွားလေ၏။

ကားထဲမှလူများ၏အလန့်တကြားအော်ဟစ်သံများက ငရဲပွက် သလိုဆူညံသွားလေတော့သည်။

ရန်နောင်သည်လည်း ကားတံခါးပွင့်ကာ ရှေ့ခန်းမှလွင့်ထွက်ကျသွားပြီး ဆင်ခြေလျှောအတိုင်းလိမ့်ဆင်းသွားလေ၏။

ရွှံ့နွံများထူထပ်သောမြေပေါ်သို့ မျက်နှာအပ်ကာ ကျသွားသည်ကိုသာ သူနောက်ဆုံးသတိရမိလေတော့သည်။

ပြင်းထန်သောနာကြင်မှုများနှင့်အတူ ရန်နောင်သည် ကမ္ဘာလောကကြီးနှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့လေ၏။

♛♛♛♛♛

# အပိုင်း – ၂

( ၁ )

တစ်ကိုယ်လုံးနာကြင်ကိုက်ခဲမှုများဖြင့် သူသတိပြန်ရလာလေသည်။

သတိရလာချိန်တွင် သူသည် မြေပေါ်၌ မှောက်ရက်လဲနေလေ၏။

သူက အားကုန်စိုက်ကာ ရုန်းကန်ထလိုက်သည်။

ပတ်ဝန်းကျင်တွင် မိုးမှုန်များက တဖွဲဖွဲကျဆင်းနေဆဲဖြစ်သည်။ သည်းသည်းမည်းမည်းကြီးတော့ ရွာမနေတော့ပါ။

ရန်နောင်သည် မြေကြီးပေါ်တွင် ယိုင်ထိုးကာ မတ်တပ်ရပ်လိုက်မိချိန်မှာပင် ကားမှောက်ခဲ့သည့်အဖြစ်ကို ပြန်သတိရလိုက်လေ၏။

ကား။ ငါစီးလာတဲ့ကား မှောက်သွားတာပါလား။ ချောက်ထဲကိုကျပြီးမှောက်သွားတယ်။ ပြီးတော့ ့ငါလည်း ကားပေါ်ကလွင့်စင်ကျသွားတယ်။

အားလုံးကိုပြန်သတိရလိုက်သောရန်နောင်သည် ထိတ်ကနဲ ဖြစ်သွား၏။ ပြီးမှ သူမသေသေးဘူးဆိုတာကိုသိလိုက်ပြီး စိတ်သက်သာရာရသွားသည်။

ပတ်ဝန်းကျင်တစ်ခုလုံးကား တိတ်ဆိတ်လျက်ရှိလေ၏။

သူသည် အားယူလှမ်းကာ ကမ္ဘားအထက်ကိုတက်လာခဲ့သည်။ သူ့ညာဖက်ခြေထောက်မှာ အတော်ပင်နာကြင်နေ၏။ လမ်းလျှောက်တာတောင် ညာခြေကိုညှာလျှောက်နေရ၍ ထော့နင်းထော့နင်းဖြစ်နေလေ သည်။

ကမ်းပါးထိပ်ကိုရောက်မှ သတိရကာ အောက်ဖက်ကိုပြန်ငုံ့ ကြည့်လိုက်သည်။

''အား ့''

သူ့နှုတ်မှ အလန့်တကြားအော်ဟစ်လိုက်သံထွက်ပေါ်လာကာ ကြောက်လန့်စရာမြင်ကွင်းကြောင့် မျက်နှာကို လက်ဖြင့်အုပ်ထားလိုက်မိသည်။

ကမ်းပါးအောက်တွင် လူအချို့အတုံးအရုံးလဲသေလျှက်ရှိကြသည်။ တစ်ချို့က သွေးသံရဲရဲ၊ အဖြူရောင်ဟိုင်းလပ်ကားလေး တစ်စီးက ဘီးငှဘီးလုံး မိုးပေါ်ထောင်ကာ ပက်လက်လန်နေလေသည်။

ပတ်ဝန်းကျင်တွင် အခြားဘာလှုပ်ရှားမှုကိုမှုမတွေ့ရ။ ကားပေါ်မှာပါလာတဲ့လူအားလုံး သေကုန်ကြပြီလားမသိပါ။

ရန်နောင်သည် ကြောက်လန့်တကြားဖြင့် ထိုနေရာမှ ထွက်လာခဲ့လိုက်သည်။

တောင်ကုန်းအထက်မှကြည့်လျှင် သူတို့မြို့ကလေးကို ခပ်လှမ်းလှမ်းမှာမြင်တွေ့နေရပါသည်။ မြို့ထဲမှမီးရောင်လက်လက်များကို လှမ်းမြင်နေရသည်။ ဤနေရာမှဆိုလျှင် မြို့ကို နှစ်မိုင်လောက်သာကွာဝေးပါတော့သည်။

ရန်နောင်သည် ကားတိုက်မှုဖြစ်စဉ်တွင် ပါဝင်သူများအတွက် စာနာထောက်ထားမှုမရှိလို့ ့ထိုနေရာက ကိုယ်လွတ်ရုန်းပြေးခဲ့ခြင်း မဟုတ်ပါ။ သူကိုယ်တိုင်လည်း ကိုယ့်ဒုက္ခနဲ့ကိုယ်မို့ မတတ်သာပဲထွက်ခွာ လာခဲ့ခြင်းဖြစ်သည်။ ပြီးတော့ ့သူမြင်လိုက်သမျှတွင် သူ့လိုသတိရနေသူတစ်ယောက်ကိုမှုမတွေ့ရ။ အားလုံးသေကုန်ပြီထင်ကာ အလောင်းတွေထပ်နေသောထိုနေရာမှာ ဆက်မနေရဲတော့၍ ထွက်လာခဲ့ခြင်းလည်း ဖြစ်သည်။

လမ်းတွင် စခန်းတစ်ခုခု (ရဲကင်းဖြစ်စေ၊ မြို့ဝင်ကြေးခွန် ကောက်ခံသည့်စခန်းဖြစ်စေ)တွေ့လျှင် ကားတိုက်မှုအကြောင်းကို ဝင်ပြီး သတင်းပေးခဲ့မည်ဟု သူက စိတ်ကူးလာခဲ့သည်။

မိုးကတော့ သည်းသည်းမည်းမည်းကြီးမဟုတ်သော်လည်း ဆက်ပြီးရွာနေဆဲဖြစ်သည်။ ရန်နောင်သည် တောင်ဆင်းလမ်းအတိုင်း လျှောက်လာခဲ့ရာ မြေပြန့်ဖြစ်သောကတ္တရာလမ်းမပေါ်ရောက်လာခဲ့သည်။ သူနှင့်မျက်နှာချင်းဆိုင်မှရော သူ့နောက်မှပါ မည်သည့်ကားတစ်စီးမျှ ဖြတ်မလာခဲ့ပါချေ။ တစ်လမ်းလုံးမှာ မိုးရေထဲတွင် တိတ်ဆိတ်မှောင် မည်းနေလေ၏။

သူက သတိရကာ ဘယ်အချိန်ရှိပြီလဲသိရစေရန် လက်ကနာရီကိုမြှောက်ကြည့်လိုက်သည်။ နာရီမှ မီးစုန်းဓာတ်ဝင်နေသော အမှတ် အသားလေးများက ၁၀နာရီ၂၀မိနစ်ကိုညွှန်ပြလျှက်ရှိ၏။

ဒါဆို ကားမှောက်ပြီး သူသတိလစ်သွားတာ တစ်နာရီလောက် ကြာသွားသည်ပဲ။ ကားသည် မြို့ကို ညကိုးနာရီအချိန်တွင် ပုံမှန်ဝင်ရမည်ဖြစ်သည်။ လမ်းတွင် မိုးမှောင်ကျကာ မိုးသည်းသဖြင့် ကိုးနာရီကျော်မှ ကိုးလောင်းတောင်ခြေကိုရောက်လာသည်။ ကိုး လောင်းတောင်ခြေအရောက်တွင် ကားမှောက်ခဲ့ခြင်းဖြစ်ပါသည်။

နာရီကိုမြင်မှပင် သူ့တွင် သူနှင့်အတူယူဆောင်လာသော အခြားပစ္စည်းများပါမလာတော့သည်ကို သတိရမိလေ၏။ သူ့ကိုယ်မှာ စလွယ်သိုင်းလာသောခရီးဆောင်သားရေအိတ်။ ပြီးတော့ အဖေ့အတွက်ဝယ်လာသော ပုဆိုးပါသည့် စက္ကူထုတ်ကလေး။ တစ်ခုမှပါမလာ တော့ပါ။ သွေးရူးသွေးတန်းနှင့် ကားတိုက်သောနေရာမှထွက်လာခဲ့ရာ ကိုယ့်ပစ္စည်းတွေကိုပြန်ရှာဖို့ပင် သတိမရမိတော့ချေ။

ရန်နောင်က နောက်ကြောင်းကိုပြန်လှည့်ကြည့်လိုက်သည်။

ကိုးလောင်းတောင်နှင့်အတော်လေးလှမ်းလာခဲ့ပြီ။ အိတ်တွေကို ပြန်ရှာဖို့ ထိုနေရာကို သူပြန်မသွားရဲတော့ပါ။ သေနေသော အလောင်းများပုံရိပ်ကိုပြန်မြင်ယောင်ရင်း သူခြောက်ခြားနေမိသည်။

သူက အင်္ကျီအိတ်ကပ်ထဲသို့လက်နှိုက်ကြည့်လိုက်သည်။ ခေါက်ချိုးပိုက်ဆံအိတ်ကလေးထွက်လာသည်။ ပိုက်ဆံအိတ်ထဲမှာ ငွေစက္ကူအတော်များများနှင့် သူ့မှတ်ပုံတင်ကတ်ပြားထွက်လာသည်။ ကိစ္စမရှိ။ ငွေနှင့်မှတ်ပုံတင်မပျောက်ရင် တော်ပြီ။ ကျန်ခဲ့တဲ့ပစ္စည်း တွေကိုတော့ နောက်မှ သက်ဆိုင်ရာဆီက ပြန်တောင်းလို့ရရင် တောင်းတော့မည်။ မရရင်လည်း မတတ်နိုင်တော့။

ရန်နောင်သည် စိတ်ကိုပိုင်းဖြတ်ကာ နောက်ကြောင်းပြန်မလှည့်တော့ပဲ မြို့ဆီသို့ဦးတည်ကာ ဆက်လျှောက်လာခဲ့လေသည်။ သူ့ခြေထောက်ဆီမှနာကြင်နေကာ လမ်းလျှောက်တိုင်း ထော့နဲ့ထော့နဲ့ဖြစ်နေလေ၏။

\+ + + + +

လမ်းလျှောက်လိုက် နားလိုက်ဖြင့် လျှောက်လာခဲ့ရာ အတန်ကြာသည့်အချိန်တွင် မြို့အဝင်နားသို့ရောက်လာခဲ့လေသည်။

ထိုအချိန်အထိ မည်သည့်ယာဉ်တစ်စီးကိုမျှ လမ်းပေါ်တွင် မတွေ့ရပါချေ။ ဒါလည်းသိပ်တော့မဆန်းပါ။ သူတို့မြို့ကလေးသည် ကားလမ်း၏လမ်းဆုံးမြို့ကလေးဖြစ်သည်။ သူစီးလာသောကားမှာ မြို့ကို နောက်ဆုံးဝင်သောကားဖြစ်သည်။ ညပိုင်းတွင် ကုန်တင်ကား တစ်ချို့သာ လမ်းပေါ်တွင်အသွားအလာရှိတော့၏။ ယနေ့ကတော့ မိုးသည်းနေသည်မို့ နောက်ကလိုက်လာသည့်ကုန်ကားလည်းမရှိ။ မြို့ကထွက်မည့် ကုန်ကားများလည်း မထွက်တော့ပဲ နားနေကြခြင်းဖြစ်ပေမည်။

ရန်နောင်သည် လျှောက်လိုက် နားလိုက်ဖြင့် လျှောက်လာခဲ့ရာ မြို့အဝင်နားအရောက်တွင် မြို့ဝင်ကြေးခွန်ကောက်ခံသည့် အဆောက်အဦးကလေးကိုတွေ့လိုက်ရလေသည်။ ဝါးကပ်မိုးပြီး ထရံကာထားသည့် သံစကာတပ်ထားသည့်ကောင်တာပါသော ဆယ်ပေ ပတ်လည်ဝါးတဲလေး ဖြစ်ပါသည်။ ဝါးတဲတွင် မီးလုံးတစ်လုံးသာ ထွန်းညှိထားသည်ကို တွေ့ရ၏။

ရန်နောင်က အခွန်ကောက်သည့်ဝါးတဲလေးဆီသို့လျှောက်သွားလိုက်သည်။

တဲလေးထဲတွင် လူတစ်ယောက်သာရှိနေသည်။ ထိုလူက သံစကာကောင်တာအတွင်းထဲတွင် စားပွဲပေါ်၌အိပ်ပျော်နေပါသည်။

ရန်နောင်က သံစကာကိုလက်ဖြင့်ပုတ်ကာ နှိုးလိုက်သည်။

''ဟေ့လူ ..ဟေ့လူ ..''

ရန်နောင်အတော်ကြာကြာခေါ်သော်လည်း ထိုသူက နိုးမလာခဲ့ပါချေ။ ညဆယ်နာရီကျော် မိုးတွေကလည်း ရွာနေတယ်ဆို တော့လည်း အိပ်ကောင်းကောင်းနှင့်စိတ်ချလက်ချအိပ်ပျော်နေပုံရပါသည်။ ရန်နောင်က ကားတိုက်မှုသတင်းကိုပေးရန် ထိုသူကို နှိုးနေခြင်းဖြစ်သည်။

နှိုးမရတော့လက်လျှော့လိုက်သည်။ အိပ်နေသူအဆင့်က အစောင့်အဆင့်ပဲရှိပါလိမ့်မည်။ ဒီလိုလူမျိုးကို ကားတိုက်မှုအကြောင်း ပြောသည့်တိုင် သူလည်း ဘာမျှကူညီပေးနိုင်မည်မထင်။

ရန်နောင်က တဲကလေးထဲက ဝါးတန်းလျားလေးတွင် ခဏနားပြီး ဆက်လျှောက်လာခဲ့လေသည်။ သူထွက်လာသည်အထိ မြို့ဝင်ကြေး အကောက်စခန်းမှလူမှာ နိုးမလာခဲ့ပါချေ။ တခေါခေါ ဟောက်သံထွက်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဆဲဖြစ်သည်။

♛♛♛♛♛

( ၂ )

သူသည် တရွေ့ရွေ့ဖြင့်လျှောက်လာခဲ့ရာ မြို့အဝင်လမ်းမထဲ သို့ရောက်လာခဲ့ပေပြီ။ မိုးက တဖွဲဖွဲကျဆင်းနေဆဲဖြစ်ပေရာ သူ့တစ်ကိုယ်လုံးလည်း မိုးရေများရွှဲစိုနေပေပြီ။

သူတို့အိမ်က မြို့အဝင်နားမှာပင်ရှိပါသည်။

ကန့်လန့်ဖြတ်စီးနေသောချောင်းတစ်ခုကိုကျော်သည့် ကွန်ကရစ်တံတားတစ်ခုကိုကျော်ပြီးလျှင် မြို့ထဲသို့တည့်တည့်ကြီးသွားသော ကတ္တရာလမ်း၏ဘယ်ဖက်ကိုချိုးကွေ့ဝင်ရသည်။ **ခြံသုံးခြံကိုကျော်လိုက်သည်နှင့်** သူတို့သားအဖနေသောအိမ်ကလေးဆီသို့ရောက်နိုင်ပါသည်။

ရန်နောင်သည် သူတို့အိမ်ရှိရာလမ်းထိပ်သို့ရောက်လာသည်။ ညမှောင်နေသည်ဆိုသော်လည်း ‌ မိုးရွာနေသည်ဆိုသော်လည်း ‌ ပတ်ဝန်းကျင်ကိုလုံးဝမမြင်ရတာမျိုးမဟုတ်သေးပါ။ လမ်းမီးရောင်၊ အိမ်မီးရောင်များဖြင့် လမ်းမတလျှောက်ကို ဝေဝေဝါးဝါးတော့ မြင်တွေ့နေနိုင်ပါသေးသည်။

ရန်နောင်သည် လမ်းထိပ်ကိုရောက်သည်နှင့် ပြောင်းလဲနေသော မြင်ကွင်းတချို့ကြောင့် တအံ့တသြဖြစ်သွားရလေသည်။

လမ်းထိပ်ကအိမ်ကြီး။ မြို့တွင်းလမ်းမကြီးနှင့်သူတို့အိမ်ရှိရာ လမ်းကလေးတို့ဒေါင့်တွင်ရှိသောအိမ်ကြီးကိုကြည့်၍ သူက အံ့သြနေမိသည်။ သူ ရန်ကုန်သွားတာ သုံးလထဲပဲကြာခဲ့ပါသည်။ လမ်းဒေါင့်က အိမ်ကြီးသည် တရုတ်မိသားစုနေသောအိမ်ကြီးဖြစ်သည်။ ညီအစ်မငါးယောက်လုံးအမျိုးသမီးဝတ်အင်္ကျီများချုပ်ကြသည်။ အိမ်မှာစက်ချုပ် သင်တန်းလည်းဖွင့်ထားသည်။ ညီအစ်မငါးယောက်ထဲက အငယ်ဆုံး **မရှုလွှမ်**မှာ ရန်နောင်နှင့်အတန်းတူ ရွယ်တူသူငယ်ချင်းများဖြစ်ကြသည်။ သူနှင့်မရှုလွှမ်တို့ ဒီနှစ်မှာ ဆယ်တန်းအတူအောင်ထားကြသည်။

မရှုလွှမ်တို့အိမ်ဘေး လမ်းဆုံထိပ်က အုတ်ခုံမှာ သူတို့ သူငယ်ချင်းတွေ ဂစ်တာထိုင်တီးနေကျဖြစ်သည်။

သူအံ့သြတာက ‌ သူမသွားခင် လွန်ခဲ့သောသုံးလက မရှုလွှမ်တို့အိမ်မှာ ပျဉ်ထောင်သွပ်မိုးနှစ်ထပ်အိမ်ကြီးသာဖြစ်သည်။ မွေးချင်းပေါက်ဖော်များသောတရုတ်မိသားစုဖြစ်သည့်အားလျော်စွာ လူများများနေနိုင်ရန်ဆောက်ထားသည့် နှစ်ဆောင်ပြိုင်အိမ်ကျယ်ကြီးဖြစ်သည်။ ယခု သူမြင်တွေ့နေရတာက သုံးထပ်ပတ်ကားတိုက်ကြီးတစ်လုံးဖြစ်နေပါသည်။ အိမ်ရှေ့တွင်လည်း ‘‘မိုးနတ်သူဇာ အမျိုးသမီးဝတ်အထည်ချုပ်လုပ်ငန်းနှင့် စက်ချုပ်သင်တန်း’’ဆိုသော ခေတ်မီလှပသည့်ဆိုင်းဘုတ်ကြီးကိုထောင်ထားသေးသည်။ မရှုလွှမ်တို့ ထီများပေါက်သွားလို့လား။

ပျဉ်ထောင်အိမ်က တိုက်အိမ်ဖြစ်သွားတာထက် ဤမျှကြီးမားသည့်တိုက်ကြီးကို သူမရှိသည့်သုံးလအတွင်း အပြီးဆောက်လိုက်တာကို သူက ပို၍အံ့သြနေပါသေးသည်။

ရန်နောင်က မရှုလွှမ်တို့ တိုက်အိမ်ကြီးကိုငေးမောရင်း လမ်းထဲသို့ချိုးကွေ့ဝင်လိုက်သည်။

လမ်းကြားထဲသို့ သူချိုးဝင်လိုက်သည်နှင့် ခွေးဟောင်သံ၊ ခွေးအူသံများ ဆူညံသွားလေတော့သည်။ ဘယ်ကြိုဘယ်ကြားက ထွက်လာမှန်းမသိသောခွေးများသည် သူ့ကိုဝိုင်းအုံကြည့်ကာ ဟောင်ကြ၊ ဆွဲဆွဲငင်ငင်အူကြနှင့် တစ်လမ်းလုံးဆူညံသွားလေ၏။

ခွေးများသည် သူလျှောက်သွားရာတလျှောက်သို့ နောက်မှ သံရှည်ဆွဲအူရင်းပါလာကြလေ၏။ သူက ခွေးများကိုဟန့်ရန်နောက်သို့ လှည့်ကြည့်လိုက်ရာ ခွေးတစ်အုပ်၏ဟောင်သံသည် ရုတ်တရက်ရပ်သွားပြီး အမြီးကုပ်ကာ နောက်ကြောင်းပြန်လှည့်ပြေးကြလေ၏။ သို့ရာတွင် သူနောက်ကျောခိုင်းလိုက်သည်နှင့် ခွေးတစ်အုပ်သည် နောက်မှလိုက်လာပြန်ကာ ဟောင်ကြ အူကြပြန်လေသည်။

မရှုလွှမ်တို့တိုက်ကိုကျော်အပြီး နောက်တစ်ခြံမှာ ‌ **ရှေ့နေလင်မယား**ခြံဖြစ်ပါသည်။ လင်မယားနှစ်ယောက်စလုံး ရှေ့နေများဖြစ်သည်။ အဘိုးကြီးအဘွားကြီး အိပ်ပျော်နေကြပြီထင်ပါသည်။ မီးများပိတ်၍ တစ်ခြံလုံးမှောင်မည်းနေသည်။

ထိုခြံမှကျော်လျှင် **ကရင်မိသားစုခြံ**။ စစ်ပြန်အငြိမ်းစား ကရင်လူမျိုး **စောဝေမိုးနှင့်နော်ပပ**တို့နေသည့်ခြံ။ စောဝေမိုးနှင့်နော်ပပတို့မှာ **နော်ရင်မွှေး**ဆိုသည့်အသက်ဆယ်နှစ်အရွယ်ခန့် သမီးလေးတစ်ယောက်ပဲရှိသည်။ ကရင်မိသားစုခြံကိုလွန်လျှင် သူတို့သားအဖနေသောအိမ်ကလေးရှိသည့် ခြံဝင်းကိုရောက်ပါပြီ။

စစ်ပြန်ကြီးစောဝေမိုးတို့ခြံထဲမှာတော့ အိမ်ရှေ့ဆင်ဝင်တွင် ၆၀ဝပ်အား မီးတစ်ပွင့်ထွန်းထားသည်ကို မြင်ရသည်။ ခွေးများက သူ့နောက်ကို လိုက်လာနေကြဆဲ။ ပို၍ပင် ကျယ်လောင်စွာဖြင့် သဲသဲမဲမဲ ဟောင်နေကြသေးသည်။

ဦးစောဝေမိုးတို့ခြံရှေ့အရောက်တွင် အိမ်ပေါ်ထပ်မှပြတင်းတံခါး တစ်ချပ်ပွင့်လာသည်ကို မြင်လိုက်ရသည်။ ပြတင်းပေါက်မှာ ယောကျာ်းတစ်ယောက်ပုံရိပ်ထင်လာသည်။ ခွေးဟောင်သံများကြောင့် တံခါးဖွင့်ကြည့်သည်ထင်ပါသည်။ ထိုလူက ပြတင်းပေါက်တွင် ရပ်ရင်း သူ့ကိုကြည့်နေလေ၏။

ကရင်ခြံကိုကျော်ပြီးနောက် လေးခုမြောက်ခြံမှာ သူတို့ခြံဖြစ်ပါသည်။

ချောင်းနံဘေးလမ်းမပေါ်မှအိမ်တန်းဖြစ်၍ သူတို့အိမ်များနှင့် မျက်နှာချင်းဆိုင်တွင် အိမ်များမရှိပါ။ ချောင်းသာလျှင်ရှိသည်။

ရန်နောင် သူတို့ခြံရှေ့ရောက်သည်အထိ ခွေးများက နောက်မှဟောင်ရင်း အူရင်းပါလာဆဲ။

ရန်နောင်သည် ခြံရှေ့အရောက်တွင် ခြံတံခါးကိုချိတ်ထားသော သံကွင်းလေးကိုဖြုတ်လိုက်၏။ ခြံထဲသို့လှမ်းဝင်လိုက်သည်။

ခြံထဲကိုခြေချလိုက်သည်နှင့် သူအံ့သြသွားရပြန်သည်။ ခြံဝင်းတစ်ခုလုံးအပြည့် မြက်ပင်၊ ပေါင်းပင်များထူထပ်လို့ပါလား။ မြက်ပင်များမှာ သူ့ဒူးဆစ်ထက်ပင်ကျော်လွန်နေသည်။ ခြံအဝမှ အိမ်ကလေးဆီ လျှောက်သွားသည့်လမ်းတလျှောက်မှာပင် မြက်ပင်များ ဖုံးလွှမ်းနေပါ၏။

သူမရှိတဲ့သုံးလအတွင်းမှာ အဖေမြက်တွေကို မခုတ်ဘူး ထင်ပါရဲ့။ အင်းလေ ့သူရှိတုံးကလည်း သူပဲလုပ်ရတာမဟုတ်လား။ ဘာပဲဖြစ်ဖြစ် အဖေ့အနေနဲ့ ကိုယ်တိုင်မလုပ်ချင်တောင် မြက်ပင်တွေကို ဒီလောက်ထိရှည်အောင်ထားဖို့မကောင်း။ ပိုက်ဆံပေးပြီး တစ်ယောက်ယောက်ကိုငှားပြီးရှင်းခိုင်းဖို့ကောင်းပါသည်။

ရန်နောင်က သက်ပြင်းကိုချလိုက်သည်။ အဖေ့အတွက်လည်း စိတ်မောသွားမိသည်။ အဖေတစ်ယောက် သူမရှိတဲ့သုံးလအတွင်းမှာ အရက်ချည်းသောက်နေတယ်ထင်ပါရဲ့။ ဟန့်တားမယ့်သူ၊ သတိပေးမယ့်သူမရှိတိုင်း အဖေလွတ်ချင်တိုင်းလွတ်နေပြီထင်ပါသည်။

အိမ်ကိုရော အချိန်မှန်ပြန်လာရဲ့လားမသိ။

ခြံအဝဆီက အိမ်အထိလျှောက်လာလိုက်ရာ အိမ်ကလေးရှေ့အရောက်တွင် ရန်နောင် မောသွားရပြန်ပါသည်။

အိမ်တံခါးကို သော့ခတ်ထားပါကလား။

ဒီနေ့ဒီရက် သူပြန်လာပါမယ်လို့စာကြိုရေးထားရက်နဲ့ အဖေ စောင့်မနေပြန်။ ဘယ်အပေါင်းအသင်းအိမ်မှာများမူးပြီးအိပ်ပျော်နေပြန်ပြီမသိ။ ဒါမှမဟုတ် သူရေးလိုက်တဲ့စာကို မရလို့များလား။

ရန်နောင်က အိမ်နောက်ဖက်ကိုပတ်သွားကာ မီးဖိုခန်းနောက်ဖက်အထိ ပတ်ဝင်လိုက်သည်။

သူတို့အိမ်ကလေးမှာ ခြံဝင်း၏အလည်တည့်တည့်တွင် ဆောက်ထားသော ခြေတံရှည်တစ်ထပ်အိမ်ကလေးဖြစ်ပါသည်။ ပျဉ်ကာသွပ်မိုးအိမ်ကလေးဖြစ်ပါသည်။ သူတို့သားအဖနှစ်ယောက်တည်းအတွက် ကျယ်ဝန်းစွာနေနိုင်သောအိမ်ကလေးလည်းဖြစ်ပါသည်။

အိမ်တွင် အဖေရယ် သူရယ် ယောကျာ်းသားနှစ်ယောက်သာ နေသည့်အတွက် အချိန်များစွာမှာ အိမ်၌လူရှိမနေတတ်။ သူက လမ်းထဲကအပေါင်းအသင်းများနှင့်လမ်းထိပ်အုတ်ခုံမှာ ဂစ်တာထွက်တီးနေတတ်သလို၊ အဖေကလည်း ရုံးကအပြန်မှာ အရက်ဆိုင်ဝင်၊ အရက်သောက်နှင့် အပြန်မိုးချုပ်တတ်သည်။

ထိုအခါများတွင် အိမ်ကိုသော့ခတ်ထားခဲ့ရသည်။

အိမ်သော့ကိုတော့ သားအဖနှစ်ယောက်စလုံးက ကိုယ်နှင့်အတူ ယူမသွားတတ်ကြပါ။

သော့တံကို မီးဖိုခန်းထုတ်တန်းမှာရိုက်ထားသောသံတွင် ချိတ်ထားခဲ့နေကျဖြစ်သည်။ အပြင်ထွက်လို့သော့ခတ်လျှင် သော့ အိမ်ကိုချည်းယူကာ အပြင်မှ ခလုတ်နှိပ်သော့ခတ်သည်။

အိမ်အပြန်သော့ဖွင့်ဝင်စရာလိုမှ နောက်ဖေးဖက်မီးဖိုအထိ ပတ်ဝင်ကာ ထုတ်တန်းပေါ်လက်ကျော်နှိုက်ပြီး သော့တံကိုယူသည်။ ပြီးမှ အိမ်ရှေ့ကိုပြန်လာကာ သော့ကိုဖွင့်သည်။ တံခါးဖွင့်ပြီးလျှင်လည်း သော့တံကို မီးဖိုခန်းထုတ်တန်းမှာ ပြန်ချိတ်ထားတတ်ပါသည်။

သူတို့သားအဖ အပြင်ထွက်လျှင် ဘယ်တော့မှသော့မယူ။ အပြင်ကပြန်လာမှသာ မီးဖိုခန်းထဲကသော့ကိုယူပြီးဖွင့်လေ့ရှိတာ ထုံးစံ ဖြစ်နေပါပြီ။ သော့ထားတဲ့နေရာကို သားအဖနှစ်ယောက်သာသိသည်မို့ အဆင်ပြေနေပေသည်။

ရန်နောင်က သော့ထားနေကျနေရာဖြစ်သော မီးဖိုခန်းဆီသို့ လာခဲ့ခြင်းဖြစ်သည်။ မီးဖိုခန်းနောက်ဖက်ကထုတ်တန်းကိုကျော်ကာ လက်ဖြင့်လှို၍ စမ်းကြည့်လိုက်သည်။

တွေ့ပါပြီ။ လေးထောင့်ပလတ်စတစ်သော့ချိတ်ကလေးဖြင့် တွဲထားသော သော့ချောင်းကလေး။

ရန်နောင်က သော့ချောင်းကလေးကို အောက်ကျမသွားစေရန် သေချာယူလိုက်သည်။

သော့တံကိုယူကာ အိမ်ရှေ့ကိုပြန်လာသည်။

အိမ်ရှေ့ကိုပြန်လာရင်းမှ သူတို့ခြံ၏ခေါင်းရင်းဖက်ရှိခြံကို မျက်စိကစားလိုက်မိသည်။ ခေါင်းရင်းဖက်ခြံမှာ သူငယ်ချင်း**စည်သူမောင်**တို့ တိုက်ရှိသည့်ခြံဖြစ်သည်။ စည်သူမောင့်အဖေက ဘဏ်မန်နေဂျာ **ဦးချစ်မြိုင်**ဖြစ်သည်။။ တစ်နယ်တစ်ကျေးမှပြောင်းလာပြီး တာဝန်ရှိသည့် ကာလအတွင်းသာ နေထိုင်သူဝန်ထမ်းများဖြစ်၍ အိမ်အငှားဖြင့် နေထိုင်ကြသူများဖြစ်သည်။ ခေါင်းရင်းဖက်ခြံက တိုက်အိမ်ကြီးကို ငှားနေကြသည်။

စည်သူမောင်တို့ ဒီမြို့ရောက်တာ ၂နှစ်ရှိပြီ။ သူတို့ကိုးတန်းနှစ်ကရောက်လာခြင်းဖြစ်သည်။ စည်သူမောင်နှင့်ရန်နောင်က ဂစ်တာတီးဖော်တီးဖက်သူငယ်ချင်းများဖြစ်၏။ သူ ရန်ကုန်သွားအလုပ်လုပ်နေတဲ့သုံးလအတွင်းမှာ ဂစ်တာတစ်ခါမှမတီးခဲ့ရ။ မနက်ဖန်ကျမှ စည်သူမောင့်ကိုခေါ်ပြီး မရှုလွမ်တို့အိမ်ထိပ်ကအုတ်ခုံမှာ ဂစ်တာတီးရဦးမည်။

အခုတော့ စည်သူမောင်တို့မိသားစုလည်း မိုးအေးအေးတွင် အိပ်မောကျနေကြတယ်ထင်ပါရဲ့။ အိမ်ရှေ့မီးလုံးလေးသာထွန်းထားကာ တစ်အိမ်လုံးမှောင်မည်းနေပါ၏။

ရန်နောင်က အိမ်ရှေ့သို့ပြန်လျှောက်လာခဲ့သည်။

သူ့နောက်ကိုလိုက်လာသောခွေးများက ယခုအချိန်ထိဟောင်နေဆဲ။ ခွေးများသည် အိမ်ထဲအထိတော့ လိုက်မလာကြ။ ခြံအပြင်မှနေ၍ စူးစူးဝါးဝါးထိုးဟောင်ကြ အူနေကြဆဲဖြစ်သည်။

ရန်နောင်က ခြေတံရှည်အိမ်ကလေးပေါ်သို့ ငါးထစ်သောလှေကားပေါ်မှနင်းတက်လိုက်သည်။ တတိယမြောက်လှေကားထစ်တွင် လှေကားသစ်သားပြားက တလှုပ်လှုပ်ဖြင့် ခပ်နဲ့နဲ့ဖြစ်နေတာကို သတိထားလိုက်မိ၏။ သူကိုယ်တိုင်ကလည်း ခြေထောက်နာနေသည်မို့ လှေကားလက်ရမ်းကိုအားပြုတက်လိုက်ရလေသည်။

လှေကားသစ်သားပြားချောင်နေခြင်းမှာ သံများကျွတ်ထွက်နေလို့ဖြစ်မည်။ ပြင်ရဦးမည်ဟု စိတ်ထဲမှာတေးထားလိုက်၏။

သူက အိမ်ရှေ့တံခါးကိုသော့တံဖြင့်ထိုးဖွင့်လိုက်သည်။ သော့အိမ်ထဲတွင်ကြပ်နေသောကြောင့် အတန်ကြာဖွင့်မှပင် သော့ပွင့်သွားလေ၏။ သော့အိမ်ပေါက်ထဲမှ သံချေးမှုန့်များထွက်ကျလာသည်ကိုကြည့်၍ သူက အံ့သြသွားလေသည်။ သော့က မသုံးပဲပစ်ထားတာကြာတဲ့သော့လိုဖြစ်နေပါလား။

သူက သော့ကိုချိတ်မှဖြုတ်ကာ အိမ်ထဲသို့လှမ်းဝင်လိုက်သည်။

အိမ်ထဲအရောက်တွင် မီးခလုတ်ရှိရာသို့ စမ်းတဝါးဝါးဖြင့်သွားလိုက်သည်။ မီးခလုတ်ကိုစမ်းဖွင့်လိုက်၍ မီးလင်းသွားသည့်အခါ ရန်နောင် အံ့သြသွားရပြန်လေသည်။

လင်းလာသောမီးက လေးဆယ်ဝပ်အားမီးလုံးရောင်ခပ်မှိန်မှိန်သာ။ ဧည့်ခန်းမီးကို လေးပေးမီးချောင်းတပ်ထားသည့်အတွက် အမြဲတစေလင်းထိန်နေကျပါ။ မီးချောင်းကြီးဘယ်ရောက်သွားပါလိမ့်။ ကျွမ်းသွားလို့ မီးလုံးနဲ့လဲတပ်ထားတာထင်သည်။ အဖေဟာ သူအိမ်မှာမရှိတာနဲ့ဖြစ်သလိုနေနေတာပါပဲလား။

ရန်နောင်က အိမ်ဧည့်ခန်း၏အသွင်အပြင်ကိုမြင်လိုက်သည်တွင် နှာခေါင်းရှုံ့လိုက်မိပြန်၏။

အိမ်ရှေ့ခန်းကြမ်းပြင်တစ်ခုလုံး ဖုံများထုတက်နေသည်။ ဒါ့အပြင် အခန်းတစ်ခုလုံးတွင် ပင့်ကူမျှင်များယှက်သန်းနေသည်။ ဧည့်ခန်းကြမ်းပြင်မှာခင်းတဲ့သင်ဖြူးဖျာမှာလည်း အလိပ်လိုက်လဲကျနေ၏။ ဖျာလိပ်ထဲမှကြွက်တစ်ကောင်ပြေးထွက်သွားတာကိုလည်း မြင်လိုက်ရသည်။

သူမရှိတဲ့အချိန်မှာ အဖေ အိမ်ကိုပြန်တောင်ပြန်လာရဲ့လား မသိပါ။

ရန်နောင်က သက်ပြင်းကိုချရင်း သူအိပ်နေကျအိပ်ခန်းထဲကို လှမ်းဝင်လိုက်၏။

''ဟင် . ''

ရန်နောင်စိတ်ပျက်သွားပြန်သည်။

သူ့ရဲ့တစ်ယောက်အိပ်ကုတင်လေးပေါ်မှာ ဖုန်မှုန့်တွေဖွေးနေသည်။ ကုတင်ပေါ်ခင်းသောသင်ဖြူးဖျာလေးကိုလည်း လိပ်၍ ခေါင်းရင်း မှာချထားတာတွေ့ရသည်။ အင်းလေ ့သူသုံးလလုံးလုံးမအိပ်တော့လည်း အဖေက အိပ်ရာကိုသိမ်းထားတာဖြစ်မှာပေါ့။

ရန်နောင်သည် အရာရာကိုသပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်မနေနိုင်တော့ပါ။ သူ့ခြေထောက်က တော်တော်နာနေပြီ။ သူက လိပ်ထားသောသင်ဖြူးဖျာကိုဖြည်ကာ ဖျာနှင့်ပင် ကုတင်ပေါ်မှဖုန်များကိုရိုက်ချလိုက်သည်။

ပြီးတော့ ့ဘီရိုကိုဖွင့်ကြည့်လိုက်သည်။ ဘီရိုထဲမှာ သူ့အဝတ်အစားအချို့နှင့် အိပ်ရာခင်း၊ စောင်၊ ခေါင်းအုံး၊ ခြင်ထောင် များကို တွေ့ရသည်။

သူက အိပ်ရာခင်းနှင့် စောင်၊ ခေါင်းအုံးများကို ကုတင်ပေါ် ပစ်တင်လိုက်သည်။ ခြင်ထောင်ကိုတော့ ထောင်မနေနိုင်တော့ပါ။ သူလည်း အတော်ပင်ပန်းနေပြီ။ အိပ်ချင်နေပြီ။

ရန်နောင်သည် အိပ်ရာခင်းကိုပင်မခင်းတော့ပဲ သင်ဖြူးပေါ်မှာပင်လှဲချလိုက်သည်။ ခေါင်းအုံးနှင့်ခေါင်းတွေ့သည်နှင့် သူ့မျက်လုံး များက ငိုက်ကျလာကာ တခဏအတွင်းမှာပင် နှစ်နှစ်ချိုက်ချိုက်အိပ်ပျော်သွားလေ၏။

သူ့နောက်လိုက်လာကာ ထိုးဟောင်နေသောခွေးများက ယခုထိ အိမ်ရှေ့မှာ ဟောင်နေကြဆဲ ့အူနေကြဆဲ ့

♛♛♛♛♛

( ၃ )

နောက်တစ်နေ့မနက်။

ရန်နောင်တို့အိမ်ခြေရင်းဖက်ရှိအိမ်မှအိမ်ရှင်မသည် ဈေးသွားရန်ပြင်ဆင်နေသည်။

သူမခင်ပွန်းထွက်လာကာ **နော်ရင်မွှေး**ကိုပြောလိုက်သည်။

''ရင်မွှေး ့နင်ဈေးသွားမလို့လား''

''အင်း ့ရှင်ကလည်း အိပ်ရာထနောက်ကျလိုက်တာ၊ သမီးလေးနိုးလာရင် မျက်နှာသစ်ပေးပြီး ကော်ဖီဖျော်တိုက်ထားနှင့်နော်၊ ကျွန်မ ဈေးကကောက်ညှင်းပေါင်းဝယ်လာမယ်လို့ပြောလိုက်''

နော်ရင်မွှေးက ဈေးခြင်းတောင်းကိုလက်တွင်ချိတ်ကာ အိမ်မှ ထွက်ဟန်ပြင်ရင်း ပြောလိုက်သည်။

''ငါအိပ်ရာထနောက်ကျတာ ညက အိပ်ရေးပျက်လို့ဟ၊ ညက ခွေးတွေတအားဟောင်တာ နင်မကြားဘူးမဟုတ်လား၊ နင်တို့သားအမိကတော့ အိပ်လိုက်တာသိုးလို့၊ ငါ့မှာ ခွေးဟောင်သံတွေကြောင့်ထကြည့်ရသေးတယ်''

''ဟင် ့ညက မိုးအေးအေးနဲ့ဆိုတော့ အိပ်ပျော်သွားတာပဲ၊ ခွေးဟောင်သံမကြားမိဘူးကိုမျိုးနိုင်''

''ငါတံခါးဖွင့်ကြည့်တော့ ခွေးတွေက လူတစ်ယောက်နောက်ကိုလိုက်ဟောင်နေတာ၊ အဲဒီလူက ငါတို့ခေါင်းရင်းက ခြံထဲကို ဝင်သွားတယ်ရင်မွှေး''

''ဟင် ့မဖြစ်နိုင်တာကိုမျိုးနိုင်၊ ဟိုဖက်ခြံမှာ လူမနေတာကြာပြီပဲဟာကို၊ ရောင်းဖို့ကြေငြာထားတာလည်း ဝယ်မယ့်သူ မပေါ်သေးဘူးလေ''

''အဲဒါတော့ ငါမသိဘူး၊ လူတစ်ယောက် အဲဒီခြံထဲဝင်သွားတာတော့သေချာတယ်''

''ဒုက္ခပဲ၊ လူမနေတဲ့အိမ်မှာ လူဆိုးသူခိုးတွေခိုအောင်းနေပါဦးမယ်တော်၊ ရှင် သေချာစောင့်ကြည့်ဦး၊ ရပ်ကွက်ရုံးကို အကြောင်း ကြားသင့်ကြားထားမှ''

''အေးပါ ့ဒါနဲ့ ့နင် ဒီမနက်ဆေးရုံမသွားရဘူးလား''

''ဒီနေ့ ကျွန်မဂျူတီ ညနေပိုင်းမှ၊ လေးနာရီမှ ဂျူတီဝင်ရမှာ''

နော်ရင်မွှေးမှာ ဆေးရုံကြီးမှ ထမ်းအပြာဝတ် အထက်တန်းသူနာပြုဆရာမတစ်ယောက်ဖြစ်ပါသည်။

နော်ရင်မွှေးသည် သမီးနိုးလာရင် ကော်ဖီဖျော်တိုက်ထားဖို့ ခင်ပွန်းဖြစ်သူကိုမျိုးနိုင်ကိုထပ်မှာပြီး ဈေးသို့ထွက်လာခဲ့သည်။

ဈေးအလာလမ်းတွင် ခေါင်းရင်းဖက်မှ ခြံရှေ့ကိုဖြတ်သွားရသည်။ ကိုမျိုးနိုင်ပြောလိုက်တာကို သတိရပြီး ထိုခြံထဲသို့လှည့်ကြည့် လိုက်မိသေးသည်။ ဘာမျှ ထူးထူးခြားခြားမတွေ့ရပါ။ ကိုမျိုးနိုင်က သူမနှင့် အိမ်ထောင်ကျပြီးမှ ဒီအပိုင်းကိုရောက်လာခြင်းဖြစ်သဖြင့်

ဒီအိမ်ရဲ့နောက်ကြောင်းရာဇဝင်ကိုမသိပါ။ နော်ရင်မွေးကတော့ သူမငယ်စဉ်က ကြုံတွေ့ခဲ့ဖူးသည့်ထိုအိမ်မှ ရင်နင့်ဖွယ်ဖြစ်ရပ်ကို မေ့လို့မရသေးပါ။ သူမအသက် ၁၀နှစ်လောက်ကအဖြစ်ဆိုတော့ နှစ်ပေါင်း၂၀လောက်ပင်ရှိပေပြီ။

နော်ရင်မွေးက ခေါင်းရင်းအိမ်ကသားအဖအဖြစ်ကိုပြန်သတိရရင်း သက်ပြင်းချလိုက်မိလေသည်။

ဆက်လျှောက်လာခဲ့ရာ ရှေ့အိမ်ထဲမှထွက်လာသော ဘဏ်မန်နေဂျာကတော် ဒေါ်မြသီတာနှင့်ဆုံလိုက်ရလေသည်။

''ဟော ့ဒေါ်မြသီတာ၊ ဈေးသွားမလို့လား''

''ဟုတ်ကဲ့ဆရာမ၊ ဆရာမလည်း ဈေးပဲလား''

''ဟုတ်တယ်၊ ဒီနေ့ ညနေမှဂျူတီဝင်ရမှာမို့ ဈေးသွားနိုင်တာလေ၊ နို့မို့ ကျွန်မမှာ ညနေဆေးရုံကပြန်မှ ညဈေးကို စက်ဘီးနဲ့အမြန်ပြေးရတယ်ဒေါ်မြသီတာရေ''

''ဝန်ထမ်းဆိုတော့လည်း ဒီလိုပါပဲဆရာမရယ်''

ဒေါ်မြသီတာယောကျ်ား ဘဏ်မန်နေဂျာဦးတင်မောင်ကြည် ဒီမြို့ကိုပြောင်းလာတာ မကြာသေး။ တစ်ပတ်ဆယ်ရက်လောက်ပဲရှိသေးသည်။ ဘဏ်မန်နေဂျာတွေအစဉ်အဆက်ငှားနေခဲ့သည့် ဒီလမ်းထဲက နှစ်ထပ်တိုက်ကြီးမှာပင် ငှားနေကြသည်။ မြို့ကိုရောက်ပြီး သုံးရက်ခန့်အကြာတွင် မန်နေဂျာကတော်ဒေါ်မြသီတာက အိမ်နီးချင်းများကိုဖိတ်ကြားကာ လက်ဖက်ရည်ဝိုင်းဖြင့်ညှိခံရင်း မိတ်ဆက်ခဲ့သောကြောင့် အချိန်တိုတိုအတွင်း တစ်လမ်းလုံးနှင့်ရင်းနှီးနေကြခြင်းဖြစ်သည်။

နော်ရင်မွေးနှင့်ဒေါ်မြသီတာတို့ စကားတပြောပြောနှင့် ဈေးဖက်သို့လျှောက်လာခဲ့ကြသည်။

''ဆရာမရယ် ့ညက ခွေးတွေဟောင်လိုက်တာ''

''ဟင် ့''

ဒေါ်မြသီတာစကားကြောင့် နော်ရင်မွေးက ကိုမျိုးနိုင်ပြောခဲ့သောစကားကို သတိရသွားသည်။

''ခွေးတွေဟောင်တာ တော်တော်နဲ့မရပ်ဘူး၊ ကြာတော့ စိတ်တောင်ချောက်ခြားလာတယ်ဆရာမ၊ ကျွန်မစိတ်ထင်တော့ ကျွန်မတို့ ခြေရင်းကခြံထဲကို ဝိုင်းဟောင်နေတယ်ထင်တာပဲ၊ ထလည်းမကြည့်ရဲဘူး''

''ရပ်ကွက်ကင်းတဲကတော့ လမ်းတောင်ဖက်ထိပ်မှာရှိပါတယ်၊ စိတ်မပူပါနဲ့ဒေါ်မြသီတာ၊ ကျွန်မတို့ရပ်ကွက်က အေးပါတယ်၊ သူခိုးသူဝှက်လည်း ပူစရာမလိုပါဘူး''

ဒေါ်မြသီတာစိတ်အေးစေရန်ပြောလိုက်သော်လည်း နော်ရင်မွေးစိတ်ထဲမှာ ဟိုဖက်ခြံကြီးနှင့်ပတ်သက်၍စိတ်ထဲ၌ ထင့်သွားမိသည်။ ကိုမျိုးနိုင်ကလည်း လူဝင်သွားတာမြင်တယ်လို့ပြောထားသည်။ ဒေါ်မြသီတာကလည်း ခွေးဟောင်သံကြားရတယ်ထပ်ပြောနေ၍ စိတ်ပူသွားရ၏။

သူနာပြုဆရာမနော်ရင်မွေးစိတ်ထဲတွင် လူမနေသောအိမ်ထဲတွင် မသမာသူများပုန်းခိုကာ မကောင်းမှုဒုစရိုက်လုပ်မည်ကို စိုးရိမ်မိ ခင်းဖြစ်သည်။ သာမန်မျှသာ စိုးရိမ်စိတ်ဖြစ်ပေါ်မိခြင်းဖြစ်ပါသည်။

ထိုစဉ်ကတော့ ့နော်ရင်မွေးသည် ဟိုဖက်ခြံထဲတွင် လွန်ခဲ့သောနှစ်၂၀ကဖြစ်ရပ်များ၏ ကြောက်မက်ဖွယ်နောက်ဆက်တွဲဂယက်များ မကြာမီဖြစ်ပေါ်လာတော့မှာကို မတွေးတတ်ခဲ့ပေ။

♛♛♛♛♛

( ၄ )

သူသည် နေမြင့်မှပင်အိပ်ရာမှနိုးလာခဲ့၏။

နိုးလာလာချင်း သူ့ခြေထောက်ဆီမှ နာကြင်မှုကိုခံစားရသည်။

တစ်ဆက်တည်းပင် ညက သူကြုံတွေ့ခဲ့ရသောအဖြစ်များကို ပြန်သတိရလိုက်သည်။

သူက အိပ်ရာပေါ်မှလူးလဲထလိုက်လေသည်။

သူ့မျက်နှာပေါ်ကို နေရောင်ထိုးကျနေ၍ သူနိုးလာခြင်းဖြစ်သည်။

နေရောင်ဝင်လာသည့်နေရာကိုကြည့်လိုက်တော့ အိမ်နံရံသစ်သားချောင်းတစ်ချပ်ပြုတ်ကျကာ ထိုအပေါက်မှဝင်လာတာကို တွေ့လိုက်ရသည်။

ရန်နောင်က လက်မှနာရီကိုကြည့်လိုက်သည်။ ၈နာရီ။

ညက အဖေလုံးဝပြန်မလာပါလား။

ရန်နောင်က သူပြန်လာမယ်ကြိုပြောထားရက်နဲ့ အိမ်ပြန်မအိပ်တဲ့အဖေ့ကို နားမလည်နိုင်အောင်ဖြစ်နေမိသည်။

လောလောဆယ် သူဆာလောင်နေသည်။ ပြီးတော့ သူ့တစ်ကိုယ်လုံးလည်း နံစော်နေပါသည်။ ညက ကားတိုက်မှုဖြစ်အပြီး ရွှံ့ဗွက်ထဲမှ ထလာသည့်အတိုင်း အဝတ်မလဲပဲ အိပ်ပစ်လိုက်ခြင်းဖြစ်သည်။ သူ့ကိုယ်မှာ ရွှံ့နံ့၊ ချွေးနံ့များဖြင့် နံစော်နေ၏။

ရန်နောင်က ဘီရိုကိုဖွင့်လိုက်သည်။ သူချန်ထားခဲ့သောအဝတ်အစားအနည်းငယ်ကိုတွေ့ရသည်။ ဘီရိုထဲက ပရုတ်လုံးနံ့များ သင်းကနဲ ပျံ့ထွက်လာ၏။

ရန်နောင်ကအင်္ကျီကိုချွတ်ပစ်လိုက်သည်။ ဝတ်ထားသော ဂျင်းဘောင်းဘီကိုလည်း ချွတ်ပစ်လိုက်ကာ ပုဆိုးအဟောင်းတစ်ထည် နှင့် လဲဝတ်လိုက်သည်။

ဘောင်းဘီကိုဆွဲအချွတ် ခြေထောက်ဆီမှနာသွားပြန်သဖြင့် ငုံကြည့်လိုက်ရာ ့ခြေသလုံးမှာ ယောင်ကိုင်းနေသည်ကိုတွေ့ရ သည်။

သူက ရေချိုးရန် အိပ်ခန်းထဲမှထွက်လာခဲ့သည်။

အိမ်တစ်ခုလုံး ဖုန်များထုတက်နေတာကိုတွေ့ရ၏။ သန့်ရှင်းရေး လုပ်ဦးမှပါ။ လောလောဆယ် လန်းသွားအောင် ရေချိုးမှ ဖြစ်မည်။

ရန်နောင်သည် နောက်ဖေးတံခါးကိုဖွင့်ကာ အပြင်ထွက်လိုက်သည်။ တံစက်မြိတ်အောက်မှာချထားသောစည်ပိုင်းထဲတွင် ရေတွေအပြည့်တွေ့လိုက်ရသည်။ ညကမိုးရွာထားသောကြောင့် ပြည့်နေသောမိုးရေများဖြစ်၏။

သူက ရေခွက်ကိုရှာရာ ရှာမတွေ့။

ရေစည်ပိုင်းဘေးတွင် ပလတ်စတစ်ခြင်းကလေးဖြင့်ထည့်ထားနေကျ သွားတိုက်ဆေးနှင့်သွားပွတ်တံများကိုလည်း မတွေ့ရပါ။

အိမ်ပေါ်ပြန်တက်ပြီး မီးဖိုခန်းထဲဝင်ရှာမှ ကြောင်အိမ်ပေါ်မှာ မှောက်တင်ထားသော ဒန်ရေခွက်ကို တွေ့လိုက်ရသည်။ ကြောင် အိမ်တစ်ခုလုံးနှင့်ရေခွက်မှာလည်း ဖုန်များတင်နေပါသည်။

ရန်နောင်က သွားတိုက်ရန်အတွက် ဆားကိုရှာရပြန်သည်။

မီးဖိုခန်းထဲမှာ မီးဖိုခန်းပစ္စည်းအသုံးအဆောင်တစ်ခုမျှမတွေ့ပဲ ရှင်းလင်းနေပါသည်။

ရန်နောင်က ကြောင်အိမ်ကိုဖွင့်ကြည့်လိုက်၏။ ဒန်အိုးများအားလုံးကို ကြောင်အိမ်ထဲတွင်မှောက်၍စီထားသည်ကိုတွေ့လိုက်ရ သည်။ ဆားထည့်သည့်ခွက်ကိုလည်း ဆေးကြောပြီး မှောက်ထားတာတွေ့ရပါသည်။ ဆီပုလင်းခွံ၊ ငံပြာရည်ပုလင်းခွံများလည်း တွေ့ရ သည်။

အဖေ အိမ်မှာထမင်းဟင်းချက်ပြုတ်မစားပဲ အပြင်မှာပဲစားနေပုံရပါသည်။ အိုးခွက်တွေဆေးကြောထားဖော်ရတာ တော်သေး တယ်လို့ပင် ပြောရဦးမည်။

လောလောဆယ်တော့ သူ့မှာ သွားတိုက်စရာ ဆားလေးတစ်ပွင့်ပင်ရှိမနေချေ။

မတတ်နိုင်တော့ပါ။ သွားကိုလက်ညှိုးဖြင့်ပင်ပွတ်တိုက်ပြီး၊ ရေကိုလည်း တစ်ခွက်ပြီးတစ်ခွက်အားရပါးရလောင်းချိုးလိုက်သည်။ ဆပ်ပြာမရှိ၍ လက်နဲ့ပဲ တစ်ကိုယ်လုံးအနှံ့ပွတ်တိုက်ပစ်လိုက်၏။

ဘာပဲဖြစ်ဖြစ် ့မျက်နှာသစ် ရေချိုးလိုက်သည့်အတွက် အတော်ပင်လန်းဆန်းသွားပါသည်။

ရေချိုးအပြီးတွင် ခြေရင်းဖက်ခြံထဲသို့လှမ်းကြည့်လိုက်ရာ ခြံစည်းရိုးနားတွင်ဆော့ကစားနေသော **နော်ရင်မွှေးလေး**ကိုတွေ့လိုက် ရ၏။ နော်ရင်မွှေးကိုမြင်မှပင် နော်ရင်မွှေးအတွက် ရန်ကုန်က လက်ဆောင်အရုပ်ကလေးဝယ်လာတာကို သတိရမိသည်။ နော်ရင်မွှေး အတွက် အရုပ်ကလေးလည်း ပျောက်သွားတဲ့သားရေအိတ်နဲ့အတူ ပါသွားပြီ။

ရန်နောင်က နော်ရင်မွှေးကိုနှုတ်ဆက်ရန်ပြင်လိုက်ရာ နော်ရင်မွှေးက အိမ်ရှေ့ဖက်သို့ပြေးထွက်သွားသည့်အတွက် နှုတ်မဆက် လိုက်ရတော့ချေ။

နော်ရင်မွေးက အိမ်ရှေ့တံခါးဝမှာသွားရပ်ကာ လမ်းတောင်ဖက်သို့မျှော်ကြည့်နေသည်။ သူ့အမေဒေါ်နော်ပပဈေးအပြန်ကိုမျှော်နေပုံရပါသည်။

ခဏနေတော့ အိမ်ထဲကလူတစ်ယောက်ထွက်လာကာ နော်ရင်မွေးကို အိမ်ထဲပြန်ခေါ်သွားသည်။ ထိုလူမှာ နော်ရင်မွေးအဖေ စစ်ပြန်ကြီးဦးစောဝေမိုးမဟုတ်ပေ။ ထိုလူကို သူသိပါသည်။ ထိုလူသည် ညက သူလမ်းထဲဝင်လာတော့ အပေါ်ထပ်ပြတင်းပေါက်ကိုဖွင့်ကာ သူ့ကိုလှမ်းကြည့်နေသည့်လူဖြစ်သည်။ နော်ရင်မွေးတို့အိမ်ရောက်နေတဲ့ ဧည့်သည်ထင်ပါရဲ့။

ရန်နောင်က အိမ်ပေါ်ကိုပြန်တက်ခဲ့လေသည်။

\+ + + + +

မျက်နှာသုတ်ပဝါကိုလည်း ရှာမတွေ့ပြန်။

မတတ်နိုင်တော့။ ရေလဲပုဆိုးရေစိုကိုချွတ်ကာ တစ်ကိုယ်လုံး သုတ်ပစ်လိုက်ရသည်။

ဘီရိုကိုနောက်တစ်ခါဖွင့်လိုက်တော့ ပရုတ်လုံးနံ့များက ပျံ့လွင့်လာပြန်သည်။ ဘီရိုထဲတွင် သူ့အဝတ်အစားများရှိသော်လည်း သိပ်အကောင်းကြီးများမဟုတ်ကြ။ အဝတ်အစားအကောင်းတွေက ကားတိုက်စဉ်ကပြုတ်ကျသွားသောသားရေအိတ်ထဲမှာပါသွားပြီ။ ကံကောင်းရင်တော့ သူ့သားရေအိတ်ကိုပြန်ရကောင်းပါရဲ့။

ရန်နောင်သည် ရှိတဲ့အဝတ်အစားထဲကပင် အသန့်ပြန့်ဆုံး အင်္ကျီနှင့်ပုဆိုးကိုရွေးဝတ်လိုက်သည်။

ဘာပဲဖြစ်ဖြစ် လူကတော့ လန်းလန်းဆန်းဆန်းဖြစ်သွားသည်။

သူ ဆာလောင်မွတ်သိပ်လာလေသည်။

ညက ကြားစခန်းမှာ ညစာစားခဲ့ပြီး ဘာမျှမစားရသေး။ အိမ်မှာလည်း စားစရာတစ်ခုမျှမရှိပေ။ အပြင်ထွက်ရအောင်ကလည်း ခြေထောက်က သိပ်နာနေသည်။ အဖေပြန်လာအောင်စောင့်ရပေတော့မည်။ အဖေ ပြန်မှပြန်လာပါ့မလား။ သူအိပ်တဲ့နေရာကနေ ရုံးကိုများ တန်းသွားနေမလား။ ဒီနေ့ ကြာသပတေးနေ့ဆိုတော့ ရုံးကိုတန်းသွားရင်လည်း သွားလိမ့်မည်။ သူပြန်လာမယ်လို့ရေးလိုက်တဲ့စာ မရောက်ဘူးထင်ပါသည်။

ရန်နောင်က စည်သူမောင့်ကိုလှမ်းခေါ်ပြီး အကူအညီတောင်းဖို့တွေးလိုက်သည်။

စည်သူမောင်တို့အိမ်ရှိသည့် ခေါင်းရင်းဖက်ခြမ်းကိုလျှောက်သွားကာ ခေါင်းရင်းပြတင်းပေါက်ကိုဖွင့်လိုက်လေ၏။

ပြတင်းပေါက်မှ စည်သူမောင်တို့အိမ်ဆီသို့မျှော်ကြည့်လိုက်လေသည်။

♛♛♛♛♛

( ၅ )

ခေါင်းရင်းတံခါးကို သူဖွင့်လိုက်သည်နှင့် တစ်ဖက်ခြံမှစည်သူမောင်တို့တိုက်အိမ်ကြီးမြင်ကွင်းကို ထင်းကနဲမြင်လိုက်ရလေသည်။

တစ်ခုခုတော့ ထူးခြားနေသည်။ စည်သူမောင်တို့အိမ်ကိုကြည့်ရတာ တစ်မျိုးဖြစ်နေသည်။ အိမ်ကိုဆေးအသစ်သုတ်ထားပုံရသည်။ အိမ်သစ်လွင်နေတာထက် အိမ်အပြင်အဆင်က မြင်နေကျပုံစံမဟုတ်ဘူးလို့ထင်သည်။ ဘယ်နေရာမှာဘာဖြစ်နေတယ်ဆိုတာတော့ မပြောတတ်။

ရန်နောင်က ကြည့်နေရင်းမှ အဖြေတစ်ခုကိုတွေ့လိုက်သည်။ ဒါန်းကလေး။ သံတိုင်သံပန်းများဖြင့်ပြုလုပ်ထားသော နှစ်ယောက်ထိုင်ဒါန်းကလေးက အိမ်၏ခြေရင်းဖက်ကွက်လပ်မှာရောက်နေသည်။ ယခင်က ထိုဒါန်းကလေးကို အိမ်ရှေ့ပန်းခြံထဲတွင်ထားခဲ့သည်။ ယခု ဒါန်းရွှေ့ထားသည့်နေရာမြေကွက်လပ်တွင် ယခင်က တင်းနစ်ကစားကွင်းလေးတစ်ခုရှိသည်။ သူတို့ကစားနေကျကွင်းကလေးဖြစ်သည်။

တင်းနစ်ကွင်းလေးကိုမမြင်ရတော့ပါ။ တင်းနစ်ကွင်းထဲတွင် ပိုက်ကို နေပူမိုးရွာမရှောင် ဘယ်တော့မှမသိမ်းပဲထားထားတတ်သည်။ ပိုက်ရော ပိုက်တန်းသည့်သစ်သားတိုင်နှစ်တိုင်ကိုပါ မမြင်ရတော့ချေ။

တင်းနစ်ကွင်းနေရာတွင် ပန်းအိုးများချထားသည်ကိုတွေ့ရ၏။

အိမ်ပတ်ဝန်းကျင်အပြင်အဆင်ပြောင်းသွားသည့်အတွက် ကြည့်ရတာတစ်မျိုးဖြစ်နေခြင်းဖြစ်သည်။

သူကြည့်နေစဉ်မှာပင် အောက်ထပ်မှ စည်သူမောင့်အိပ်ခန်း ပြတင်းတံခါးပွင့်လာတာကိုတွေ့လိုက်ရ၏။

စည်သူမောင်ကိုတွေ့ရမည်ဟုမျှော်လင့်နေသောရန်နောင်သည် ပြတင်းတံခါးဝတွင်ရပ်နေသောမိန်းကလေးတစ်ယောက်ကိုမြင်လိုက်ရသည့်အခါ အံ့ဩသွားလေ၏။

ဘယ်ကမိန်းကလေးပါလိမ့်။ စည်သူမောင်တို့အိမ်မှာမိန်းကလေး မရှိပါ။ စည်သူမောင်တို့မှာ ညီအစ်ကိုသုံးယောက်ရှိရာ အစ်ကိုအကြီးဆုံးက ရန်ကုန်တက္ကသိုလ်မှာကျောင်းတက်နေ၍ ဒီမြို့မှာမရှိ။ စည်သူမောင်က အလတ်ဖြစ်သည်။ အငယ်ဆုံးညီလေးဖေယျာမောင်က စည်သူမောင်နှင့်အသက်ကွာသည်။ ခုမှ အသက်၁၁နှစ်၊ ငါးတန်းကျောင်းသားဖြစ်သည်။ စည်သူမောင်တို့အိမ်မှာ သူ့အဖေ ဘဏ်မန်နေဂျာဦးချစ်မြိုင်ရယ်၊ အမေဒေါ်ရီရီခင်ရယ်၊ စည်သူမောင်နှင့်ဖေယျာမောင် ညီအစ်ကိုရယ် လေးယောက်ပဲနေကြသည်။

ဒီကောင်မလေးက ဘယ်ကပါလိမ့်။

တန်တော့ စည်သူမောင်တို့အိမ်ကိုအလည်လာနေတဲ့ ညီမဝမ်းကွဲဖြစ်ချင်ဖြစ်မည်။ စည်သူမောင်က သူ့မှာညီမရှိတာကိုပြောမထား။ တွေ့မှ ယောက်ဖကြီးလို့ခေါ်ပြီးနောက်ရဦးမည်။

ရန်နောင်က ဟိုဖက်အိမ်ကိုလှမ်းမျှော်ကြည့်နေစဉ်တွင် စည်သူမောင့်အခန်းပြတင်းပေါက်ကိုဖွင့်လိုက်သည့်မိန်းကလေးကလည်း သူ့ကို လှမ်းကြည့်နေတာကိုတွေ့ရသည်။

ခဏနေတော့ ့ကောင်မလေးက နောက်ကိုလှည့်ကာ ပြတင်းပေါက်မှခွာသွားလေသည်။

ရန်နောင်လည်း ပြတင်းပေါက်ကိုပြန်ပိတ်လိုက်၏။

♛♛♛♛♛

( ၆ )

ဒီမနက် ့ယွန်း အိပ်ရာကနိုးတော့ ၈နာရီခွဲနေပြီ။ ညက ကိုရီးယားဇာတ်လမ်းတွဲဒီဗွီဒီကို အပိုင်းလေးပိုင်းပြီးအောင်ကြည့်လိုက်သည့်အတွက် အိပ်ရေးပျက်ပြီး အိပ်ရာထနောက်ကျခြင်းဖြစ်သည်။

ယွန်းနိုးတဲ့အချိန်မှာ မေမေက ဈေးကိုပင်သွားနေပြီ။

ယွန်းက အိပ်ရာမှထကာ အခန်းပြတင်းပေါက်ကို ဖွင့်လိုက်သည်။ ယွန်းအိပ်သည့်အခန်းမှာ အိမ်ခြေရင်းဖက် မြောက်ဖက်ကိုမျက်နှာပြုနေသောအခန်းဖြစ်ပါသည်။

ပြတင်းတံခါးကိုဖွင့်လိုက်သည်နှင့် ယွန်းသည် ခြေရင်းဖက်ခြံထဲမှ ခြေတံရှည်အိမ်လေးကိုမြင်လိုက်ရလေသည်။ မနက်တိုင်းမြင်နေကျရှုခင်းထဲတွင် ယနေ့မနက်တော့ တစ်မူထူးနေသည့်အတွက် ယွန်းက အံ့ဩသွားမိသေးသည်။

ယွန်းတို့ ဒီမြို့ကိုရောက်တာ တစ်ပတ်ပဲရှိပါသေးသည်။ ဖေဖေ့တာဝန်အရ စစ်ကိုင်းမြို့ကနေ ပြောင်းလာရခြင်းဖြစ်သည်။ မေမေဒေါ်မြသီတာက အိမ်နီးချင်းများကိုဖိတ်ခေါ်ပြီးမိတ်ဆက်ထားပြီး၍ လမ်းထဲကအိမ်တွေနဲ့တော့ ခင်မင်ရင်းနှီးနေပါပြီ။

ယွန်းတို့ငှားနေတဲ့တိုက်ကြီးရဲ့ခြေရင်းဖက်ကခြံမှာတော့ လူမနေချေ။ ပတ်ဝန်းကျင်ကလည်း ထိုအိမ်မှာ လူမနေတာကြာပြီ၊ ရောင်းဖို့ ကြေငြာထားတယ်လို့ပြောကြသည်။

မနက်တိုင်း ယွန်းအိပ်ရာမှထကာ ပြတင်းတံခါးဖွင့်လိုက်တိုင်းလည်း ထိုအိမ်လေးကို တိတ်ဆိတ်ခြောက်ကပ်စွာတွေ့ရမြဲဖြစ်သည်။

ယွန်းအံ့ဩသွားတာက ဒီနေ့မနက်တွင် ခြေရင်းခြံထဲကအိမ်ကလေး၏ပြတင်းတံခါးပွင့်နေကာ လူတစ်ယောက်က ပြတင်းပေါက်တွင် မတ်တပ်ရပ်နေသည်ကို မြင်လိုက်ရသောကြောင့်ဖြစ်သည်။ ထိုသူသည် ယွန်းနှင့်အရွယ်ချင်းမတိမ်းမယိမ်းလူငယ်တစ်ယောက်ဖြစ်လေသည်။

ထိုလူကလည်း ယွန်းကိုငေးကြည့်နေသည်ဟု ယွန်းထင်လိုက်သည်။

ဟိုဖက်ခြံ ရောင်းစွံသွားလို့များလား။ နောက်ပြောင်းလာတဲ့လူသစ်ထင်ပါရဲ့။

ယွန်းက တွေးနေရင်းမှ တစ်ဖက်အိမ်ကလူမှာ မိမိကိုသေချာစိုက်ကြည့်နေတာသတိပြုမိပြီး ခပ်ရှိန်းရှိန်းဖြစ်သွားကာ ပြတင်းပေါက်မှ ခွာခဲ့လေသည်။

\+ + + + +

ယွန်းသည် မျက်နှာသစ်သွားတိုက်ပြီးသည်နှင့် အိမ်ခြေရင်းက ဒါန်းကလေးပေါ်တွင်ထိုင်ရန် ထွက်လာခဲ့သည်။ မနက်ခင်းအတွက်စားစရာကိုတော့ မေမေဈေးကဝယ်လာလိမ့်မည်။ ယွန်းက ညကတည်းက မုန့်ဟင်းခါးဝယ်ခဲ့ဖို့ မေမေ့ဒေါ်မြသီတာကို မှာထားခဲ့ပါသည်။

ယွန်းသည် ညော့ခန်းစားပွဲပေါ်မှဂျာနယ်တစ်စောင်ကိုတွေ့၍ ကောက်ယူလာခဲ့လေသည်။

ဒါန်းကလေးပေါ်တွင် ယွန်းထိုင်ချလိုက်သည်။

ယွန်းမျက်လုံးများက တစ်ဖက်ခြံမှ လျှပ်ရှားနေသောပုံရိပ်တစ်ခုကိုမြင်လိုက်သောကြောင့် လှမ်းကြည့်လိုက်လေသည်။

ဟင် ့ခုနက ဟိုဖက်အိမ်ပြတင်းပေါက်ကနေ ယွန်းကို ရပ်ကြည့်နေတဲ့လူပါလား။ ထိုသူက ယွန်းတို့ခြံစည်းရိုးရှိရာဖက်သို့ လျှောက်လာနေပေသည်။ အို ့သူ့ခြေထောက်ကလည်း ထော့နဲ့ထော့နဲ့ ဖြစ်နေပါလား။

ယွန်းသည် ပထမတော့ ထိုလူ မိမိထံလာနေတာလို့မထင်မိပေ။ သူ့ဟာသူလမ်းလျှောက်နေတာလို့ ထင်မိသေးသည်။

ခြံစည်းရိုးအစပ်အထိ သူကလျှောက်လာကာ ယွန်းကိုလက်ယပ်ခေါ်လိုက်မှပင် ယွန်းလည်း အံ့သြသွားလေသည်။

ယွန်းက လက်ထဲကဂျာနယ်ကို ဒါန်းပေါ်ပစ်တင်ခဲ့ကာ သူရပ်နေသည့်ခြံစည်းရိုးအစပ်ကို လျှောက်လာခဲ့သည်။

''ဘာလဲဟင်''

''နင်ကဘယ်သူလဲ''

ယွန်းနဲ့သူနဲ့ တစ်ယောက်ကိုတစ်ယောက်မေးလိုက်သောစကားသံက ပြိုင်တူထွက်သွားလေသည်။

ယွန်းက သူ့ဆီလည်းလာသေး၊ သူကပဲ ဘယ်သူလဲလို့ ပြန်မေးနေသည့်အတွက် စိတ်တိုသွားမိသည်။

''ဒီအိမ်ဝင်းထဲမှာနေနေတာ ဒီအိမ်ကလူပေါ့ဟဲ့''

ယွန်းက ဂျစ်ကန်ကန်ပင်ပြန်ဖြေလိုက်လေသည်။

ယွန်းအဖြေကြောင့် သူ့မျက်နှာက ပြုံးသွားလေသည်။

ရန်နောင်အမြင်တွင် ယွန်းဝတ်စားဆင်ယင်ထားပုံက ဆန်းနေသည်။ ဝတ်ထားတာဘောင်းဘီရှည်ဖြစ်သော်လည်း ထိုဘောင်းဘီက ခြေမျက်စိအထိမရှည်။ ဒူးဆစ်ကျော်ရုံသာရှိသော သရီးကွာတားဆိုသည့် ဘောင်းဘီဖြစ်သည်။ အိပ်ရာထစ ဘာမျှမပြင်မဆင်ရသေးသောယွန်းသည် ဆံပင်ကလည်း ကပိုကရိုဖြစ်နေသည်။ ဝတ်ထားသောတီရှပ်ကလည်း ထူထူပွပွ။ ရန်နောင်က မပြင်ဆင်ပဲ ထူးထူးခြားခြားလေးလှနေသောကောင်မလေးကို ငေးကြည့်နေမိသည်။

''စိတ်မဆိုးပါနဲ့ဟာ၊ ငါက စည်သူမောင့်ကိုမမြင်လို့မေးမိတာပါ၊ နင်က စည်သူမောင်တို့ဆီလာလည်တဲ့ညော့်သည်လား၊ စည်သူမောင့် ညီမလား''

''ဘာတွေပြောနေတာလဲ''

ယွန်းက သူ့စကားမဆုံးမီ ဖြတ်မေးလိုက်သည်။

''စည်သူမောင်လေ ့စည်သူမောင်က ငါ့သူငယ်ချင်း၊ သူ ဘယ်သွားနေလဲ''

''ဘယ်ကစည်သူမောင်ကိုမေးနေတာလဲ၊ ငါတို့က ဒီမြို့ကို ပြောင်းလာတာ မကြာသေးဘူး၊ ငါ့အဖေက ဘဏ်မန်နေဂျာလေ၊ တို့ ဒီမြို့ရောက်တာ တစ်ပတ်ပဲရှိသေးတယ်၊ ဟုတ်တယ်၊ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ ခုနစ်ရက်တိတိပြည့်တဲ့နေ့ပဲ၊ နင်မေးတဲ့ စည်သူမောင်က ဘယ်သူလဲ''

''ဟင် ့ဒါဖြင့် စည်သူမောင်တို့ပြောင်းသွားပြီပေါ့၊ မြန်လိုက်တာဟာ၊ အရင်မန်နေဂျာတွေတုံးက ငါးနှစ်လောက်နေပြီးမှ ပြောင်းကြတာ၊ စည်သူမောင်တို့ရောက်တာ ကိုးတန်းဖြေခါနီးမှ ရောက်လာတာ၊ ၂နှစ်တောင်မပြည့်သေးဘူး၊ ပြောင်းသွားတာ မြန်လိုက်တာ''

''နင်ပြောတဲ့စည်သူမောင်ဆိုတာ အရင်ဘဏ်မန်နေဂျာကြီးရဲ့သားပေါ့ ့ဟုတ်လား''

''ဟုတ်တယ်လေ၊ မန်နေဂျာကြီး **ဦးချစ်မြိုင်ရဲ့သား စည်သူမောင်**''

''ဩော် ့ငါတို့က သူတို့မိသားစုနဲ့မဆုံလိုက်ဘူးဟ၊ ဖေဖေက ဒီမြို့ကိုအရင်ရောက်ပြီး အရင်မန်နေဂျာနဲ့အလုပ်လွှဲပြောင်းပြီးမှ ငါနဲ့ မေမေနဲ့လိုက်လာကြတာ''

''ဩော် ့ဟုတ်လား''

''နင်က စည်သူမောင်တို့ပြောင်းမှာကို မသိဘူးလား''

''ငါ ရန်ကုန်မှာအလုပ်သွားလုပ်နေတာ သုံးလကြာတယ်၊ ညက မှပြန်ရောက်လာတာ''

''ဟင် ့ဒါနဲ့ အိမ်နီးချင်းတွေကပြောတော့ နင်တို့အိမ်မှာ လူမနေတာ ကြာပြီတဲ့''

''ကြံကြံဖန်ဖန်ဟာ ငါရန်ကုန်သွားတာသုံးလထဲ၊ အိမ်မှာ ငါ့အဖေရှိတယ်လေ၊ နင် ငါ့အဖေကိုမမြင်မိဘူးလား''

''ဟင့်အင်း ့ငါရောက်တဲ့နေ့ကတည်းက အဲဒီဖက်အိမ်မှာ လူတစ်ယောက်မှကိုမတွေ့ဘူး''

''ဖေဖေကလဲ အိမ်တောင်ပြန်မအိပ်ဘူးထင်တယ်၊ ခက်တာပဲ''

''နင့်နာမည်က ဘယ်သူလဲ''

''ဩော် ့ပြောဖို့မေ့နေလိုက်တာ၊ ဟုတ်သားပဲ၊ ငါ့နာမည် ရန်နောင်၊ နင့်နာမည်ကော ့''

''ယွန်း ့တဲ့''

''ယွန်း ့ယွန်းတစ်လုံးတည်းလား''

''ဟုတ်တယ်''

ရန်နောင်က ယွန်းကိုငေးကြည့်နေမိသည်။ ယွန်းပြောဆို ဆက်ဆံပုံပွင့်လင်းတာကိုလည်း သဘောကျနေမိ၏။

''ငါက စည်သူမောင့်ဆီက အကူအညီတောင်းမလို့ဟာ၊ အဖေကလည်း ငါပြန်လာမယ်စာရေးထားရဲ့သားနဲ့ အိမ်မှာ စောင့်မနေဘူး၊ ငါလည်း အပြန်လမ်းမှာကားမှောက်လို့ ခြေထောက်နာနေတယ်''

''ဘာ ့ကားမှောက်တယ်''

''ဟုတ်တယ်၊ ကိုးလောင်းတောင်ကွေ့မှာလေ၊ ကားနှစ်စီး ခေါင်းချင်းယှဉ်တိုက်တာ၊ သေတဲ့လူလည်းသေတယ်၊ ငါတော့ သတိရရချင်း အိမ်ကိုရောက်တဲ့အထိလမ်းလျှောက်လာတာ၊ ညက ကားမှောက်တဲ့သတင်း မသိကြသေးဘူးလား''

''မကြားမိသေးဘူး၊ မကြားမိဆို ငါလည်းအပြင်မှမထွက်သေးတာ၊ ဩော် ့အဲဒါကြောင့် နင့်ခြေထောက်ကြီးထော့နဲ့ထော့နဲ့ဖြစ်နေတာကိုး''

''ဟုတ်တယ်၊ ငါ ဆာလည်း အရမ်းဆာနေတယ်၊ စည်သူမောင့်ကို တစ်ခုခုဝယ်ခိုင်းမလို့စိတ်ကူးလာတာ''

''ဆာတာတော့ ရပါတယ်ဟယ်၊ ငါတို့အိမ်မှာစားစရာတွေ အများကြီးရှိပါတယ်၊ နေဦးနော်၊ ငါသွားယူပေးမယ်''

ယွန်းက ပြောပြီး အိမ်ထဲသို့ပြေးဝင်သွားလေသည်။

ရန်နောင့်အဖို့ စည်သူမောင့်ကိုတွေ့လျှင် အဖေ့ကိုလိုက်ရှာခိုင်းဖို့တွေးထားသည့်စိတ်ကူးမှာ ပျက်သွားရပြီ။ စည်သူမောင်တို့ပြောင်းသွားတာမြန်လှချေလား။

ယွန်းပြန်ရောက်လာသည်။ သူမလက်ထဲမှာ ကိတ်မုန့်တစ်လုံးနှင့်ပလတ်စတစ်အထုပ်များပါလာသည်။

''ရော့ ့နင်စားဖို့ ကိတ်မုန့်တစ်လုံးလုံးယူသွားပေတော့၊ ဒါတွေက ခေါက်ဆွဲခြောက်ထုတ်တွေ''

ရန်နောင်က ယွန်းကမ်းပေးသောအထုပ်များကို ခြီစည်းရိုး သံဆူးကြိုးအားကျော်၍ယူလိုက်သည်။ ကိတ်မုန့်တစ်လုံးနှင့် ခေါက်ဆွဲခြောက်ထုတ်သုံးထုတ်ဖြစ်သည်။

ခေါက်ဆွဲခြောက်ထုတ်ဆိုသည်များကိုကြည့်၍ ရန်နောင်က ဇဝေဇဝါဖြစ်နေသည်။

''ဒီခေါက်ဆွဲက ဘယ်လိုစားရတာလဲ၊ ဒီတိုင်းစားရတာလား''

''ဟယ် ့နင်ကလဲ ရန်ကုန်ကပြန်လာပြီး အ,လိုက်တာ၊ အဲဒါ ရယ်ဒီမိတ်ခေါက်ဆွဲခြောက်ထုတ်ဟဲ့၊ ရေနွေးနဲ့ဖျော်ပြီးစားရုံပဲ''

''ဩော် ့ဒီလိုလား''

''နင် ရန်ကုန်ကို ဘာသွားလုပ်တာလဲ''

''ရန်ကုန်က အဒေါ်က အလုပ်ရှိတယ်ဆိုလို့ ပိုက်ဆံရအောင် သွားလုပ်တာပါဟာ၊ ကျောင်းစရိတ်လေးရအောင်ပေါ့၊ ငါ ဒီနှစ်ဆယ်တန်း အောင်ထားတာလေ၊ အဖေက ငါ့ကိုတက္ကသိုလ်ဆက်တက်စေချင်တယ်၊ ငါကတော့ အလုပ်ပဲဝင်လုပ်ချင်တာ၊ အဖေက

သားတစ်ယောက်တည်းရှိတာ သူကြိုးစားပြီးထားပါမယ်တဲ့၊ ငါလည်း ကျောင်းစရိတ်ရအောင် ကျောင်းမဖွင့်ခင် ရန်ကုန်မှာအလုပ်လုပ်ရင်း ငွေရှာလာတာဟ''

''အမယ် ့တယ်ဟုတ်ပါလား၊ နင်က သားလိမ္မာလေးပေါ့''

''နင်ကော ကျောင်းတက်တုံးလား၊ ဘယ်နှတန်းလဲ''

''ငါလည်းဆယ်တန်းအောင်ထားတာပဲ၊ ဒီနှစ်အောင်တာ''

''ငါနဲ့အတူတူပေါ့၊ ကျောင်းဆက်တက်မှာမဟုတ်လား၊ နင်နဲ့ ငါနဲ့ တက္ကသိုလ်တစ်ခုခုမှာ အတူတူတက်ဖြစ်ရင်တက်ဖြစ်မှာပေါ့''

''ငါက စစ်ကိုင်းကနေအောင်ထားတာဟဲ့၊ ဘယ်လိုလာဦးမယ် မသိပါဘူးဟယ်၊ အမှတ်စာရင်းတွေလည်း သိမှမသိရသေးတာ''

''အေးနော် ့စည်သူမောင်လည်း ငါနဲ့တစ်နှစ်တည်းအောင်ထားတာ၊ ဒီကောင် ငါမရှိတုံးပြောင်းသွားရတယ်ဟာ၊ စည်သူမောင်တို့ ဘယ်ပြောင်းသွားတာလဲ၊ နင်သိလားယွန်း''

''ဘယ်သိမလဲ၊ လူကြီးတွေကိစ္စ ငါစိတ်မဝင်စားဘူး၊ သူတို့နဲ့လည်း မဆုံလိုက်ရတော့ မသိဘူးလေ၊ နင်သိချင်ရင် ငါဖေဖေ့ကို မေးပေးထားပါ့မယ်''

''အေးပါဟာ ့မေးထားစမ်းပါဦး၊ ဒါဆို ငါပြန်မယ်နော်၊ မုန့်တွေပေးတာကျေးဇူးပါပဲဟာ''

''ရပါတယ်ဟယ်''

''ငါတော့ ခြေထောက်နာကြီးနဲ့ ဘယ်မှထွက်နိုင်မှာမဟုတ်သေးဘူး၊ နင်ပေးတာတွေစားရင်း အဖေပြန်လာအောင်စောင့်နေရမှာပဲ၊ သွားပြီနော်''

ယွန်းက ထော့နင်းထော့နင်းဖြင့် သူ့အိမ်ဆီပြန်လျှောက်သွားသောရန်နောင့်ကို ခြံစည်းရိုးအစပ်မှာရပ်ရင်းငေးကြည့်နေမိသည်။

''ဟဲ့ ့သမီး၊ ယွန်း၊ နင် အဲဒီအနားမှာ ဘာရပ်လုပ်နေတာလဲ''

မေမေ့အသံကြားလိုက်မှ ယွန်းလှည့်ကြည့်လိုက်မိသည်။

ဒေါ်မြသီတာက ဈေးမှပြန်အလာ ခြံစည်းရိုးအစပ်တွင်ရပ်နေသောယွန်းကိုမြင်၍မေးလိုက်ခြင်းဖြစ်သည်။

ယွန်းက ဒေါ်မြသီတာဆီပြေးသွားကာ ဈေးခြင်းတောင်းကို ယူလိုက်သည်။

''ဟိုဖက်အိမ်ကကောင်လေးပါမေမေ၊ ရန်နောင်တဲ့၊ သူခြေထောက်နာနေလို့ အပြင်မထွက်နိုင်လို့တဲ့၊ သမီး ကိတ်မုန့်တစ်လုံးနဲ့ ခေါက်ဆွဲခြောက်ထုတ်တွေပေးလိုက်တယ်''

''ဟဲ့ ့ယွန်း၊ ဟိုဖက်အိမ်မှာ လူမှမနေပဲ''

''နေလို့ပဲ သမီးနဲ့တွေ့လိုက်ပြီပဲမေမေရယ်''

''အဲဒီကောင်လေးက ဘယ်မှာလဲ၊ မေမေမမြင်ပါလား၊ မေမေတော့ ့သမီးတစ်ယောက်တည်း ခြံစည်းရိုးနားမှာမတ်တပ်ရပ်တာ မြင်တယ်''

''ဟိုမှာလေ''

ယွန်းက ရန်နောင့်ကိုလက်ညှိုးထိုးပြလိုက်သည်။

''ဘယ်မှာလဲ၊ ငါမမြင်ပါဘူး''

''ဟိုမှာလေမေမေရဲ့၊ သူ့အိမ်ကို နောက်ဖေးပေါက်ကနေ တက်သွားတယ်''

ဒေါ်မြသီတာက နောက်တစ်ခါပြန်ကြည့်လိုက်သည်။ ရန်နောင်ဆိုသူကို ဒေါ်မြသီတာမမြင်ပါ။

''မေမေတော့ မတွေ့ပါဘူးယွန်းရယ်၊ ယွန်း ့ညတုံးက လည်း အဲဒီဖက်အိမ်က ခွေးဟောင်သံတွေတစ်ညလုံးကြားနေရတယ်၊ လမ်းထဲကလူတွေကလည်း အဲဒီအိမ်မှာ လူမနေတာကြာလှပြီလို့ပြောထားတယ်လေ၊ နင်တွေ့တဲ့ကောင်လေးက ဟုတ်မှဟုတ်ရဲ့လားအေ''

''အို ့မေမေကလဲ၊ သူက ညကမှ ရန်ကုန်ကပြန်လာတာတဲ့၊ ကိုးလောင်းတောင်ကွေ့မှာ ကားချင်းတိုက်မိပြီး ခိုက်မိလို့ ခြေထောက်ကြီးနာနေတာမေမေ၊ ကိုးလောင်းကွေ့မှာ ကားတိုက်တဲ့သတင်း မေမေ ဈေးကမကြားခဲ့ဘူးလား''

''မကြားမိပါဘူး''

''သူက သူ့သူငယ်ချင်း ဒီအိမ်မှာရှိသေးတယ်ထင်လို့လာမေးတာမေမေ၊ အရင်မန်နေဂျာကြီးသားက သူ့သူငယ်ချင်းတဲ့၊ သူရန်ကုန်ရောက်နေတုံးပြောင်းသွားတော့ ပြောင်းသွားမှန်းမသိဘူးလေ''

''ငါက လူမနေတဲ့အိမ်မှာ လူရှိတယ်ဆိုလို့ စိုးရိမ်လို့ပါအေ၊ သူခိုးဂျပိုးတွေ ဝရမ်းပြေးတွေဖြစ်နေမှာစိုးလို့ပါ''

''ဟာ ့မေမေကလဲ၊ ဝရမ်းပြေးမဖြစ်နိုင်ပါဘူး၊ လူရည်သန့်သန့် ရုပ်ချောချောလေးပါ၊ သူ့အကြောင်းတွေတောင် အကုန်ပြောပြသွားသေးတယ်''

ယွန်းက ရန်နောင်ပြောပြသွားသည့်အကြောင်းများကို ဒေါ်မြသီတာကိုပြန်ပြောပြလိုက်သည်။

ယွန်းပြောပြသည့်အကြောင်းများကို နားထောင်ရင်း ဒေါ်မြသီတာလည်း ထိုအဖြစ်ကို သာမန်မျှသာ သဘောထားလိုက်မိတော့သည်။

ယွန်းနှင့်ဒေါ်မြသီတာ အိမ်ထဲဝင်လာချိန်တွင် မိုးများသည်းသည်းမည်းမည်းရွာချလိုက်လေသည်။

♛♛♛♛♛

( ၅ )

ရန်နောင်က ဆာဆာနှင့် ယွန်းပေးလိုက်သောကိတ်မုန့်တစ်လုံးလုံးကို တစ်ထိုင်တည်းနှင့်ကုန်အောင်စားပစ်လိုက်လေသည်။

ကိတ်မုန့်တစ်လုံးကုန်အောင်စားလိုက်ရ၍ နေသာထိုင်သာရှိသွားသည်။

ရန်နောင်က အဖေ့ကိုစောင့်ရင်း အိမ်သန့်ရှင်းရေးလုပ်ထားဖို့ စိတ်ကူးလိုက်သည်။

တစ်အိမ်လုံးကိုခြုံကြည့်လိုက်တော့ အပေါ်ပိုင်းမှာပင့်ကူမျှင်များနှင့် အောက်ပိုင်းမှာဖုန်မှုန့်များဖွေးနေအောင် တွေ့နေရလေသည်။

ရန်နောင်က အခန်းဒေါင့်တွင်ထောင်ထားသောတံမျက်စည်းလေးကိုယူလိုက်သည်။ တံမျက်စည်းတွင်လည်း ဖုန်များတင်ကာ တံမျက်စည်းနှင့်အိမ်နံရံကိုဆက်သွယ်၍ ပင့်ကူအိမ်တစ်ခုရှိနေပါသေးသည်။

အလင်းရောင်ရရန် ပြတင်းပေါက်ကိုဖွင့်လိုက်သည်။ အပြင်မှ မိုးတွေသည်းသည်းမည်းမည်းရွာနေ၍ မိုးဖွဲများက လေနှင့်အတူ အိမ်ထဲဝင်လာလေ၏။ ရန်နောင်က ပြတင်းပေါက်ကိုပြန်ပိတ်လိုက်ရလေသည်။

အလင်းရောင်ရစေရန် တစ်လုံးတည်းသောမီးသီးကိုဖွင့်ထားလိုက်ရ၏။

သန့်ရှင်းရေးလုပ်ငန်းကို အိမ်နံရံမှပင့်ကူမျှင်များကိုရှင်းခြင်းဖြင့် စတင်လိုက်ပါသည်။ ပင့်ကူမျှင်များမှ အမှိုက်သရိုက်များ၊ ဖုန်မှုန့်များက ကြမ်းပြင်ပေါ်ကျကုန်သည်။ သူ့တစ်ကိုယ်လုံးလည်း ဖုန်များဖြင့် ဖွေးသွားလေသည်။

တစ်နေရာအရောက်တွင် အိမ်နံရံမှာချိတ်ထားသည့်ပြက္ခဒိန်ကိုတွေ့လိုက်ရသည်။ ပြက္ခဒိန်မှဖုန်များကို တံမျက်စည်းနှင့်ရိုက်ချလိုက်၏။ ပြက္ခဒိန်က **၁၉၈၉ခုနှစ်ပြက္ခဒိန်**။ လက်ရှိရောက်နေသောအောက်တိုဘာလစာမျက်နှာကိုလှန်ထားသည်။

ရန်နောင်က ပြက္ခဒိန်အကွက်တစ်ခုထဲတွင်ရေးထားသောစာကို တွေ့လိုက်ရ၍ ကိုယ်ကိုကိုင်းပြီးဖတ်ကြည့်လိုက်သည်။

**အောက်တိုဘာလ(၁၁)ရက်နေ့၊ ဗုဒ္ဓဟူးနေ့အကွက်တွင်** ့ ''**သားပြန်လာမယ့်နေ့**'' ဟုရေးထားသောစာသားကိုတွေ့လိုက်ရသည်။ အဖေ့လက်ရေးပင်ဖြစ်ပါသည်။ ဩော် ့အဖေ။ သားပြန်လာမယ့်ရက်ကို ပြက္ခဒိန်မှာတောင် ရေးမှတ်ထားပြီးမှ ဘယ်ကိုသွားနေတာပါလိမ့်။

ပြက္ခဒိန်မှာ သူပြန်လာမယ့်ရက်ကို တကူးတကရေးမှတ်ထားပုံကိုထောက်လျှင် သူရေးလိုက်တဲ့စာ အဖေ့ဆီရောက်လို့သာပေါ့။ အဖေ ဘယ်ရောက်နေပါလိမ့်။

တွေးရင်း ရန်နောင်က အဖေ့အတွက်စိတ်ပူသွားလေသည်။

ဒုက္ခပဲ။ သူကလည်း ခြေထောက်အနာကြီးနှင့် အပြင်ထွက်ဖို့ ခက်နေသည်။

ရန်နောင်က သက်ပြင်းကိုချလိုက်လေ၏။

♛♛♛♛♛

( ၈ )

ဒေါ်မြသီတာက ဈေးမှဝယ်လာသောမုန့်ဟင်းခါးကို ခင်ပွန်းဖြစ်သူ ဘဏ်မန်နေဂျာဦးတင်မောင်ကြည်အတွက် ပြင်ဆင်ပေးနေသည်။ ယွန်းလည်း ကူလုပ်ပေးနေ၏။

ယွန်းက မုန့်ဟင်းခါးနှစ်ပွဲကို လင်ပန်းဖြင့်ထည့်ယူလာပြီး ထမင်းစားစားပွဲတွင်ထိုင်နေသော ဖေဖေ့ကိုချပေးလိုက်သည်။ ယွန်းကိုယ်တိုင်လည်း တစ်ပွဲစားလိုက်သည်။

ယွန်းက ရန်နောင်ပြောခဲ့သောစကားများကို သတိရကာ မုန့်ဟင်းခါးစားနေရင်းမှ ဖေဖေ့ကိုမေးလိုက်လေသည်။

''ဖေဖေ ့ဖေဖေနဲ့အလုပ်လွှဲခဲ့တဲ့ အရင်မန်နေဂျာကြီးက ဘယ်မြို့ကိုပြောင်းသွားတာလဲဟင်''

''ဘာဖြစ်လို့လဲသမီး၊ မန်နေဂျာဦးမြသီးက ထရန်စဖာမဟုတ်ဘူးသမီးရဲ့၊ သက်ပြည့်ပင်စင်ယူသွားလို့ သူ့နေရာကိုဖေဖေရောက်တာ''

''သူက ဘယ်မြို့ကိုပြန်သွားတာလဲဟင်၊ ဟိုဖက်အိမ်က ရန်နောင်ဆိုတဲ့ကောင်လေးက မေးလို့ပါ၊ သူက မန်နေဂျာကြီးသားစည်သူမောင်ဆိုတာနဲ့သူငယ်ချင်းတဲ့၊ သူ ရန်ကုန်သွားနေတုံး စည်သူမောင်တို့ပြောင်းသွားတာကို မသိလိုက်လို့တဲ့၊ ဘယ်ကိုပြောင်းသွားတာလဲဆိုတာ သူက သိချင်နေတယ်''

''ဦးမြသီးမှာ သားမရှိပါဘူး သမီးရဲ့၊ ဦးမြသီးသမီးက အသက်သုံးဆယ်ကျော်ပြီ၊ ဆရာဝန်လေ၊ ဒီမှာလည်းမရှိဘူး၊ နိုင်ငံခြားမှာ''

''ဟင် ့''

ရန်နောင်ပြောခဲ့သောစကားများနှင့်လွဲနေ၍ ယွန်းက အံ့သြသွားသည်။

''ရန်နောင်ပြောတုံးက စည်သူမောင့်အဖေ မန်နေဂျာကြီး နာမည်က ဦးမြသီးမဟုတ်ပါဘူး''

ယွန်းက ရန်နောင်ပြောခဲ့သည့်နာမည်ကို မုန့်စားရင်း စဉ်းစားကြည့်နေသည်။

''ဩော် ့ဖေဖေ၊ ရန်နောင်ပြောတော့ စည်သူမောင့်အဖေ မန်နေဂျာကြီးနာမည်က ဦးချစ်မြိုင်တဲ့ဖေဖေ''

''ဟေ ့ဖေဖေနဲ့ Hand overလုပ်တာ ဦးချစ်မြိုင်မှမဟုတ်ပဲ၊ ဦးမြသီးပဲ သမီးရဲ့၊ ဦးချစ်မြိုင်ဆိုတဲ့ မန်နေဂျာတော့ ရှိတယ်၊ ဒီမြို့မှာလည်းနေသွားဖူးတယ်၊ ဒါပေမယ့် ့အဲဒါကြာပြီသမီး၊ ဦးချစ်မြိုင်က ဖေဖေတို့ဆရာလေ၊ အခု ဆုံးတောင်ဆုံးသွားပြီ''

''ဟင် ့''

''ဆရာဦးချစ်မြိုင် ဒီမြို့မှာနေခဲ့တာ လွန်ခဲ့တဲ့နှစ်၂၀လောက်ကပဲ၊ ဘဏ်မှာ **'တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် မန်နေဂျာများ'** ဆိုပြီး ဘလက်ဘုတ်ကြီးနဲ့ရေးထားတဲ့စာရင်းထဲမှာ ဦးချစ်မြိုင်နာမည်က ထိပ်ဆုံးကလေ၊ ဟုတ်တယ် ့ဦးချစ်မြိုင် ဒီမြို့မှာ တာဝန်ကျခဲ့တာ အနှစ်၂၀ကျော်ပြီသမီး''

''အို ့ဒါဆို ရန်နောင် ဘာတွေလျှောက်ပြောသွားပါလိမ့်''

ယွန်းက ငြီးငြူလိုက်မိသည်။

ဒေါ်မြသီတာက မီးဖိုခန်းထဲမှထွက်လာကာ ပြောလိုက်သည်။

''ဟဲ့ ့ယွန်း၊ အဲဒီရန်နောင်ဆိုတဲ့ကောင်လေးက ညီးကို ရောချင်လို့ စကားရှာပြီး လျှောက်ပြောနေတာနေမှာပေါ့အေ၊ ပြီးတော့ အဲဒီအိမ်မှာ လူမနေတာကြာပြီလို့ တစ်လမ်းလုံးက ပြောနေကြတာ၊ သူက ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ၊ လူဆိုးသူခိုးဖြစ်နေပါဦးမယ်အေ''

ဒေါ်မြသီတာဝင်ပြောလိုက်မှပင် ဦးတင်မောင်ကြည်ကလည်း စိတ်ဝင်စားကာ ပြန်မေးလိုက်သည်။

''ဟုတ်သားပဲသမီး၊ ဟိုဖက်အိမ်မှာ လူမနေလို့ ရောင်းဖို့တောင် ကြေငြာထားတာဆို၊ ဖေဖေတို့လည်း ရောက်ကတည်းက အဲဒီဖက်မှာ လူမမြင်မိပါဘူး''

''သူက ရန်ကုန်သွားအလုပ်လုပ်နေတာတဲ့ဖေဖေ၊ မနေ့က ညကမှပြန်ရောက်တာတဲ့၊ ပြန်အလာမှာ ကိုးလောင်းတောင်ဆိုတဲ့နေရာမှာ ကားချင်းတိုက်လို့တဲ့၊ လူတွေသေကြတယ်ပြောတယ်''

''ဟုတ်လား''

''ဒါလည်း ဟုတ်ချင်မှဟုတ်မှာပါအေ၊ အဖေကြီးရေ ့တော့် သမီးက အဲဒီကောင်လေးကိုသနားလို့ဆိုပြီး စားစရာမုန့်တွေတောင် ပေးလိုက်သေးတာတဲ့''

''သမီးရယ် ့ကိုယ်က ဒီမြို့ကိုရောက်တာလည်း မကြာသေးဘူး၊ ဘာမှလည်း အကြောင်းသိတာမဟုတ်ဘူး၊ လူတိုင်းကို အရောဝင်ပြီးဆက်ဆံနေလို့မဖြစ်ဘူးလေ၊ ပတ်ဝန်းကျင်လေးဘာလေး မေးမြန်း စုံစမ်းကြည့်ပါဦး''

အဖေရော အမေရော ဝိုင်းပြောနေကြ၍ ယွန်းက ဘာမျှ ပြန်မပြောတော့ပေ။

ရန်နောင်ဟာ လူဆိုးတော့မဟုတ်နိုင်ပါဘူး။ ညာပြောနေတာလည်း မဖြစ်နိုင်ဘူး။

ယွန်းက စဉ်းစားနေသည်။

ရန်နောင်ပြောတဲ့အထဲမှာ သူရန်ကုန်သွားနေပေမယ့် အိမ်မှာ သူ့အဖေကျန်နေတယ်လို့ပါသည်။ ယွန်းလည်း တစ်ပတ်အတွင်း မှာ ထိုအိမ်တွင် လူရိပ်လူယောင်မမြင်မိချေ။ တစ်ခုခုတော့ လွဲနေပြီ။

ရန်နောင် နောက်တစ်ခေါက် သူမဆီရောက်လာလိမ့်မည်လို့ ယွန်းက ထင်နေ၏။

နောက်တစ်ခါတွေ့မှ ရန်နောင့်ကို သေသေချာချာ မေးကြည့်ဖို့ တေးထားလိုက်သည်။

♛♛♛♛♛

( ၉ )

အိမ်အပေါ်ပိုင်းသန့်ရှင်းရေးက ပြီးသွားပြီ။

ရန်နောင်က ညှော်ခန်းနံရံမှတိုင်ကပ်နာရီကိုမော့်ကြည့်လိုက်ရာ နာရီရပ်နေတာကိုတွေ့ရ၏။

ကုတင်ပေါ်တွင်ချွတ်ထားသော သူ့လက်ပတ်နာရီလေးကို ယူကြည့်လိုက်သည့်အခါ ၁၁နာရီထိုးနေပြီ။

ရန်နောင်လည်း အတော်ပင်ပန်းသွားလေပြီ။

ရန်နောင်က မနားတော့ပဲ ့လုပ်လက်စဖြင့် ကြမ်းပြင် သန့်ရှင်းရေးကိုပါ ဆက်လုပ်လိုက်လေသည်။

အပြင်မှာ မိုးကသည်းနေဆဲဖြစ်၍ ပြတင်းတံခါးများကိုဖွင့်လို့မရသေး။

ရန်နောင်က အင်္ကျီကိုချွတ်ပစ်လိုက်ကာ အင်္ကျီကိုယ်ချွတ်ဖြင့် ပုဆိုးဟောင်းတွင်ရေစွတ်ပြီး ကြမ်းပြင်ကိုတိုက်နေလေသည်။

\+ + + + +

ခြေရင်းအိမ်တွင် နေ့လည်ပိုင်း၌ နော်ရင်မွှေးတစ်ယောက်တည်း ကျန်ခဲ့သည်။

ကိုမျိုးနိုင်က အခွန်ဦးစီးရုံးတွင်လုပ်သောဝန်ထမ်းဖြစ်သည်။ သမီးကျောင်းအပို့အကြိုကို ကိုမျိုးနိုင်ကပဲ လုပ်ပေးသည်။ နော်ရင် မွှေးက သူနာပြုဆရာမဆိုတော့ အလုပ်သွားချိန်ပြန်ချိန်က အတိအကျမရှိ။ တစ်ခါတရံ ညပိုင်းဂျူတီကျသည့်နေ့များဆိုလျှင် ဆေးရုံမှာ ပင်အိပ်ရသည့်အတွက် သမီးလေး**နော်ဂျူလီယာ**ကို သူ့အဖေနဲ့ပဲထားခဲ့ရသည်။

နော်ရင်မွှေးအမေ ဒေါ်နော်ပပရှိတုံးကတော့ သူ့မြေးကိုထိမ်းပေးဖော်ရလို့ တော်သေးသည်။ အဖေဦးစောဝေမိုးကွယ်လွန်ပြီး တစ်နှစ်အကြာမှာ အမေဒေါ်နော်ပပကွယ်လွန်သွားတော့ နော်ရင်မွှေးတို့လင်မယားမှာ ကလေးတစ်ယောက်တာဝန်နှင့် ကသီကရိဖြစ်ကျန် ခဲ့သည်။ နှစ်ယောက်စလုံးကလည်း ဝန်ထမ်းတွေဆိုတော့ အိမ်မှာကိုယ်ခွဲမရှိ။ သမီးလေးဂျူလီယာက လိမ္မာလို့တော်သေးသည်။ အသက်ဆယ်နှစ်ဆိုတော့လည်း သိတတ်နေပြီ။ တော်ရုံတန်ရုံကိစ္စလောက်ကို လူကြီးတွေအားမကိုးပဲ လုပ်တတ်ကိုင်တတ်နေပြီ။

**နော်ရင်မွှေးငယ်ငယ်တုံးကလည်း ဒီလိုပါပဲ။ အဖေရယ် အမေရယ် တစ်ဦးတည်းသောသမီးနော်ရင်မွှေးရယ် နေခဲ့ရ သည်ပင်။**

ဒီနေ့တော့ နော်ရင်မွှေးဂျူတီက ညနေပိုင်းလေးနာရီမှဝင်ရမှာမို့ နေ့လည်ပိုင်း အားလပ်နေချိန်မှာ အိမ်အလုပ်ကလေးတွေ လုပ်နေဖြစ်သည်။ အဝတ်များလျှော်ဖွတ်၊ ခြောက်ပြီးသားအဝတ်တွေမီးပူတိုက်နှင့် အလုပ်မသွားရသော်လည်း အားသည်မရှိပါပေ။

နော်ရင်မွှေးသည် မီးပူတိုက်ရင်းမှ ကိုမျိုးနိုင်ပြောခဲ့သောစကားများနှင့် ဈေးသွားတုံးက ဒေါ်မြသီတာပြောလိုက်သောစကားများ ကို သတိရလိုက်သည်။

ခေါင်းရင်းအိမ်ထဲကို ညက လူဝင်သွားတာတွေ့တယ်လို့ ကိုမျိုးနိုင်ကပြောသည်။ ခွေးတွေလည်း ဟောင်တယ်တဲ့။ ဒေါ်မြသီတာ ကလည်း ခွေးဟောင်သံတွေကြားတယ်လို့ပြောခဲ့သည်။

နော်ရင်မွေးက မီးပူပလပ်ခေါင်းကိုဖြုတ်ကာ မီးပူတိုက်နေရာမှ ထလိုက်သည်။

ပြတင်းပေါက်ကိုသွားကာ ခေါင်းရင်းအိမ်ဖက်ကိုလှမ်းမျှော်ကြည့်လိုက်သည်။ ဘာမျှထူးထူးခြားခြားမတွေ့ရပါ။ တံခါးတွေအားလုံးလည်း ပိတ်ထားရက်သားပင်။

တကယ်တော့လည်း တစ်ဖက်အိမ်မှာ ထူးထူးခြားခြားမြင်ရစရာအကြောင်းမရှိပါ။ ထိုအိမ်ထဲမှာ လူမနေတာပင် အနှစ်၂၀လောက် ရှိရော့မည်။ နော်ရင်မွေး ငါးတန်းနှစ်ကတည်းကလေ ့။ သူမအသက် ဆယ်နှစ်လောက်ကတည်းကပေါ့။

လက်ရှိ နော်ရင်မွေးအသက်က ၃၀ဆိုတော့ အနှစ်၂၀တောင် ကြာခဲ့ပြီပေါ့။

နော်ရင်မွေးအတွေးထဲမှာ တစ်ဖက်အိမ်မှသားအဖ၏ ရင်နင့်ဖွယ်ဖြစ်ရပ်က ပုံရိပ်ထင်လာသည်။ သည်တုံးက နော်ရင်မွေး ငယ်သေးသော်လည်း အားလုံးကို အသေးစိတ်မှတ်မိနေပါသည်။ ဦးလေးကျော့လည်း သနားစရာကောင်းလှသည်။ ကိုကိုနောင့်အဖြစ်ကလည်း ရင်နာစရာကောင်းလှသည်။

ကိုကိုနောင်။ ဦးလေးကျော့ခေါ်ဦးကျော့မောင်၏သား ကိုရန်နောင်ကို နော်ရင်မွေးက ကိုကိုနောင်လို့ပဲခေါ်ခဲ့သည်။ ကိုကိုနောင်က နော်ရင်မွေးကို ညီမလေးတစ်ယောက်လိုချစ်သည်။ ကိုကိုနောင်က တစ်ဦးတည်းသောသားလည်းဖြစ်၊ မိခင်လည်းမရှိတော့ဘူးဆိုတော့ အိမ်နီးချင်းနော်ရင်မွေးကိုပင် မောင်နှမလိုချစ်ခင်နေခြင်းဖြစ်သည်။ ဘယ်ကပြန်လာလာ နော်ရင်မွေးဖို့ မုန့်ဝယ်လာတတ်ပါသည်။

နော်ရင်မွေးက နောက်ကြောင်းများကိုတွေးရင်း သက်ပြင်းချလိုက်မိလေသည်။

ကိုကိုနောင်တို့သားအဖအကြောင်းကိုတွေးရင်း စိတ်များ ထိုင်းမှိုင်းသွားကာ နော်ရင်မွေးက ပြတင်းဝမှခွာခဲ့လေသည်။

နော်ရင်မွေးသည် မီးပူဆက်မတိုက်ဖြစ်သေးပဲ စာအုပ်ဘီရိုကြီးရှေ့ရောက်သွားသည်။ ဘီရိုကိုဖွင့်လိုက်သည်။ ဘီရိုအောက်ဆုံးထပ်မှ ပစ္စည်းတစ်ခုကိုနှိုက်ထုတ်လိုက်သည်။ နော်ရင်မွေးလက်ထဲတွင် သတင်းစာစက္ကူဖြင့်ပတ်ထားသော ပစ္စည်းတစ်ခုပါလာသည်။

သတင်းစာစက္ကူကိုဖြည်လိုက်သည့်အခါ ့ခြောက်လက်မခန့်မြင့်သော မျက်လုံးပြူးပြူး၊ ရွှေဝါရောင်ဆံပင်နှင့် ဘိုမရုပ်ကလေးက နော်ရင်မွေးကိုပြန်ကြည့်နေလေသည်။

ဘိုမရုပ်ကလေးကိုကြည့်ရင်း နော်ရင်မွေးမျက်ရည်ဝဲလာသည်။

ခုဆို ့ကိုကိုနောင် ဘယ်ဘဝကိုများ ရောက်နေမှာပါလိမ့်။

ကိုကိုနောင်တစ်ယောက် ကောင်းရာဘုံဘဝကိုရောက်ပါစေ။

\+ + + + +

တစ်အိမ်လုံးကိုသန့်ရှင်းရေးလုပ်ပြီးသည့်အခါ နေ့လည်တစ်နာရီ ထိုးသွားလေပြီ။ ရန်နောင်လည်း အတော်ပင်ပန်းသွားလေ၏။

မနက်က စားထားသော ကိတ်မုန့်သည်လည်း အစာကြေကာ နောက်တစ်ခေါက်ဆာလောင်လာပြန်သည်။

ရန်နောင်က ယွန်းပေးလိုက်သောခေါက်ဆွဲထုတ်များကို ရေချိုးပြီးမှ အေးအေးဆေးဆေးစားရန်စိတ်ကူးကာ ့ရေအမြန်ချိုးပစ်လိုက်လေသည်။

ရေချိုးအပြီးတွင် ခေါက်ဆွဲခြောက်များကို ရေနွေးနှင့်ဖျောရန် ပြင်ရသည်။ လျှပ်စစ်မီးဖိုကိုရှာရပြန်သည်။ လျှပ်စစ်မီးဖိုကို ကြောင်အိမ်အောက်ဆုံးထပ်တွင် သွားတွေ့၏။

မီးဖိုက ကွိုင်နှစ်ခုပတ်ထားသည့်မီးဖိုဖြစ်သော်လည်း မီးဖိုတွင် အတွင်းဖက်ကွိုင်တစ်ခုကိုသာတွေ့ရတော့သည်။ မတတ်နိုင်တော့ ့ကြာချင်လည်းကြာပေစေတော့။ ဒါနဲ့ပဲတည်ရတော့မည်။ မီးမွေးမနေနိုင်တော့ပါ။

ရန်နောင်က ခေါက်ဆွဲခြောက်ထုတ်ပေါ်က အညွှန်းကိုဖတ်ကြည့်လိုက်သည်။ သိပ်တော့မခက်ခဲပါ။

ရန်နောင်က ဒန်အိုးတစ်ခုကိုယူကာ ရေကိုခေါက်ဆွဲတစ်ထုတ်စာ ချိန်ဆ၍ထည့်လိုက်သည်။

မီးဖိုပလပ်ခေါင်းကို ပလပ်ပေါက်တွင်တပ်လိုက်သည့်အခါ တစ်ခုတည်းသောကွိုင်က အနီရောင်သန်းကာ လင်းသွားလေသည်။

ဒန်အိုးကို မီးဖိုပေါ်တင်လိုက်သည်။

မီးအားကောင်းသောကြောင့် သိပ်မကြာခင် ရေနွေးဆူသွားသည်။ ရန်နောင်က ခေါက်ဆွဲခြောက်များကို ရေနွေးဆူဆူထဲဖောက်ထည့်လိုက်၏။ အပိုပါသောအထုတ်ကလေးများကိုလည်း အားလုံးဖောက်ထည့်လိုက်သည်။ ခေါက်ဆွဲဟင်း၏ရနံ့က တစ်အိမ်လုံးသင်းပျံ့သွားလေသည်။

ခေါက်ဆွဲများကို ပန်းကန်လုံးထဲပြောင်းထည့်ပြီး ပူနေချိန်မှာပင် စားလိုက်လေသည်။ ခေါက်ဆွဲက ချဉ်စပ်အရသာမို့ ချွေးများထွက်ကာ လန်းသွားလေသည်။

တစ်ထုတ်နှင့်မဝသေး။ ရန်နောင်က ဒန်အိုးထဲသို့ ခေါက်ဆွဲနှစ်ထုတ်စာရေများတစ်ခါတည်းထည့်ကာ နောက်တစ်ခေါက်ထပ်ပြီး ရေနွေးကြိုလိုက်ပြန်သည်။

ကျန်တဲ့ခေါက်ဆွဲနှစ်ထုတ်ကို တစ်ကြိမ်တည်းရေနွေးဖျောကာ အားရပါးရစားပစ်လိုက်၏။

''ကျေးဇူးတင်ပါတယ်ယွန်းရယ်''

ကိတ်မုန့်နှင့်ခေါက်ဆွဲခြောက်ထုတ်များပေးလိုက်သောယွန်းကို တကယ်ပင်ကျေးဇူးတင်ကာ အသံထွက်ရေရွတ်လိုက်မိသည်။

စားသောက်ပြီးတော့ ့အလုပ်ပင်ပန်းထားသည့်ဒဏ်ဖြင့် ရန်နောင့်မျက်လုံးများ မှေးစင်းလာလေသည်။

အိုးခွက်ပန်းကန်များကို မဆေးနိုင်သေးပဲ ကုတင်လေးပေါ်သွားပြီး လှဲနေလိုက်သည်။

သွပ်မိုးပေါ်သို့ မိုးရေကျသောအသံက တပြောင်းပြောင်းမြည်နေသည်။

ရန်နောင်လည်း ခဏချင်းမှာပင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားလေ၏။

♛♛♛♛♛

## ( ၁၀ )

သူ ဘယ်လောက်ကြာကြာ အိပ်ပျော်သွားသည်မသိ။

နိုးလာတော့ မိုးသံများကို မကြားရတော့ချေ။

ရန်နောင်က အိပ်ရာဘေးချထားသောနာရီလေးကိုယူကြည့်လိုက်သည်။ **သုံးနာရီ**ထိုးနေပါပကော။

ရန်နောင်က အိပ်ရာမှထလိုက်သည်။ သူတစ်ခုခုလုပ်မှဖြစ်တော့မည်။

အဖေကလည်း ခုထိပြန်မလာသေး။ ရုံးဆင်းချိန်အထိစောင့်လို့မှအဖေပြန်မလာရင် အဖေ့နောက်ကိုလိုက်ရတော့မည်။ သူ့မှာက ခြေထောက်အနာကြီးနဲ့ဆိုတော့ အဖေ့နောက်ကိုလိုက်ဖို့မလွယ်။ အားမနာ တမ်းအကူအညီတောင်းနိုင်တဲ့စည်သူမောင်လည်းပြောင်းသွားပြီ။ ခြေရင်းအိမ်က ဦးစောဝေမိုးကိုပဲ လူကြီးပေမယ့် အားမနာနိုင်ပဲ အကူအညီတောင်းသင့်တောင်းရတော့မည်။

ရန်နောင့်စိတ်ထဲတွင် ယွန်းပေါ်လာပြန်သည်။

ယွန်း။ ယွန်းကိုအကူအညီတောင်းလို့လည်း ရသားပဲ။ အဖေ့နောက်ကိုတော့ ယွန်းကိုလိုက်ခိုင်းလို့မကောင်း။ အဖေက အခွန်ရုံးမှာ အလုပ်လုပ်တဲ့ ရုံးအုပ်ကြီးဖြစ်သည်။ ရုံးဆင်းလျှင် အရက်ဆိုင်တန်းရောက်တတ်သူလည်းဖြစ်သည်။

ရန်နောင်က သူပြန်ရောက်နေတာကို ချစ်သူသင်းသင်းသွယ် သိစေချင်သည်။ သင်းသင်းဆီကိုစာရေးလို့မရလို့ သူပြန်လာမယ်ဆိုတာ အကြောင်းမကြားနိုင်ခဲ့ပါ။ သူပြန်ရောက်နေတာကို သင်းသင်းသွယ် သိမည်မဟုတ်ပေ။

ယွန်းကိုပဲအကူအညီတောင်းပြီး သင်းကိုအသိပေးရပေတော့မည်။

ယွန်းကို သင်းဆီတိုက်ရိုက်သွားခိုင်းဖို့မကောင်းရင်လည်း လမ်းထိပ်ကမရှုလွှမ်ဆီကိုသွားခိုင်းကာ မရှုလွှမ်ကို သင်းသင်းသွယ်ဆီ အကြောင်းကြားပေးဖို့ တစ်ဆင့်ပြောခိုင်းရမည်။

ရန်နောင်သည် သင်းသင်းသွယ်ကိုသတိရရင်းမှ သင်းအတွက်ဝယ်လာသော ပဝါလေး ပျောက်သွားတဲ့အိတ်ထဲမှာပါသွားတာကို နှမြောနေမိသည်။ ပြီးတော့ ့သင်းဓာတ်ပုံ။ သူ့အတွက် သင်းရိုက်ပေးထားသောဓာတ်ပုံလေးသည်လည်း သားရေအိတ်နှင့်အတူ ပါသွားခဲ့ပြီ။

သူ့ဆီမှာ သင်းဓာတ်ပုံတစ်ပုံရှိသေးတာကို သတိရလိုက်သည်။ ပျောက်သွားတဲ့ဓာတ်ပုံအတိုင်း နောက်တစ်ပုံကို သူသိမ်းထားခဲ့သည်။

ရန်နောင်က ဓာတ်ပုံကိုသတိရကာ ဘီရိုရှေ့ကိုထသွားလိုက်သည်။ ဘီရိုကိုဖွင့်လိုက်သည်။ ဘီရိုထဲက ပရုတ်လုံးနံ့က ပျံ့ထွက်လာပြန်၏။

ဘီရိုအံဆွဲလေးကိုဆွဲဖွင့်ကာ အံဆွဲအောက်ခြေတွင်ခင်းထားသောသတင်းစာစက္ကူကိုလှန်လိုက်သည်။

တွေ့ပါပြီ။

ရန်နောင်က သင်းသင်းသွယ်၏ဓာတ်ပုံလေးကိုကောက်ယူလိုက်သည်။

ဤဓာတ်ပုံမှာလည်း ပျောက်သွားသောဓာတ်ပုံနှင့်အတူတူပင် ဖြစ်ပါသည်။

ဓာတ်ပုံရိုက်ခဲ့စဉ်ကအဖြစ်များကို ရန်နောင်ပြန်၍သတိရလိုက်သည်။

မြို့ထောင့်စေတီဝင်းထဲမှာ သူတို့ချိန်းတွေ့စဉ်က ...

ရန်နောင်ရန်ကုန်သွားပြီးအလုပ်လုပ်ခါနီး ...

ရန်နောင်က ပူဆာလွန်းသောကြောင့် သင်းသင်းသွယ် အရဲစွန့်ထွက်လာခြင်းဖြစ်သည်။

''ကိုနောင်ရန်ကုန်သွားခါနီးမို့သာ သင်းအရဲစွန့်ပြီးထွက်လာတာ၊ အိမ်ကသိသွားမှာသိပ်ကြောက်တာပဲ''

''သုံးလကြာအောင်ခွဲရမှာ ... ဒါလောက်တော့ ကိုယ့်အတွက် စွန့်စားပေးပါဦးသင်းရယ်''

''အင်းလေ ... အခုတွေ့နေရပြီပဲ၊ ကိုနောင်က ရန်ကုန်ကို ဘာသွားလုပ်မှာလဲဟင်''

''အလုပ်လုပ်ဖို့သွားတာပါ သင်း၊ ရန်ကုန်မှာ မေမေ့ဖက်က မေမေ့အစ်မဝမ်းကွဲတစ်ယောက်ရှိတယ်လေ၊ သူက ပွဲရုံလုပ်ငန်းလုပ်နေတာ၊ သူက ကိုယ့်ကို တက္ကသိုလ်မတက်ခင် အားနေတုံး သူ့ဆီမှာ အလုပ်လာလုပ်လှည့်တဲ့၊ ခေါ်လို့''

''ဟင် ကိုနောင့်ကို ပြန်မလွှတ်ပဲ ဟိုမှာအမြဲတမ်းခိုင်းထားပါဦးမယ်''

''စိုးရိမ်သလား သင်း၊ မစိုးရိမ်ပါနဲ့ကွာ၊ ကိုယ်က တက္ကသိုလ်ဆက်တက်ရင် ကျောင်းစရိတ်ကာမိအောင် သွားလုပ်တာပါ၊ ပြန်လာမှာပါ၊ ကိုယ့်မှာ သံယောဇဉ်တွယ်စရာ အဖေနဲ့သင်းနဲ့ရှိနေတာပဲ''

''ကိုနောင်က ကိုနောင့်အဖေကိုတော့ တော်တော်ချစ်တယ်နော်''

''အမေမှမရှိတော့ပဲသင်းရယ်၊ သားအဖနှစ်ယောက်တည်းရှိတာ၊ ကိုယ်ကလည်း အဖေ့ကိုချစ်တယ်၊ အဖေကလည်း ကိုယ့်ကိုချစ်တာပဲ၊ ကိုနောင်က အလုပ်လုပ်ချင်တာပါ၊ ကျောင်းဆက်မတက်ချင်ဘူး၊ အဖေ့ကိုလုပ်ကျွေးချင်တာ၊ အဖေက ကိုယ့်ကိုတက္ကသိုလ်ကျောင်းသား သိပ်ဖြစ်စေချင်တာလေ၊ ကျောင်းသာတက်စေချင်တာ အဖေ့မှာ သူ့လခလေးနဲ့ ကိုယ့်ကို ကျောင်းစရိတ်ထောက်ပံ့ဖို့ ခက်တယ်ဆိုတာ ကိုယ်သိနေတယ်သင်း၊ အဲဒါကြောင့် ကျောင်းစရိတ်လေးရအောင် အလုပ်သွားလုပ်တာပါကွာ''

''ကိုနောင်က အဖေကိုညှာလိုက်တာနော်၊ ကိုနောင့်အဖေ အရက်မသောက်ရင်ကောင်းမယ်ကွယ်၊ သင်းတို့အိမ်က ကိုနောင့်အဖေ အရက်သောက်တာကိုပဲ အပြစ်ပြောနေတာ၊ အဲဒါကြောင့် ကိုနောင်နဲ့တွဲတာကို သဘောမတူဘူးဖြစ်နေတာကိုနောင်၊ ကိုနောင့်ကိုတော့ မေမေတို့က သဘောကျပုံရပါတယ်''

''သင်းရယ် ... ကိုယ်လည်း အဖေအရက်သောက်တာ မကြိုက်ပါဘူးကွာ၊ ဒါပေမယ့် ... အဖေ့မှာလည်း စိတ်အပန်းဖြေစရာ ဒါပဲရှိရှာတာ၊ ကိုယ် မတားရက်ဘူး၊ မေမေဆုံးသွားပေမယ့် နောက်မိန်းမမယူပဲ ကိုယ့်ကိုပုံပြီးချစ်နေတာနဲ့တင် ဖေဖေ့ကိုကျေးဇူးတင်လုပါပြီ၊ အရက်မသောက်ဖို့ပြောမထွက်ဘူးကွာ''

သင်းသင်းသွယ်က သက်ပြင်းချလိုက်သည်။

''ကိုယ်သွားခါနီး စိတ်ညစ်စရာတွေပြောမနေပါနဲ့သင်းရာ၊ ကိုယ်တော့ ရန်ကုန်ရောက်ရင်သင်းကိုလွမ်းနေတော့မှာပဲ''

ရန်နောင်က သင်းသင်းသွယ်ကို ဓာတ်ပုံတွဲရိုက်ဖို့ပူဆာသည်။

''ဘယ်ဖြစ်မှာလဲကိုနောင်ရယ်၊ ခုလိုချိန်းတွေ့တာတောင် အိမ်ကသိရင် မိုးမီးလောင်မှာ၊ ဓာတ်ပုံတွဲရိုက်တာများ မိသွားလို့ကတော့ သတ်တောင်သတ်မလားမသိဘူး''

နောက်ဆုံးတော့ သင်းသင်းက ရန်ကုန်ရောက်ရင် အမှတ်တရ ကြည့်လို့ရအောင် ဓာတ်ပုံတစ်ပုံရိုက်ပေးဖို့ သဘောတူခဲ့သည်။ နှစ်ယောက်တွဲရိုက်ဖို့တော့ မဟုတ်။ သင်းသင်း တစ်ယောက်တည်းပုံကိုရိုက်ကာ ရန်နောင့်အတွက်လက်ဆောင်ပေးလိုက်ဖို့ပင်ဖြစ်သည်။

မြို့ထောင့်စေတီဘုရားဝင်းထဲမှာ ''၁၅မိနစ်အမြန်''ဓာတ်ပုံဆိုင်တစ်ဆိုင်ကလည်း အဆင်သင့်ရှိနေသည်။

သင်းသင်းက **''ရှုတိုင်းယဉ် ၁၅မိနစ်အမြန်ဓာတ်ပုံဆိုင်''**တွင် သူမတစ်ယောက်တည်း စေတီဝင်းထဲမှာ မတ်တပ်ရပ်နေသည့်ပုံကို ရိုက်ပေးခဲ့ပါသည်။

၁၅မိနစ်စောင့်ပြီးဓာတ်ပုံထွက်လာတော့ စေတီအုတ်တံတိုင်းဘေးတွင် မတ်တပ်ရပ်နေသော သင်းသင်းသွယ်၏ကိုယ်တစ်ပိုင်းပုံကို တွေ့ရလေ၏။

သင်းက ဓာတ်ပုံနှစ်ပုံရွေးကာ တစ်ပုံကို သူ့ကိုပေးခဲ့ခြင်းဖြစ်သည်။

ဓာတ်ပုံနောက်ကျောမှာ ...

*''ကိုနောင် သတိရတိုင်းကြည့်ဖို့*

*ချစ်သော*

*သင်း*

*၂၂-၇-၈၉''*

...ဟု စာရေးပြီး လက်မှတ်ထိုးပေးထားခဲ့သည်။ ဓာတ်ပုံရိုက်သည့်ရက်စွဲကိုလည်း လက်မှတ်အောက်မှာ ရေးပေးခဲ့သည်။ ၁၉၈၉ခုနှစ် ဇူလိုင်လ(၂၂)ရက်။ ထိုနေ့သည် စနေနေ့ဖြစ်ပါသည်။

နောက်သုံးရက်အကြာတွင် ရန်နောင် ရန်ကုန်ကိုသွားခဲ့ခြင်းဖြစ်သည်။

သင်းသင်းကိုယ်တိုင် စာရေး၍လက်မှတ်ထိုးပေးခဲ့သောဓာတ်ပုံလေးကတော့ ပျောက်သွားတဲ့သားရေအိတ်နဲ့အတူ ပါသွားပါပြီ။

ဒီပုံလေးက နောက်တစ်နေ့မှာ မြို့ထောင့်စေတီဝင်းထဲက ရှုတိုင်းယဉ်ဓာတ်ပုံဆိုင်ကို သူတစ်ယောက်တည်း နောက်တစ်ခေါက် ထပ်သွားကာ ကူးခိုင်းထားသောပုံဖြစ်ပါသည်။ ရန်နောင့်ကို ကဲတယ်လို့ပဲဆိုချင်ဆိုပါတော့။ ချစ်သူပေးတဲ့ပုံတစ်ပုံရတာတောင် မတင်းတိမ်နိုင်ပဲ ထိုပုံကိုပဲ နောက်ထပ်မိတ္တူတစ်ပုံထပ်ကူးထားခြင်းဖြစ်ပါသည်။

ခုတော့ ရန်နောင့်လုပ်ရပ်မှန်သွား၏။ အပိုကူးထားသောပုံကလေးကို ဘီရိုထဲမှာသိမ်းထားခဲ့လို့ သင်းရဲ့ဓာတ်ပုံ သူ့လက်ထဲမှာ ကျန်နေတာမဟုတ်လား။ ဓာတ်ပုံတစ်ပုံထပ်ကူးတာကို သင်းသင်းသွယ်ကတော့ မသိရှာပေ။

သင်းနဲ့သူနဲ့နောက်ဆုံးတွေ့ခဲ့ကြတာလည်း မြို့ထောင့်စေတီဝင်းထဲမှာ ချိန်းတွေ့ခဲ့သည့်နေ့ပင်ဖြစ်သည်။ နောက်သုံးရက်အကြာမှာ သူ ရန်ကုန်သွားတော့ သင်း ကားဂိတ်ကိုလာပြီးနှုတ်မဆက်နိုင်ပါ။

သုံးလလုံးလုံး ရန်ကုန်မှာ သင်းကိုလွမ်းနေခဲ့ရသည်။ စာထည့်လို့လည်း မဖြစ်လို့ သင်းနဲ့သူ သုံးလလုံးအဆက်အသွယ်ပြတ်ခဲ့ရပေ၏။

ရန်နောင်က သင်းသင်းသွယ်ဓာတ်ပုံလေးကိုကြည့်ရင်း ပြန်တွေးနေမိသည်။

အပြင်မှာ မိုးလည်းတိတ်သွားပြီ။

ယွန်းကိုပဲ အဆင်ပြေသလိုအကူအညီတောင်းမည်ဟုစိတ်ကူးကာ နောက်ဖေးပေါက်ကနေ ဆင်းလာခဲ့၏။

♛♛♛♛♛

( ၁၁ )

ယွန်းထင်တဲ့အတိုင်းပါပဲ။

ယွန်းဆီကို ရန်နောင် နောက်တစ်ခေါက်ထပ်ရောက်လာဦးမယ်လို့ထင်ထားတဲ့အတိုင်း ရန်နောင်လာနေတာကို ယွန်းမြင်လိုက်သည်။

ရန်နောင်က သူ့အိမ်ဖက်ကနေပြီး ယွန်းတို့ခြံစည်းရိုးအစပ်ဆီကို ခြေထောက်လေး ထော့နင်းထော့နင်းဖြင့် လျှောက်လာနေ၏။

ယွန်းက အခန်းထဲတွင် အိပ်နေသောမေမေ့ကို လှမ်းကြည့်လိုက်သည်။ ဒေါ်မြသီတာနှစ်နှစ်ချိုက်ချိုက်အိပ်ပျော်နေပါသည်။

ယွန်းက ခြေသံမကြားအောင် အိမ်ထဲမှထွက်ခဲ့ကာ ခြံစည်းရိုးအစပ်ကနေ၍ ရန်နောင့်ကိုစောင့်နေလိုက်သည်။

''ယွန်း ...''

''ဘာလဲရန်နောင်''

''အားတော့နာပါတယ်ဟာ၊ ငါ့ကိုတစ်ခုလောက်ကူညီပါဦး''

''ဘာလဲ ့စားစရာပေးရဦးမှာလား''

''မဟုတ်ပါဘူး၊ ငါ့အဖေမှပြန်မလာရင် နင်လည်း ငါ့ကို စားစရာပေးလို့ဆုံးမှာမဟုတ်ဘူး၊ အဖေတစ်ခုခုဖြစ်နေလား ငါ စိုးရိမ်လို့''

''နင့်အဖေကလည်းဟယ် ့ဟုတ်ပါရဲ့၊ ကိုယ့်သားတစ်ယောက်လုံးအိမ်ပြန်ရောက်နေတာတောင် ပြန်မလာဘူး၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်နော် ရန်နောင်၊ ငါတို့ရောက်နေတဲ့တစ်ပတ်အတွင်းမှာ နင်တို့အိမ်ဖက်မှာ ဘယ်သူ့ကိုမှမမြင်မိဘူး၊ လူတစ်ယောက်မှကို မမြင်မိတာ၊ ငါတို့က အဲဒီဖက်အိမ်မှာ လူမနေတာကြာပြီလို့တောင် ကြားထားတာ''

''အဖေလည်း ငါမရှိတော့ အိမ်မပြန်ချင်လို့ဖြစ်ပါလိမ့်မယ်ဟာ၊ အဖေက အပေါင်းအသင်းလည်း များတယ်လေ၊ ငါ နင့်ကို အကူအညီတစ်ခုတောင်းချင်လို့''

''ပြော ့''

''ငါ့ကိုလမ်းထိပ်က မရှုလွင်တို့အိမ် သွားပေးပါလား''

''မရှုလွင် ့လမ်းထိပ်က ့''

''အေးလေ ့မိုးနတ်သူဇာအပ်ချုပ်ဆိုင်လေ၊ သိတယ် မဟုတ်လား၊ အဲဒီက မရှုလွင်က ငါ့သူငယ်ချင်းပေါ့၊ မရှုလွင်တို့က ထီပေါက်သွားသလားတောင် မသိဘူးဟာ၊ ငါမရှိတဲ့သုံးလအတွင်း ပျဉ်ထောင်အိမ်ကနေ တိုက်အိမ်ကြီးဖြစ်နေပြီ''

''ဟင် ့''

ရန်နောင့်စကားကြောင့် ယွန်းမျက်မှောင်ကုပ်သွားသည်။

''အဲဒီအိမ်မှာ အဘွားကြီးတွေပဲတွေ့ပါတယ်၊ နင်နဲ့ရွယ်တူ မိန်းကလေးမတွေ့မိပါဘူး''

''မရှုလွင်က ညီအစ်မငါးယောက်ထဲမှာ အငယ်ဆုံးလေ၊ သူလည်း ဒီနှစ်ဆယ်တန်းအောင်ထားတာ''

''ငါတို့အိမ်မှာ မိတ်ဆက်လက်ဖက်ရည်ပွဲလုပ်တုံးက လာသွားတာ ဒေါ်ရှုလွင်တဲ့၊ အဲဒီစက်ချုပ်ဆိုင်ကပဲ၊ အသက်ကြီးလှပါပြီ၊ မေမေတို့အရွယ်လောက်ရှိတယ်''

''ဟ ့အဲဒါသူ့အမေပါဟ၊ သူ့အမေနာမည်က ဒေါ်ရှုကြည်၊ နင်နာမည်အမှတ်မှားလို့ဖြစ်ပါလိမ့်မယ်''

ယွန်းဇဝေဇဝါဖြစ်သွားပြန်လေသည်။ ယွန်းသိထားတာက မိုးနတ်သူဇာအပ်ချုပ်ဆိုင်မှာ အပျိုကြီးညီအစ်မတွေချည်းရှိသည်။ ညီအစ်မတွေအားလုံးလည်း အသက်လေးဆယ်မှ ခြောက်ဆယ်အတွင်းတွေဖြစ်ကြသည်။ ရန်နောင်ပြောတဲ့မရှုလွင်က အပျိုကြီးတွေရဲ့ တူမတွေ ဘာတွေများဖြစ်နေမလား မသိ။

''ဒီလိုလုပ်ဟာ ့ငါ နင့်ကိုအားလည်းနာတယ်၊ မရှုလွင်ဆီသွားမနေနဲ့တော့၊ ဈေးနားအထိသွားပေးပါလား''

''ဈေးနား ဘယ်သူ့ဆီသွားပေးရမှာလဲ''

''ဟို ့''

ရန်နောင်က ရုတ်တရက်ပြောမထွက်ပဲရှိနေသည်။ သင်းသင်းကို သူ့ရည်းစားလို့ပြောလိုက်ရမှာကို ယွန်းရှေ့မှာ ဝန်လေးနေသည်။ ယွန်းက သူ့ကို ရည်းစားရှိပြီးသားလူတစ်ယောက်လို့သိသွားမှာကို စိုးရိမ်နေမိသည်။ ဘာကြောင့်လဲတော့မသိ။ ယွန်းကိုလည်း သူ့စိတ်ထဲမှာ တိမ်းညွှတ်နေမိသည်။ ယွန်းနဲ့စကားပြောရတော့ စိတ်ပျော်မိသည့်အပြင် ယွန်းရဲ့လွတ်လပ်ပွင့်လင်းတဲ့ပုံစံလေးကိုလည်း သဘောကျနေမိပါသည်။

အို ့ငါ့မှာချစ်သူရှိပြီးသားပဲ။ ဒီလိုစိတ်မျိုးဝင်တာ မကောင်းပါဘူးလေ။

''ပြောလေ ့ငါ ဘယ်ကိုသွားပေးရမှာလဲ''

''ဟို ့ဟို ့ သင်း ့သင်းသင်းသွယ်ဆီကိုပါ''

''သင်းသင်းသွယ်''

''သင်းက ငါ့ ့ငါ့ချစ်သူပေါ့ဟာ၊ ငါ့ချစ်သူဆိုပါတော့''

''ဟင် ့''

''ဒီမှာ သူ့ဓာတ်ပုံ''

ရန်နောင်က လက်ထဲမှာပါလာသည့်ဓာတ်ပုံကို ယွန်းကိုပေးလိုက်သည်။

ယွန်းကဓာတ်ပုံကိုယူကြည့်လိုက်ရာ လှပချောမောသော ကောင်မလေးတစ်ယောက်ပုံကိုတွေ့လိုက်ရ၏။ ညာဖက်ပါးပြင်မှာ မှဲ့နက်လေးတစ်လုံးနဲ့။ စံပယ်တင်မှဲ့ကလေး။

''အမလေး ့ဓာတ်ပုံတစ်ပုံလုံး လက်ထဲပိုင်ပိုင်နိုင်နိုင်ရောက်နေတာများ၊ ငါ့ချစ်သူဆိုပါတော့တဲ့၊ ချစ်သူဖြင့် ချစ်သူပေါ့ဟဲ့''

ယွန်းက မျက်စောင်းထိုးရင်းပြောလိုက်လေသည်။

ရန်နောင်က စပ်ဖြဲဖြဲဖြင့်ရယ်နေ၏။

''ကဲ ့ပြော ့ပြော ့ ဘယ်နေရာအထိသွားရမှာလဲ၊ တွေ့ရင်ဘာပြောရမှာလဲ''

''ငါပြန်ရောက်နေပြီဆိုတာ ပြောပေးဖို့ပါဟာ''

''သူ့အိမ်က ဘယ်မှာလဲ''

''ဈေးနားမှာ ့ဈေးထိပ်ကနာရီစင်ကြီး သိတယ်မဟုတ်လား''

''သိတယ်''

''နာရီစင်ရောက်ရင် အနောက်ဖက်ကိုချိုးကွေ့သွားလိုက်''

''အနောက်ဖက်ဆိုတာ ညာဖက်လား''

''အေး ့ဒီကသွားရင် ညာဖက်ပေါ့''

''ငါက ဒီမြို့ရောက်ခါစဆိုတော့ အရှေ့အနောက်တောင်မြောက် မသိသေးလို့ မေးရတာဟ''

''နာရီစင်ကနေ ညာဖက်လမ်းကိုဝင်သွားရင် အိမ်သုံးအိမ်ကျော်တာနဲ့ စာအုပ်အငှားဆိုင်တစ်ဆိုင်တွေ့လိမ့်မယ်၊ အိမ်ရှေ့မှာ စာအုပ်အငှားဆိုင်လေးဖွင့်ထားတာ သင်းတို့အိမ်ပဲ၊ သိသာပါတယ်ဟာ၊ ဆိုင် နာမည်က *ငြိမ်းချမ်းရေး* ့တဲ့''

''သင်းသင်းသွယ်နော်၊ သူ့ကိုတွေ့ရင် ငါက ဘာပြောရမှာလဲ''

''နင် ချက်ချင်းကြီးတော့ ပြောင်ဝင်ပြောလို့မရဘူး၊ သူ့အိမ်က ငါ့ကိုသိပ်မကြည်ဘူးဟ၊ စာအုပ်အငှားဆိုင်ဆိုတော့ စာအုပ်ကြည့်သလိုလိုနဲ့ ဆိုင်ထဲဝင်သွားပေါ့၊ သင်းကိုတွေ့ရင် အနားမှာ လူမရှိမှ တိုးတိုးပြောနော်''

''ဩော် ့ဒီလိုလား၊ ငါသဘောပေါက်ပါတယ်၊ သင်းသင်းသွယ်က ဆိုင်မှာ ရှိရောရှိပါ့မလား''

''သူပဲထိုင်တာပါ၊ နေ့ခင်းဆို ဆိုင်ထိုင်မယ့်လူ သူတစ်ယောက်ပဲရှိတာ''

''ဟုတ်ပါပြီ၊ တွေ့ရင် ဘာပြောရမှာလဲ''

''ငါ ရန်ကုန်က ပြန်ရောက်နေပြီလို့၊ ခြေထောက်နာနေလို့ အပြင်မထွက်နိုင်ဘူးလို့၊ ဖြစ်နိုင်ရင် ညနေပိုင်း အိမ်ကိုလာခဲ့ပါလို့၊ ၆နာရီလောက်ရောက်အောင်လာပါလို့''

''အဲဒီလိုတော့ သူက လာလို့ရသလား''

''သူငယ်ချင်းတစ်ယောက်ခေါ်ပြီး လစ်ထွက်လာမှာပေါ့ဟာ၊ ဒါကတော့ သူ့အပိုင်းပါ''

''ဟုတ်ပါပြီ၊ ငါသွားပေးမယ်လေ၊ နင့်အတွက် စားစရာဝယ်ခဲ့ဖို့လည်းပြောလိုက်မယ်နော်''

''ဘာလဲ နင်က ငါ့ကိုစားစရာထပ်ပေးရမှာစိုးလို့လား''

''ဟုတ်တယ်လေ၊ နင့်မှာရည်းစားတစ်ယောက်လုံးရှိနေတာပဲ၊ နင့်အတွက် အစားအသောက်ကို နင့်ရည်းစားက တာဝန်ယူရမှာပေါ့ဟဲ့''

ရန်နောင်က ရှက်မျက်နှာဖြင့် ရယ်နေသည်။

''ဒါဖြင့် ့ဒီဓာတ်ပုံ ငါခဏယူသွားမယ်နော်၊ လူမမှားအောင် တိုက်ကြည့်သင့်ရင် တိုက်ကြည့်ရအောင်''

''ယူသွားလေ''

ယွန်းက လက်ပတ်နာရီကိုကြည့်လိုက်သည်။

''လေးနာရီတောင်ထိုးတော့မယ်၊ မိုးတိတ်နေတုံးသွားမှ''

''ငါ့ကိုကူညီတာ ကျေးဇူးတင်ပါတယ်ယွန်းရယ်''

''ဒီလိုပေါ့ဟာ ့ပါရမီဖြည့်ရတာပေါ့''

ယွန်းက သူ့ကိုနှုတ်ဆက်ပြီး လှည့်ထွက်လာခဲ့သည်။

ရန်နောင်က ခြံစည်းရိုးနားက ထွက်မသွားသေးပဲ ယွန်းကို နောက်မှကြည့်ရင်း ကျန်ခဲ့၏။

+ + + + +

ယွန်းအိမ်ထဲပြန်ရောက်တော့ မေမေအိပ်ရာက နိုးနေပြီ။

''မေမေ သမီးဈေးနားကိုခဏသွားလိုက်ဦးမယ်''

''ဘာလုပ်ဖို့လဲ''

''ဟိုဖက်အိမ်ကကောင်လေးလေ ရန်နောင်၊ သူ့ရည်းစားအိမ်ကိုသွားခိုင်းလို့''

''လာပြန်ပြီလား၊ ဘယ်တုံးက တွေ့လိုက်ပြန်တာလဲ''

''အခုပဲ ခြံစည်းရိုးနားလာပြီး အကူအညီတောင်းတာမေမေ''

''ဘယ်မှာလဲ''

''ဟိုမှာလေ''

ယွန်းက အပြင်ကိုကျော်ကြည့်ကာ လက်ညှိုးထိုးပြလိုက်သည်။

ရန်နောင်ရပ်ကျန်ခဲ့တဲ့နေရာတွင် ရန်နောင့်ကိုမတွေ့ရတော့။ ရန်နောင်အိမ်ထဲပြန်ဝင်သွားတာ မြန်လိုက်တာ။

''ဟော ့မရှိတော့ဘူး၊ အိမ်ထဲပြန်ဝင်သွားပြီမေမေ''

''ညီးဟာက ဟုတ်ရဲ့လားအေ၊ ငါဖြင့် နှစ်ခါစလုံး အဲဒီ ကောင်လေးကို မမြင်ရဘူး''

''ဘာဖြစ်လို့လဲမေမေရဲ့၊ ဟောဒီမှာ သူ့ရည်းစားဓာတ်ပုံကိုတောင် ပေးလိုက်သေးတယ်၊ နာမည်က သင်းသင်းသွယ်တဲ့၊ သူတို့အိမ်က နာရီစင်ကြီးနားမှာတဲ့၊ သူခြေထောက်နာနေတာ သနားလို့ သူ့ရည်းစား သင်းသင်းသွယ်ကို သမီးသွားပြီး အကြောင်းကြားပေးမလို့ပါမေမေ''

''မှန်း ့ပြစမ်း''

ဒေါ်မြသီတာက ဓာတ်ပုံကိုတောင်းကြည့်လိုက်သည်။

ဒေါ်မြသီတာက ဓာတ်ပုံကိုကြည့်ကာ ''ကောင်မလေးက မဆိုးပါဘူး၊ လှသားပဲ''ဟုပြောကာ ပြန်ပေးလိုက်သည်။

ယွန်းက ဓာတ်ပုံကိုပိုက်ဆံအိတ်ထဲတွင်ထည့်ရင်း ့

''သမီး ခဏသွားမယ်နော်''

ဟု ့ခွင့်တောင်းလိုက်သည်။

ဒေါ်မြသီတာ မသွားနဲ့လို့လည်း မပြော၊ သွားလို့လည်း ခွင့်မပြုပဲ ဘာမျှပြန်မပြောပဲ နေနေသည်။

ယွန်းသည် စတိုခန်းထဲက စက်ဘီးကို သွားထုတ်ယူလိုက်၏။

ဒေါ်မြသီတာက ယွန်းနှင့်အတူ အိမ်ရှေ့ခြံဝအထိပါလာသည်။

''စက်ဘီးကိုကြည့်စီးနော်၊ အတင့်မရဲနဲ့၊ ဟိုကောင်မလေးနဲ့ တွေ့ရင်လည်း စကားကိုကြည့်ပြောဦး၊ ညီး ဒီလိုသွားတာလာတာ ငါ မကြိုက်ပေါင်အေ၊ ညီးအဖေသိရင်ပြောဦးမှာပဲ''

ဒေါ်မြသီတာ ဘေးမှစကားတွေတတွတ်တွတ်ပြောရင်းပါလာသည်။

အပေါက်ဝအရောက်တွင် သူတို့အိမ်ဖက်သို့လျှောက်လာနေသော ခြေရင်းဖက်အိမ်မှ ဒေါ်သောင်းသောင်းဆိုသည့်အဘွားကြီးကို တွေ့လိုက်ရသည်။

ဒေါ်သောင်းသောင်းက ယွန်းတို့အိမ်ကိုလာလည်ခြင်းဖြစ်သည်။

''ဟော ့ဒီသားအမိ ဘယ်ကိုသွားကြမလို့တုန်း''

''မေမေမလိုက်ပါဘူး၊ ယွန်းတစ်ယောက်တည်း ဈေးနားခဏသွားမလို့ပါကြီးကြီးသောင်း''

ယွန်းက ဒေါ်သောင်းသောင်းကိုပြန်ဖြေရင်း စက်ဘီးကိုနင်းကာ ထွက်သွားသည်။

''ယွန်းလေးက တော်တော်သွက်တယ်နော်၊ ဒီမြို့ရောက်တာ တစ်ပတ်ဆယ်ရက်ရှိသေးတယ်၊ သွားရဲလာရဲနေပြီ''

ဒေါ်သောင်းသောင်းက စက်ဘီးနင်းထွက်သွားသောယွန်းကို ကြည့်ကာ ပြောလိုက်သည်။

''မမသောင်းတူမက အကျိုးတော်ဆောင်နေတာလေ၊ ဟိုဖက်အိမ်ကကောင်လေးက သူ့ရည်းစားဆီသွားပေးဖို့ အကူအညီတောင်းလို့တဲ့၊ အဲဒါ သွားတာပဲ မမသောင်းရေ''

''ဟင် ..''

ဒေါ်မြသီတာစကားကြောင့် ဒေါ်သောင်းသောင်းက ဒေါ်မြသီတာကို တအံ့တသြပြန်ကြည့်လိုက်သည်။

''သီတာ ..ဘာပြောလိုက်တယ်၊ ဟိုဖက်အိမ်ကကောင်လေး၊ ဟုတ်လား၊ ဟိုဖက်အိမ်ဆိုတာ ဘယ်အိမ်ကိုပြောတာလဲ၊ ဘယ်ကောင်လေးကို ပြောတာလဲ''

''ဟိုအိမ်ကလေ ..ကျွန်မတို့အိမ်ခြေရင်းကအိမ်ပေါ့''

ဒေါ်မြသီတာကလည်း ရန်နောင်ရောက်နေသည့် အိမ်လေးဆီကို လက်ညှိုးထိုးပြရင်းပြောလိုက်သည်။ သူတို့ရပ်နေရာနေရာမှ ကြည့်လျှင် ရန်နောင်တို့အိမ်ကို မြင်နေရပါသည်။

''အဲဒီအိမ်မှာ လူမှမနေပဲသီတာ''

''အခုပြန်ရောက်နေပြီ မမသောင်း၊ ကောင်လေးက ရန်နောင် တဲ့''

**''အောင်မယ်လေး''**

ဒေါ်သောင်းသောင်းက ကျယ်လောင်စွာအော်လိုက်ကာ သူမ ရင်ပတ်ကြီးကို လက်ဖြင့် ဖြန်းကနဲပုတ်လိုက်သည်။

ဒေါ်မြသီတာပင် လန့်သွားမိ၏။

''ဘာဖြစ်လို့လဲ မမသောင်း''

''ရန်နောင် ..ဟုတ်လား၊ ပြောစမ်းပါဦး၊ ဘယ်လိုတွေ့တာလဲ''

''ယွန်းနဲ့အဲဒီကောင်လေးနဲ့ ဒီနေ့မနက်ဆုံကြတာတဲ့၊ ကျွန်မတော့ ရန်နောင်ဆိုတဲ့ကောင်လေးကို မမြင်မိပါဘူး၊ ယွန်းနဲ့ပဲ စကားပြောနေတာ၊ ယွန်းက သူစားဖို့ မုန့်ထုတ်တွေ ခေါက်ဆွဲထုတ်တွေတောင် ပေးလိုက်သေးတယ်''

''ယွန်းနဲ့ပဲ စကားပြောရတယ်၊ သူ့ကို သီတာမမြင်ရဘူး၊ ဟုတ်လား''

''ကျွန်မလှမ်းကြည့်လိုက်တိုင်း ကောင်လေးက အိမ်ထဲဝင် ဝင်သွားတယ်မမသောင်း၊ အဲ ..ပျောက်ပျောက်သွားတယ်''

''အမလေးတော် ..သရဲ ..သရဲ ..သရဲခြောက်ပြီ၊ အဲဒါ ..သရဲခြောက်တာပဲ သီတာ''

''ရှင် ..''

''ရန်နောင်ဆိုတာ သေပြီ၊ သေတာမှ အနှစ်၂၀ကြာပြီ၊ ကားတိုက်လို့သေတာ၊ ရန်ကုန်ကအပြန် ကိုးလောင်းကွေ့မှာ ကားချင်းတိုက်မိပြီး ပွဲချင်းပြီးသေသွားတာလေ''

''အို ..''

♛♛♛♛♛♛♛♛♛♛

# အပိုင်း – ၃

( ၁ )

ယွန်းသည် ရန်နောင်လမ်းညွှန်လိုက်သည့်အတိုင်းလာခဲ့ရာ နာရီစင်ကြီးရှေ့အရောက်တွင် ညာဖက်သို့ချိုးကွေ့လိုက်၏။

တွေ့ပါပြီ။ ရန်နောင်ပြောသလိုပဲ ့သင်းသင်းသွယ်တို့အိမ်က အရှာရမခက်ပါ။

လမ်းဘယ်ဖက်ခြမ်းတွင် စာအုပ်ဆိုင်မှန်းသိသာလှသော ဆိုင်တစ်ဆိုင်ကိုတွေ့လိုက်ရသည်။ ရန်နောင်ပြောသလို ဆိုင်သေးသေးလေးတော့မဟုတ်။ စာအုပ်စင်ကြီးများဖြင့် စာအုပ်ပေါင်းများစွာစီထပ်ထားသည်ကိုတွေ့ရသည့်အတွက် စာအုပ်အတော်စုံလင်ပုံရပေသည်။

ဆိုင်ထိပ်က *''ငြိမ်းချမ်းရေး စာပေနှင့် စာအုပ်အငှားဆိုင်''* ဆိုသည့်ဆိုင်းဘုတ်က သင်းသင်းသွယ်တို့အိမ်ဖြစ်ကြောင်း သက်သေပြနေသည်။

ယွန်းက ဆိုင်ထဲကို ရဲရဲတင်းတင်းဖြင့် ခပ်တည်တည်ပဲ ဝင်သွားလိုက်သည်။ သင်းသင်းသွယ်ကိုတွေ့တွေ့ မတွေ့တွေ့ စာအုပ်ငှားမည့်ဟန်ဖြင့် အကဲခတ်လို့ရသည်မဟုတ်ပါလား။

နေ့လည်ခင်းဖြစ်၍ စာအုပ်ဆိုင်ထဲမှာ လူရှင်းနေပါသည်။ မိန်းကလေးငယ်ငယ်တစ်ယောက်သာ စာရင်းမှတ်သည့်စားပွဲတွင် ထိုင်နေ၏။ ထိုမိန်းကလေးသည် ဓာတ်ပုံထဲက သင်းသင်းသွယ်နှင့်ရုပ်ချင်းဆင်သော်လည်း သင်းသင်းသွယ်တော့ မဖြစ်နိုင်ပါ။ အသက်ဆယ့်သုံးလေးနှစ်အရွယ်သာရှိသော မိန်းမငယ်လေးဖြစ်သည်။ သင်းသင်းသွယ်၏ညီမသာ ဖြစ်ချင်ဖြစ်ပါမည်။

ယွန်းက ဆိုင်ထဲမှာလူရှင်းနေသည့်အတွက် ထိုကလေးမဆီကိုလျှောက်သွားကာ မေးလိုက်သည်။

''သင်းသင်းသွယ်ရှိသလားဟင်''

ထိုကလေးမက ယွန်းကိုအံ့ဩဟန်ဖြင့်မော်ကြည့်သည်။

''ဟို ့မမက သင်းသင်းသွယ်သူငယ်ချင်းပါ၊ သင်းသင်းသွယ်နဲ့တွေ့ချင်လို့''

ယွန်းက ခပ်တည်တည်နှင့်ဖြီးလိုက်သည်။

''သူငယ်ချင်း ့ဟုတ်လား''

''ဟုတ်တယ်ညီမလေးရဲ့ ့သင်းသင်းသွယ်နဲ့မတွေ့ရတာ ကြာလို့''

ကောင်မလေးက ယွန်းကိုကြောင်ကြည့်နေပြန်သည်။

''ဘာလဲ ့သင်းသင်းသွယ်မရှိဘူးလားညီမ''

ယွန်းကစိတ်မရှည်နိုင်ပဲ ထပ်မေးလိုက်သည်။

''ရှိ ့ရှိပါတယ်၊ အိမ်ထဲမှာရှိပါတယ်''

''မမကို ခေါ်ပေးနိုင်မလားဟင်''

''မမ အိမ်ထဲကိုလိုက်ခဲ့လေ''

ကောင်မလေးက ထိုင်ရာမှထကာ ဆိုင်နောက်ဖက်သို့ဝင်သွားလေသည်။

ဆိုင်နှင့်အိမ်မှာ ကပ်ရပ်ဖြစ်သည်။ အိမ်ရှေ့မှမြေကွက်လပ်အပိုလေးတွင် ဆိုင်ခန်းကိုဆောက်ထားခြင်းဖြစ်၏။ အိမ်ဧည့်ခန်းကို ဆိုင်ထဲမှလှမ်းမြင်နေရသည်။

ယွန်းသည် ကောင်မလေးနောက်မှ အိမ်ထဲကိုလိုက်သွားလိုက်သည်။

''ထိုင်ပါဦးမမ၊ ခေါ်ပေးမယ်နော်''

ကောင်မလေးက ဧည့်ခန်းဆက်တီကိုညွှန်ပြကာ အပေါ်ထပ်သို့တက်သောလှေကားအတိုင်း တက်သွားလေသည်။

ယွန်းက ဆက်တီခုံတွင်ဝင်ထိုင်လိုက်၏။

အပေါ်ထပ်သို့တက်သွားသောကောင်မလေး လှေကားထိပ်အရောက်တွင် ပြောလိုက်သောအသံကိုကြားလိုက်ရသည်။

''မမေ ့အောက်မှာဧည့်သည်ရောက်နေတယ်''

''ဟယ် ့ဒုက္ခပါပဲ''

ယွန်းက စိတ်ထဲမှရေရွတ်လိုက်လေ၏။ သင်းသင်းသွယ်ကို ခေါ်မပေးပဲ သူ့အမေကိုခေါ်ပေးနေတာပါလား။ ဒုက္ခပဲ ..သင်းသင်းသွယ်နဲ့မတွေ့ရပဲ သူ့အမေကြီးဆင်းလာရင် ဘာစကားပြောရမှာပါလိမ့်။ အခြေအနေကိုကြိုမစုံစမ်းပဲ မေးမိတာမှားပြီ။

ကောင်မလေးက အပေါ်ထပ်မှပြန်ဆင်းလာသည်။

''လာလိမ့်မယ်နော်မမ၊ ခဏထိုင်စောင့်နေပါ''

ကောင်မလေးက ယွန်းကိုပြောပြီး အိမ်ရှေ့ဆိုင်ခန်းထဲသို့ ထွက်သွားလေသည်။

သင်းသင်းသွယ်တစ်နေရာရာသွားနေလို့ထင်ပါရဲ့။ မတတ်နိုင်တော့။ ကြုံသလိုကြည့်ပြောရတော့မည်။

ယွန်းက သင်းသင်းသွယ်အမေဆင်းလာလျှင် ဘယ်လိုပြောရမယ်ဆိုတာကို အလျင်အမြန်စဉ်းစားနေမိသည်။

ယွန်းတွေးနေစဉ်မှာပင် အပေါ်ထပ်မှဆင်းလာသောခြေသံကိုကြားလိုက်ရလေ၏။

♛♛♛♛♛

## ( ၂ )

''မမသောင်း ..မမသောင်း ..ဟုတ်ရဲ့လားဟင်၊ အားလုံးကတော့ အဲဒီအိမ်ထဲမှာ လူမနေတာကြာပြီလို့ပြောကြသား၊ အို ..သေပြီးတာ အနှစ်၂၀ကြာတဲ့လူက ခုမှ ဘယ်လိုဖြစ်ပြီး တစ္ဆေဖြစ် ရောက်လာတာလဲ၊ ရင်ထိတ်လိုက်တာ မမသောင်းရယ်''

ဒေါ်မြသီတာက ဒေါ်သောင်းသောင်းထံမှကြားလိုက်ရသောသတင်းကြောင့် အလန့်တကြားပြောလိုက်သည်။

''မမသောင်းလည်းမသိဘူး၊ မောင်ရန်နောင် ခြောက်တာလုန့်တာ တစ်ခါမှမကြားဖူးပါဘူး၊ သေပြီးကတည်းက မကျွတ်မလွတ်ဖြစ်နေတာလည်း အရိပ်အယောင်တောင်မပြဖူးဘူး၊ အခုမှ ..''

ဒေါ်သောင်းသောင်းနှင့်ဒေါ်မြသီတာ ထိုအကြောင်းပြောနေကြစဉ် ..နော်ရင်မွှေးက ဆေးရုံတွင်ဂျူတီဝင်ရန် စက်ဘီးဖြင့်အိမ်က ထွက်လာရာ ဒေါ်မြသီတာတို့အိမ်ရှေ့ကို ရောက်လာလေသည်။

ဒေါ်သောင်းသောင်းက နော်ရင်မွှေးကိုလှမ်းခေါ်လိုက်သည်။

''ရင်မွှေးရေ ..ဆေးရုံသွားတော့မလို့လား၊ ခဏလာပါဦးအေ ..လာပါဦး ..ဒီမှာ ..''

ဒေါ်သောင်းသောင်း၏အရေးတကြီးခေါ်သံကြောင့် နော်ရင်မွှေးက စက်ဘီးပေါ်မှဆင်း ..စက်ဘီးကိုအိမ်ရှေ့တွင်ထောက်ထားခဲ့ကာ အိမ်ထဲသို့ဝင်လာလေသည်။

''ရင်မွှေး ..မောင်ရန်နောင်လေ ..မောင်ရန်နောင်ကို ညီး မှတ်မိလား''

''ကိုကိုနောင်လား၊ ဟိုဖက်အိမ်ကကိုကိုနောင်၊ မှတ်မိတာပေါ့ အန်တီသောင်းရယ်၊ ဘာဖြစ်လို့လဲ''

''မောင်ရန်နောင်သေတာ ဘယ်လောက်ကြာပြီလဲ၊ သိလား''

''ကျွန်မအသက်ဆယ်နှစ်လောက်ကလေ၊ ၁၉၈၉ခုနှစ်ကပေါ့ အန်တီသောင်း၊ ခုဆို နှစ်၂၀ကျော်ပြီ၊ ဘာဖြစ်လို့လဲဟင်''

''ဘာဖြစ်ရမလဲရင်မွှေးရယ် ..မောင်ရန်နောင် သရဲတစ္ဆေ ဖြစ်ပြီး သူ့အိမ်ထဲမှာ ပြန်ရောက်နေတယ်''

''ဘာ ..''

''မောင်ရန်နောင်တစ္ဆေကို ယွန်းက မြင်ရတယ်တဲ့၊ မောင်ရန်နောင်တစ္ဆေက ယွန်းကို သူ့ရည်းစားဆီသွားခိုင်းတယ်တဲ့၊ ယွန်းက တစ္ဆေကိုတကယ့်လူမှတ်ပြီး ခုပဲထွက်သွားပြီ''

''အို ..ဟုတ်ပါ့မလားအန်တီသောင်းရယ်၊ တစ်ယောက်ယောက်ကများ နောက်နေတာလား''

''ဘယ်သူက ဒီလိုမျိုး ပေါက်ပေါက်ရှာရှာနောက်မှာလဲရင်မွှေးရယ်၊ ညီးစဉ်းစားကြည့်ပါဦး၊ ပြီးတော့ ဒီအိမ်ကို ငါပဲတာဝန်ယူပြီး ထိမ်းသိမ်းထားရတာ ညီးတို့အသိပဲ၊ အိမ်တံခါးသော့ခတ်ထားတာ၊ ငါမသိပဲ ဘယ်သူက ဝင်နေလို့ရမှာလဲ''

''အင်း ..ဟုတ်တော့ဟုတ်တယ်၊ ကိုမျိုးနိုင်ကလည်း ညတုန်းက အဲဒီအိမ်ထဲကိုလူတစ်ယောက်ဝင်သွားတာတွေ့လိုက်တယ်တဲ့ အန်တီသောင်း၊ ကိုမျိုးနိုင်က ခွေးတွေအရမ်းဟောင်လို့ ထကြည့်တာတဲ့''

''ဟုတ်တယ်၊ ဟုတ်တယ်၊ ညက ခွေးတွေဟောင်တာတော့ တအားပဲ၊ မမသီတာတောင် ဆရာမကို ဈေးသွားတုံးက အဲဒီအကြောင်း ပြောမိသေးတယ်လေ''

''ဟုတ်ကဲ့ဒေါ်မြသီတာ၊ ဒါပေမယ့် ့သေပြီးတာနှစ်၂၀ကျော်ကြာတဲ့လူက ခုမှထခြောက်တယ်ဆိုတော့ ထူးဆန်းနေသလားလို့''

''မမသီတာလည်း အဲဒီရန်နောင်ဆိုတာကို မမြင်မိပါဘူး၊ ယွန်း ပြန်ပြောပြလို့သာ သိရတာ၊ အဲ ့ရန်နောင်က သူ့ရည်းစား ဆီသွားခိုင်းတော့ သူ့ရည်းစားဓာတ်ပုံပါပေးလိုက်တယ်၊ အဲဒီဓာတ်ပုံတော့ မမသီတာ ကြည့်လိုက်ရတယ်ကွဲ့၊ သူ့ရည်းစားနာမည်က သင်းသင်းသွယ်တဲ့၊ ဘယ့်နှယ်လဲ ့သေသွားတဲ့ရန်နောင်မှာ သင်းသင်းသွယ်ဆိုတဲ့ရည်းစား တကယ်ရှိသလားဟင်၊ ယွန်းကတော့ ဈေးနားကအိမ်ကိုသွားရမှာဆိုပြီး ထွက်သွားတာပဲဆရာမရယ်''

''ဘုရားသခင် ့ကိုကိုနောင့်ရည်းစားဟာ သင်းသင်းသွယ်ဆိုတာတော့အမှန်ပါပဲ ဒေါ်မြသီတာ''

''ဟုတ်တယ်သီတာ၊ သင်းသင်းသွယ်ဈေးနားမှာနေတယ်ဆိုတာလည်း ဟုတ်တယ်၊ သင်းသင်းသွယ်ခုထိရှိသေးတယ်''

''ဒါပေမယ့် ့သင်းသင်းသွယ်က အခု အသက်လေးဆယ်အရွယ်လောက်ရှိနေပြီလေ၊ ယွန်းသွားတွေ့ရင် မျက်စိလည် ကုန်မှာပေါ့''

''ဆရာမတို့ရယ် ့ဒုက္ခပါပဲ၊ ဟိုဖက်အိမ်ကလူဟာ တစ္ဆေဆိုတာ တကယ်ဖြစ်နိုင်လားဟင်၊ အကြောင်းစုံသိတဲ့တစ်ယောက် ယောက်က နောက်နေတာဆိုရင်ကော''

''ကျွန်မလည်း ့အဲဒါပဲ စဉ်းစားနေတာပါပဲ ဒေါ်မြသီတာ၊ ဒါပေမယ့် ့ဘယ်သူက တကူးတကနောက်မှာလဲ၊ ဘာအကျိုးရှိလို့ နောက်ရမှာလဲ''

''အဲဒါလည်းဟုတ်တာပဲ၊ အဲဒီကောင်လေးက ခြေထောက်နာနေတယ်တဲ့၊ ရန်ကုန်ကအပြန် သူစီးလာတဲ့ကား ကားချင်းတိုက် မိလို့ ဖြစ်တာလို့ပြောတယ်တဲ့၊ ဩော် ့မမသောင်းရေ၊ ခုမှသတိရတယ်၊ သူက သီတာတို့နေတဲ့ဒီအိမ်မှာနေသွားတဲ့သူ့သူငယ်ချင်းကို မေးသေးတယ်တဲ့၊ နာမည်က ဘာဆိုလဲ ့သူရဆိုလား ့အောင်သူ ဆိုလားပဲ''

''စည်သူလား၊ စည်သူမောင်လို့မေးတာတဲ့လား သီတာ''

''အဲ ့အဲ ့ဟုတ်တယ်၊ စည်သူမောင်တဲ့၊ စည်သူ့မောင့်အဖေနာမည်က ဦးချစ်မြိုင်ဆိုလားပဲ''

''ဟုတ်တယ်လေ၊ မောင်ရန်နောင်ရှိတုံးက ဒီအိမ်မှာနေသွားတဲ့မန်နေဂျာကြီးက ဦးချစ်မြိုင်၊ မမသောင်းက အိမ်ချင်းကပ်နေ တော့ ဒီအိမ်မှာငှားနေသွားတဲ့ ဘဏ်နေဂျာအဆက်ဆက်ကို အကုန်မှတ်မိတယ်၊ ဦးချစ်မြိုင်သားစည်သူမောင်နဲ့ မောင်ရန်နောင်နဲ့က ရွယ်တူသူငယ်ချင်းတွေ''

''ယွန်းက သူ့အဖေကိုမေးလို့တောင် သူ့အဖေက ဦးချစ်မြိုင်ဆိုတာ ဒီမြို့မှာနေသွားတာ နှစ်၂၀လောက်ရှိပြီလို့ပြောသေးတယ် မမသောင်း၊ ဒုက္ခပါပဲ၊ ဒီလိုဆို ဟိုဖက်အိမ်မှာ မကောင်းဆိုးဝါးကပ်နေပြီဆိုတာ တကယ်ပေါ့နော်''

''တကယ့်တစ္ဆေပဲဖြစ်ဖြစ်၊ အကြံအစည်နဲ့လူပဲဖြစ်ဖြစ် ဟိုဖက်အိမ်မှာ တစ်ခုခုရှိနေတာတော့ သေချာနေပြီဒေါ်မြသီတာ၊ ဒီတော့ ဒီလိုလုပ်ပါ၊ ခဏနေရင် ကျွန်မယောကျာ်းကိုမျိုးနိုင်ရုံးဆင်းလာတော့မှာပါ၊ အန်တီသောင်း ကိုမျိုးနိုင်နဲ့တိုင်ပင်ပြီး ရယကရုံးကိုအကြောင်း ကြားပြီး အိမ်ထဲဝင်ရှာကြပါလားဟင်''

''အေးပေါ့ အရပ်လူကြီးတွေ အကူအညီတောင်းရတော့မှာပေါ့''

''ကျွန်မက ဂျူတီဝင်ရတော့မယ်၊ နောက်ကျလို့မဖြစ်ဘူး၊ ကျွန်မကိုတော့ ခွင့်ပြုပါဦးနော်''

နော်ရင်မွှေးက နာရီကိုကြည့်ရင်းခွင့်တောင်းလိုက်သည်။

''ကိုမျိုးနိုင်နဲ့တိုင်ပင်ပြီးလုပ်လိုက်ပါနော်၊ ကျွန်မသွားမယ်''

နော်ရင်မွှေးက သူတို့နှစ်ယောက်ကိုနှုတ်ဆက်ပြီးထွက်သွားသည်။

''ဒုက္ခပါပဲ၊ ဒုက္ခပါပဲမမသောင်းရယ်၊ ကျွန်မသမီးလေး၊ ယွန်း၊ သူသရဲခြောက်ခံရမှန်း သိမှသိရဲ့လားမသိဘူး၊ ဒုက္ခပါပဲ''

♛♛♛♛♛

( ၃ )

သင်းသင်းသွယ်တို့အိမ်ဧည့်ခန်းမှာ ထိုင်စောင့်နေသောယွန်းသည် အပေါ်ထပ်မှဆင်းလာသောခြေသံကို ဦးစွာကြားလိုက်ရသည်။

လှေကားထစ်ပေါ်သို့ကျလာသော ဖြူဖွေးမို့ဖောင်းသည့်ခြေအစုံကိုဦးစွာမြင်လိုက်ရသည်။ လှေကားပေါ်မှတစ်ထစ်ချင်းနင်း၍ဆင်းလာနေသည်နှင့်အမျှ အမျိုးသမီးကို တဖြည်းဖြည်းချင်း ပီပြင်စွာမြင်လိုက်ရလေသည်။

လှေကားအောက်ဆုံးထစ်ရောက်သည်နှင့် ထိုအမျိုးသမီးက ဧည့်ခန်းဖက်သို့မျက်နှာမူလိုက်လေ၏။

အသက်လေးဆယ်အရွယ် လှပချောမောသောအမျိုးသမီးကြီးတစ်ဦးကို ယွန်းမြင်လိုက်ရလေသည်။ ဓာတ်ပုံထဲက သင်းသင်းသွယ်နှင့် ရုပ်ချင်းဆင်သောအမျိုးသမီးကြီး။ သင်းသင်းသွယ်ရဲ့မိခင်ပဲပေါ့။

သင်းသင်းသွယ်အမေဖြစ်နေသည့်အတွက် ယွန်းက စိတ်မလုံစွာဖြင့် မျက်လွှာချကာ ခေါင်းငုံ့လိုက်မိလေသည်။

အမျိုးသမီးကြီးက ယွန်းထိုင်နေသည့်နေရာကိုလျှောက်လာသည်။

''ဧည့်သည်ဆိုတာ သမီးလား''

''ဟုတ် ့ ဟုတ်ပါတယ်အန်တီ၊ သမီးက သင်းသင်းသွယ်ရဲ့သူငယ်ချင်းပါ၊ သင်းသင်းသွယ်နဲ့မတွေ့တာကြာလို့ ဝင်လာတာပါ''

''ဘာ ့''

အမျိုးသမီးကြီးက တအံ့တသြရေရွတ်လိုက်လေသည်။

''သင်းသင်းသွယ်မရှိဘူးလားအန်တီ''

''မင်း ဘာတွေပြောနေတာလဲမိန်းကလေး''

''ရှင် ့ ဟို ့ ကျွန်မ သင်းသင်းသွယ်နဲ့တွေ့ဖို့လာတာပါ''

''သင်းသင်းသွယ်က မင်းသူငယ်ချင်း ့ ဟုတ်စ''

''ဟုတ် ့ ဟုတ်ပါတယ်''

''ဒီမယ်မိန်းကလေး၊ မင်း ဘာရည်ရွယ်ချက်နဲ့ ဘာတွေလာပြောနေတာလဲ၊ မင်းပြောတဲ့စကားတွေ အန်တီနားမလည်ဘူး''

''ကျွန်မက သင်းသင်းသွယ်နဲ့တွေ့ပြီး ့''

''တော်ပါတော့၊ မင်းစကားတွေက မူမမှန်လိုက်တာ''

အမျိုးသမီးကြီး၏ခပ်မာမာအပြောကြောင့် ယွန်းနှုတ်ဆိတ်သွားရသည်။

''မင်းက သင်းသင်းသွယ်သူငယ်ချင်းဆိုတော့ မင်းနဲ့သင်းသင်းသွယ် ဘယ်မှာတွေ့ပြီး ဘယ်လိုခင်ကြတာလဲ၊ ကဲ ့ ပြောပါဦး''

အမျိုးသမီးကြီးက ယခုထိ ကုလားထိုင်မှာဝင်မထိုင်သေးချေ။ ယွန်းကိုသံသယမျက်လုံးဖြင့်ကြည့်ကာ စစ်မေးနေသည်။

ယွန်းသည် အခြေအနေကိုအကဲမခတ်ပဲ မဆင်မခြင်ဝင်လာမိသည့်ကိုယ့်ကိုကိုယ်ပဲ အပြစ်တင်မိပါတော့သည်။ မထူးတော့တဲ့ အတူတူ သဘာဝကျအောင် ဖြေရပါတော့သည်။

''သင်းသင်းသွယ်နဲ့သမီးနဲ့ ကိုးတန်းနှစ်ကတည်းကသူငယ်ချင်းတွေပါအန်တီ၊ အိမ်ကိုတော့ ခုမှပဲ ရောက်ဖူးတော့တာပါ၊ ဟိုလေ ့ ဆယ်တန်းအမှတ်စာရင်းတွေ တောင်းဖို့ကိစ္စအတွက် ့''

''တော်ပါတော့ ့ တော်ပါတော့ ့ ဆက်မပြောပါနဲ့တော့ မိန်းကလေး၊ မင်း ဒီကိုလာတာ လိမ်ဖို့ညာဖို့ဆိုရင် မြန်မြန်သာ လှည့်ပြန်ပါတော့၊ သက်ဆိုင်ရာကိုမအပ်ခင် မင်းမြန်မြန်ထွက်သွားတာ ကောင်းလိမ့်မယ်မိန်းကလေး''

''ရှင် ့ ကျွန်မ ့ ကျွန်မ ့''

''သင်း ့ ဘာဖြစ်နေတာလဲ၊ ဒီကလေးမက ဘယ်သူလဲ''

လူကြီးတစ်ဦးက အိမ်ရှေ့စာအုပ်ဆိုင်ထဲမှဖြတ်ကာ အိမ်ထဲဝင်လာရင်းမေးလိုက်သည်။

''ကိုကို ့ ဒီမိန်းကလေးက သူ့ကိုယ်သူ သင်းသင်းသွယ် သူငယ်ချင်းပါဆိုပြီး လာပြောနေတယ်''

''ကိုကိုလည်း သမီးကပြောလိုက်လို့ အံ့သြနေတာ၊ ခပ်ငယ်ငယ် မိန်းကလေးတစ်ယောက်က သင်းကို ရှယ်တူလိုမျိုး လာပြီး မေးနေလို့တဲ့၊ အဲဒါ သူလား''

ယွန်းသည် နောက်ဝင်လာသည့်လူကြီးနှင့် သင်းသင်းသွယ်မိခင်ဟု မိမိကထင်နေသောအမျိုးသမီးကြီးတို့ အပြန်အလှန်ပြော စကား များကိုနားထောင်ရင်း ဇဝေဇဝါဖြစ်သွားလေသည်။

အမျိုးသမီးကြီးကို မော်ကြည့်လိုက်ရာ ညာဖက်ပါးပြင်မှ စံပယ်တင်မှဲ့ကလေးကိုမြင်လိုက်ရ၍ တုန်လှုပ်သွားမိပြန်လေသည်။ ရန်နောင်ပေးလိုက်သောဓာတ်ပုံထဲက သင်းသင်းသွယ်မှာရှိတဲ့စံပယ်တင်မှဲ့ကလေးအတိုင်းပါလား။ နေရာနဲ့တကွ တူလွန်းလှပေသည်။

''ကလေးမ ့မင်းကဘယ်သူလဲ၊ ဘာကိစ္စလာတာလဲ''

ယခုအချိန်တွင် ကြောက်စိတ်ဝင်နေပြီဖြစ်သောယွန်းသည် လူကြီး၏အမေးကိုမဖြေနိုင်ပဲ ကြောင်အ,နေမိပါတော့သည်။

''ဖြေလိုက်လေ ့မင်းဘာရည်ရွယ်ချက်နဲ့လာတာလဲ၊ မင်းနဲ့ ငါနဲ့ကရော ဘယ်လိုလုပ်ပြီးသူငယ်ချင်းဖြစ်နိုင်မှာလဲ''

''ရှင် ့''

''သင်းသင်းသွယ်ဆိုတာငါပဲ၊ ငါ့အသက်က လေးဆယ်နားနီးနေပြီ၊ မင်းက မင်းနဲ့ငါနဲ့သူငယ်ချင်းပါလို့ ငါ့ရှေ့တည့်တည့် လာပြီးဖြီးနေတယ်၊ မင်းစကားတွေဘယ်လိုယုံရမှာလဲ၊ မင်းမရိုးသားဘူးဆိုတာ ပေါ်လွင်နေတာပဲ''

ယွန်းသည် အမျိုးသမီးကြီး၏စကားကြောင့် ပို၍တုန်လှုပ်ချောက်ခြားသွားရလေသည်။

''မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်မမလိမ်ဘူး၊ ကျွန်မကိုယ်တိုင် အလိမ်ခံလိုက်ရတာပါအန်တီရယ်''

''သင်း ့ကိုယ်တို့ အေးအေးဆေးဆေး မေးကြည့်ရအောင်ပါ၊ သူ့ကြည့်ရတာ မရိုးသားတဲ့ပုံ မပေါ်ပါဘူး၊ တစ်ခုခုတော့ လွဲနေပြီ''

အမျိုးသားကြီးက ကြားဝင်လိုက်သည်။

''ကဲ ့မိန်းကလေး၊ အန်ကယ်မေးမယ်၊ သမီးကို ဒီရောက်အောင် ဘယ်သူလွှတ်လိုက်တာလဲ၊ ဘာရည်ရွယ်ချက်နဲ့လွှတ်လိုက် တာလဲ၊ အန်ကယ်တို့ကိုမကြောက်နဲ့၊ ပွင့်ပွင့်လင်းလင်းပြောပါ၊ သမီးက သူငယ်ချင်းပါဆိုတဲ့ သင်းသင်းသွယ်ဟာ ဟောဒီက အန်ကယ့် ဇနီးပဲ''

''အို ့''

''အန်ကယ့်နာမည်က ဦးကျော်ဇင်တဲ့၊ ကဲ ့သမီးဖက်က ပြောစရာရှိတာ ပြောပေတော့၊ သင်းလည်း ထိုင်လေကွယ်''

ဦးကျော်ဇင်က ဆက်တီခုံမှာဝင်ထိုင်ပြီး ဒေါ်သင်းသင်းသွယ်ကိုပါ ထိုင်ခိုင်းလိုက်သည်။

ဒေါ်သင်းသင်းသွယ်က ယွန်းနှင့်မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်၏။

ယွန်းက ရန်နောင် သူမကို လိမ်ညာလွှတ်လိုက်သည့်အဖြစ်ကို ပွင့်ပွင့်လင်းလင်းဖွင့်ပြောရန် ဆုံးဖြတ်လိုက်သည်။

''သမီးနာမည်ယွန်းပါ အန်ကယ်၊ သမီး ဒီမြို့ကိုပြောင်းလာတာ တစ်ပတ်ပဲရှိပါသေးတယ်၊ ဒီနေ့မှ တစ်ပတ်ပြည့်တာပါ၊ သမီးအဖေက ဘဏ်မန်နေဂျာပါ၊ ဦးတင်မောင်ကြည်လို့ခေါ်ပါတယ်၊ မယုံရင်စုံစမ်း ကြည့်နိုင်ပါတယ်အန်ကယ်''

''ဟုတ်ပါပြီ၊ ဘဏ်မှာ မန်နေဂျာအသစ်ရောက်တာ အန်ကယ် ကြားပါတယ်''

''သမီးတို့ငှားနေတာ ဗန္ဓုလလမ်းထဲက ဘဏ်မန်နေဂျာတွေ နေနေကျအိမ်ကြီးပါပဲ အန်ကယ်''

''ဟင် ့''

ဒေါ်သင်းသင်းသွယ်မျက်နှာက သိသိသာသာပျက်ယွင်းသွားလေသည်။

''သမီးကို သင်းသင်းသွယ်ဆီသွားပါဆိုပြီးလွှတ်လိုက်တာ အလိမ်ခံရတာပါ၊ အလိမ်ခံရမှန်းမသိပဲ သူ့စကားကိုယုံပြီးလာမိတာပါ အန်ကယ်''

ယွန်းက ပိုက်ဆံအိတ်ထဲမှ ရန်နောင်ပေးလိုက်သောဓာတ်ပုံကိုထုတ်ယူလိုက်သည်။

ယွန်းက ဓာတ်ပုံကို ဦးကျော်ဇင်အား ကမ်းပေးလိုက်သည်။

ဒေါ်သင်းသင်းသွယ်က ဓာတ်ပုံကိုကြည့်ပြီး တုန်လှုပ်သွားပြန်လေသည်။

''ဟင် ့ဟင် ့ဒီ ့ဒီဓာတ်ပုံကို မင်း ဘယ်က ရသလဲ၊ အို ့''

''သူ့ဆက်ပြောပါစေ သင်း၊ ပြောပါဦး ယွန်း''

''သမီးတို့နေတဲ့အိမ်ရဲ့ခြေရင်းဖက်ကခြံမှာ နေတဲ့သူမရှိဘူးလို့ သိရပါတယ် အန်ကယ်၊ ဒါပေမယ့် ဒီနေ့မနက်တော့ အဲဒီအိမ်ထဲကို လူတစ်ယောက်ရောက်လာပါတယ်၊ သူက သမီးဆီကိုလာပြီး အကူအညီ တောင်းပါတယ်၊ သူ့နာမည်က ရန်နောင်တဲ့''

''အမလေး ့''

ဒေါ်သင်းသင်းသွယ်က အလန့်တကြားအော်လိုက်သည်။

''သူက မနေ့ညက ရန်ကုန်ကပြန်လာတာမှာ ကိုးလောင်းတောင်နားမှာ ကားချင်းတိုက်မိခဲ့တယ်လို့ပြောပါတယ်၊ ဟုတ်ချင်လည်း ဟုတ်နိုင်ပါတယ်အန်ကယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ခြေထောက်တစ်ဖက်ကနာနေပါတယ်၊ လမ်းလျှောက်တာလည်း ထော့နဲ့ထော့နဲ့ဖြစ်နေပါတယ်''

''မဟုတ်ဘူး ့မဟုတ်ဘူး ့အဲဒါမဟုတ်ဘူး၊ ကိုရန်နောင်က ့ဟိုတုန်းကတည်းက ့''

''သင်း ့သူ့စကားဆုံးအောင် ပြောပါစေဦးကွယ်၊ စိတ်မလှုပ်ရှားပါနဲ့''

ဦးကျော်ဇင်က ဒေါ်သင်းသင်းသွယ်ကို နှစ်သိမ့်လိုက်သည်။

ယွန်းက ဒေါ်သင်းသင်းသွယ် ဣန္ဒြေပျက်ယွင်းနေပုံများကို နားမလည်နိုင်အောင်ဖြစ်နေသည်။

''ဆက်ပြောပါ ယွန်း''

''ရန်နောင့်ကို ဒီနေ့မနက်မှတွေ့ဖူးတာပါအန်ကယ်၊ သူက သူ့သူငယ်ချင်းစည်သူမောင်ဆိုတာကို လာမေးတာပါ၊ ဏည်သူမောင်ဆိုတာ သမီးတို့အခုနေတဲ့အိမ်မှာနေသွားတဲ့ဘဏ်မန်နေဂျာရဲ့သားတဲ့၊ သမီးက မသိဘူးလို့ပြောတော့ စည်သူမောင်တို့ပြောင်းသွားတာ မြန်လိုက်တာတဲ့၊ သူရန်ကုန်သွားနေတဲ့သုံးလအတွင်းမှာ ပြောင်းသွားတာပေါ့တဲ့''

''အင်း ့''

''သူဘာမှမစားရသေးဘူးဆိုလို့ သမီးက စားစရာတွေတောင် ပေးလိုက်ပါသေးတယ်၊ နေ့လည်ခင်းကျတော့ တစ်ခေါက်ထပ်လာတယ် အန်ကယ်၊ အဲဒီဓာတ်ပုံလေးကိုပေးပြီး ဒီအိမ်ကိုသွားခိုင်းတာပါပဲ၊ ရန်နောင် ဒီလောက်ထိနောက်ဖို့တော့ မကောင်းပါဘူး၊ သမီးပြောတာတွေ ယုံပါရှင်၊ သမီး လိမ်ဖို့လာတာလည်း မဟုတ်ဘူး၊ ရန်နောင်က အတည်ပေါက်ကြီးနဲ့လွှတ်လိုက်လို့ ရောက်လာရတာပါအန်ကယ်''

ယွန်းက နားလည်မှုရှိဟန်တူသည့် ဦးကျော်ဇင်ကိုပဲ ဦးတည်ကာ ပြောနေမိတော့သည်။ သူမကိုရန်တွေ့ထားသည့် ဒေါ်သင်းသင်းသွယ်ကိုတော့ သေချာပင်မကြည့်ရဲတော့ပါ။

''အဲဒီရန်နောင်ဆိုတဲ့သူက သမီးကိုဘယ်လိုပြောပြီး လွှတ်လိုက်တာလဲ''

ယွန်းက သင်းသင်းသွယ်ဆိုတာ သူ့ရည်းစားပါလို့ညာလွှတ်လိုက်တဲ့အကြောင်းကို ပြောရမှာ ခက်နေသည်။ ရန်နောင်က သင်းသင်းသွယ်ဟာ သူတို့နဲ့ရွယ်တူမိန်းကလေးဖြစ်သယောင်ယောင် လိမ်ပြောလိုက်သည်မဟုတ်ပါလား။ ကာယကံရှင်လူကြီးတွေရှေ့မှာ ရန်နောင်ပြောလိုက်တဲ့အတိုင်း ပြန်ပြောဖို့ကို ရွံ့နေမိသည်။ သို့သော် ့မတတ်နိုင်တော့ပါ။ အမှန်အတိုင်းပြောမှသာ မိမိကို သံသယကင်းပေတော့မည်။ သူမ ကြုံခဲ့ရသည့်အတိုင်း အမှန်အတိုင်းပင် ပြောရပေတော့မည်။

''ဟို ့ရန်နောင်က အဲဒီဓာတ်ပုံလေးပြပြီးတော့ ဓာတ်ပုံထဲကမိန်းကလေးဟာသူ့ရည်းစားလို့ပြောပါတယ်၊ နာမည်က သင်းသင်းသွယ်တဲ့၊ သူ့ရည်းစားသင်းသင်းသွယ်ဆီကို သူပြန်ရောက်နေပြီဆိုတာကို သွားပြောပေးပါတဲ့၊ ဒီအိမ်လိပ်စာကိုသေချာပြောပြပြီး လွှတ်လိုက်တာပါ၊ သမီးလည်း သူ နောက်လိမ့်မယ်မထင်လို့ ဒီအထိလိုက်လာမိတာပါ၊ သမီးဖက်က ရိုးသားပါတယ်အန်ကယ်၊ သမီး လိမ်တာမဟုတ်ပါဘူး၊ သမီးကိုယ်တိုင် အလိမ်ခံလိုက်ရတာပါ''

''မင်း အလိမ်ခံရတာ မဟုတ်ပါဘူးယွန်း၊ အလိမ်ခံရတာ မဟုတ်ပါဘူး သမီးရယ်''

ဒေါ်သင်းသင်းသွယ်ပြောလိုက်သောစကားကြောင့် ယွန်းအံ့သြသွားလေသည်။ ဒေါ်သင်းသင်းသွယ်၏မျက်နှာထားက ယွန်းအပေါ်မှာ ပျော့ပြောင်းသွားပေပြီ။

''ဘယ်လိုလုပ်ကြမလဲ၊ ဘယ်လိုလုပ်ကြမလဲ ကိုကို''

ဒေါ်သင်းသင်းသွယ်က ဦးကျော်ဇင်ကိုလှည့်မေးလိုက်သည်။ ပြီးနောက် ့သူမငယ်စဉ်ကရိုက်ထားသောဓာတ်ပုံလေးကိုကြည့်လိုက်ပြန်သည်။

ဒေါ်သင်းသင်းသွယ်က ဓာတ်ပုံလေးကိုကြည့်ရင်း ငိုရှိုက်လိုက် ပြန်လေ၏။

ယွန်းသည် မြင်ရသောမြင်ကွင်း၊ ကြုံရသောအဖြစ်များကို ယခုထိ နားမလည်နိုင်သေးပေ။

''သမီး ယွန်း၊ သင်းပြောသလိုပဲ သမီးအလိမ်ခံရတာ မဟုတ်ပါဘူးကွယ်၊ ရန်နောင်က သမီးကို နောက်လိုက်တာ မဟုတ်ပါဘူး၊ သူ ့တကယ်ပဲ သင်းသင်းသွယ်ဆီကို သူပြန်ရောက်နေတာ သိစေချင်လို့ သမီးကိုပြောခိုင်းလိုက်တာပါ''

''ရှင် ့''

''ရန်နောင်နဲ့သင်းသင်းသွယ်ဟာ တကယ့်ကိုပဲ ချစ်သူတွေပါ ယွန်းရယ်''

''ရှင် ့ဟောဒီအန်တီ၊ ဟောဒီအန်တီ ဒေါ်သင်းသင်းသွယ်ကို ပြောတာလား အန်ကယ်''

''ဟုတ်ပါတယ်''

''ဒါပေမယ့် ့ဒါပေမယ့် ့သမီးတွေ့ခဲ့တဲ့ ရန်နောင်ကတော့ သမီးနဲ့ရွယ်တူပဲရှိပါသေးတယ်၊ သူလည်း ဒီနှစ်မှ ဆယ်တန်း အောင်ထားတာတဲ့''

''သူဆယ်တန်းအောင်တာ ဒီနှစ်မဟုတ်ပါဘူးကွယ်၊ သင်းတို့ ဆယ်တန်းအောင်ခဲ့တာ ဘယ်နှခုနှစ် ဖြစ်မလဲ သင်း''

''၁၉၈၉ခုနှစ်ပါ ကိုကို''

''ဟုတ်တယ်၊ သူတို့ဆယ်တန်းအောင်ခဲ့တာ ၁၉၈၉ခုနှစ်၊ ရန်နောင်နဲ့သင်းနဲ့ တစ်နှစ်တည်း အတူတူ အောင်ခဲ့ကြတာ''

ယွန်းသည် ကြားရသောစကားများအတွက် ယခုထိပင် နားမလည်နိုင်သေးချေ။

''ရန်နောင်နဲ့သင်းသင်းသွယ် ချစ်သူဖြစ်ခဲ့တာလည်း အမှန်ပဲ၊ ရန်ကုန်ကပြန်အလာမှာ ကားတိုက်ခဲ့တာလည်း အမှန်ပါပဲယွန်း၊ တစ်ခုပဲရှိတယ်၊ ၁၉၈၉ခုနှစ်မှာ ကားတိုက်ခဲ့တုန်းက,ကတည်းက ရန်နောင်ဟာ ကွယ်လွန်ခဲ့ပြီးပြီ''

''ဘာ့ ရှင့်အို ့ဘယ်လို ဘယ်လိုအန်ကယ်''

**''တကယ်တော့ ့ရန်နောင်ဆိုတဲ့လူဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်ကတည်းက သေဆုံးပြီးနေတဲ့ လူတစ်ယောက်ပါကွယ်''**

ဒေါ်သင်းသင်းသွယ်က တစ်ချက်ရှိုက်လိုက်သည်။

''ဟုတ်ပါတယ်ကွယ်၊ သူ ရန်ကုန်ကပြန်လာတယ်၊ ကိုးလောင်းကွေ့မှာ ကားချင်း ခေါင်းချင်းဆိုင် တိုက်မိတယ်၊ သူ ပွဲချင်းပြီးဆုံးသွားခဲ့တယ်၊ ကြာခဲ့ပြီ၊ ဒါဟာ ၁၉၈၉ခုနှစ်က၊ အန်တီတို့ဆယ်တန်းအောင်တဲ့နှစ်က ဖြစ်ခဲ့တဲ့အဖြစ်ပါ၊ သူတို့အိမ်မှာလည်း အဲဒီအချိန်ကတည်းက လူမနေတော့တာ ဒီနေ့အထိပါပဲ ယွန်းရယ်''

''ရှင် ့ဒါဖြင့် သမီးတွေ့ခဲ့တာ''

**''သမီးတွေ့ခဲ့တာလည်း ရန်နောင်ပဲပေါ့၊ ရန်နောင်ရဲ့ဝိညာဉ်ပေါ့ သမီးရယ်''**

''အမလေး ့''

ယွန်း ထိုင်နေရာမှ ဆတ်ကနဲထလိုက်မိသည်။

*''နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာမှ သူ့ဝိညာဉ်က ပြန်ပြီးနိုးထ လာတယ်၊ အို ့သူ မကျွတ်မလွတ်ဖြစ်နေတာကို မသိခဲ့ရပါလား''*

ယွန်းသည် ထိတ်လန့်အံ့သြမှုများဖြင့် ကြက်သီးမွေးညင်းထသွားမိသည်။

ဒါကြောင့် ့ရန်နောင်မေးခဲ့တဲ့လူတွေဟာ လွန်ခဲ့တဲ့နှစ် နှစ်ဆယ်ကလူတွေဖြစ်နေတာကိုး။

*စည်သူမောင်တို့မိသားစုက မရှိကြတော့။ လွန်ခဲ့သော နှစ် ၂၀က ဒီမြို့မှာ နေထိုင်ခဲ့သူများသာဖြစ်သည်။*

*လမ်းထိပ်က မရှုလွမ်ဆိုတာလည်း ယခု အသက်လေးဆယ်အရွယ် ဒေါ်ရှုလွမ်ဖြစ်နေပြီလေ။*

''ဒါဖြင့် ့ကျွန်မ ့ကျွန်မ ့သရဲအခြောက်ခံရ တာပေါ့၊ အို ့''

ယွန်းဆက်ပြီး မရပ်တည်နိုင်တော့ပါ။

ထိတ်လန့်မှု၊ အံ့သြမှု၊ ကြောက်ရွံ့မှုများဖြင့် ယွန်းကိုယ်က တဆတ်ဆတ်တုန်နေသည်။

ယွန်းသည် နောက်သို့လှည့်လိုက်သည်။

သိမှတ်မှုမဲ့စွာဖြင့် အိမ်ထဲက ပြေးထွက်လာမိသည်။

''ယွန်း ့သမီး''

ဒေါ်သင်းသင်းသွယ်၏ခေါ်သံကြောင့် ယွန်း တုံ့သွားသည်။ နောက်ကိုလှည့်ကြည့်လိုက်သည်။

''ကိုရန်နောင် အန်တီ့ဆီလွှတ်လိုက်တာ ဘာအတွက်လဲ၊ ပြောခဲ့ဦးလေ''

''သူပြန်ရောက်နေပြီလို့ အကြောင်းကြားခိုင်းတာပါအန်တီ၊ ပြီးတော့ ့အန်တီ့ကို သူ့ဆီလာခဲ့ဖို့ မှာပါတယ်၊ ညနေခြောက်နာရီလာခဲ့ပါတဲ့''

''ညနေခြောက်နာရီ''

ပြောပြီးသည်နှင့် ယွန်းသည် အိမ်ထဲမှပြေးထွက်ခဲ့လေတော့သည်။

♛♛♛♛♛

( ၄ )

ယွန်းအိမ်ထဲမှပြေးထွက်သွားသည်နှင့် ဒေါ်သင်းသင်းသွယ်နှင့်ဦးကျော်ဇင်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

''ကိုကို''

''သင်း''

''သင်းကို တစ်မျိုးမထင်ပါနဲ့နော် ကိုကို''

ဒေါ်သင်းသင်းသွယ်က မျက်ရည်များကျလာရင်း ပြောလိုက်သည်။

''သင်း ငိုပါရစေကိုကိုရယ်၊ သင်းငိုပါရစေ''

ဒေါ်သင်းသင်းသွယ်က ဦးကျော်ဇင်ပခုံးပေါ်တွင် မှီချလိုက်ကာ ငိုရှိုက်ရင်းပြောလိုက်လေသည်။

''ငိုပါသင်းရယ် ့ငိုပါ ့ကိုကိုနားလည်ပါတယ်''

''သင်း ကိုကို့ကိုအားနာလိုက်တာ''

''သင်းရယ် ့ကိုကိုက ရန်နောင်နဲ့သင်းတို့အကြောင်းကို သိပြီးသားလေ၊ သင်းနဲ့ရန်နောင် မီးကောင်ပေါက်အရွယ်က ချစ်ခဲ့ကြတာလည်း သိတယ်၊ သမီးရည်းစားပေမယ့် သန့်သန့်စင်စင်ရှိခဲ့ကြတာကိုလည်း ကိုကိုသိခဲ့တာပဲ၊ ဒါ့ကြောင့်လည်း ့သင်းကိုအစစအရာရာ နားလည်မှုပေးပြီး ကိုကိုလက်ထပ်ယူခဲ့တာပေါ့၊ ဒါတွေဟာ ကြာခဲ့ပါပြီကွယ်၊ ခုလို ရန်နောင်တစ်ယောက်မကျွတ်မလွတ်ဖြစ်နေတာသိရလို့ ကိုကိုလည်း စိတ်မကောင်းပါဘူးသင်းရယ်''

''ကိုကိုရယ် ့သဘောထားကြီးလိုက်တာ၊ ဒါဖြင့် ့ သင်းကို နားလည်မှုပေးပြီး နောက်တစ်ခုလောက်ကူညီပါဦးကိုကို၊ သင်းကိုကို့ဆီက ခွင့်တောင်းချင်ပါတယ်''

''ဘာများလဲ သင်း''

''ဒီအကြောင်းတွေကို ဦးဇင်းကြီးဆီသွားလျှောက်ချင်တယ် ကိုကို''

''ဟင် ့''

''ဦးဇင်းကြီးသိသင့်တယ်ထင်လို့ပါ၊ ဒါမှလည်း ့မကျွတ်မလွတ်ဖြစ်နေတဲ့သူ့အတွက် ကောင်းရာမွန်ရာရောက်အောင် စီစဉ်နိုင်မှာမဟုတ်လား''

''ဟုတ်တာပေါ့သင်း၊ ကိုကိုလိုက်ပို့ပါ့မယ်၊ ဦးဇင်းကြီးကျောင်းကို အခုပဲသွားလိုက်ကြတာပေါ့ သင်း''

♛♛♛♛♛

( ၅ )

ယွန်းသည် သိမှတ်မှုမဲ့စွာဖြင့် စက်ဘီးကို တလကြမ်းနင်းချလာခဲ့သည်။ လမ်းကဖြောင့်တန်းနေပြီး ယာဉ်အသွားအလာ ရှင်းလင်းနေ၍သာ မတိုက်မိခြင်းဖြစ်ပါသည်။ သူမရင်မှာလည်း ထိတ်လန့်ကြောက်ရွံ့မှုဖြင့် ကြက်သီးဖြန်းဖြန်းထလျှက်ရှိသည်။

အိမ်ရောက်တော့ စက်ဘီးကိုအရှိန်မသတ်ပဲ ခြံဝင်းထဲထိ စီးဝင်လိုက်သည်။

အိမ်ရှေ့မှာ ဒေါ်သောင်းသောင်းနှင့်ဒေါ်မြသီတာက စကားပြောနေကြဆဲဖြစ်သည်။

''ဟော . ယွန်းပြန်လာပြီ၊ သမီး . မေမေဖြင့် စိုးရိမ်လိုက်ရတာသမီးရယ်''

ဒေါ်မြသီတာက ယွန်းကိုဆီးကြိုလိုက်သည်။

ယွန်းသည် စက်ဘီးကိုပင် ဒေါက်မထောက်တော့ပဲ မြေကြီးပေါ်ပစ်လှဲချခဲ့ကာ မိခင်ရင်ခွင်ထဲပြေးဝင်လိုက်၏။

''မေမေ . မေမေ .''

မိခင်ဖြစ်သူကို အားကိုးတကြီးဖက်တွယ်ရင်း ယွန်းမျက်ရည်များကျလာလေသည်။

''မေမေ . မေမေ . ဟိုဖက်အိမ်က . ဟိုဖက်အိမ်က ရန်နောင်ဟာ .''

''မေမေသိပြီးပါပြီသမီးရယ်''

''ဟင် . မေမေသိပြီးပြီ''

''ဒီမှာ တစ်သက်လုံးဒီလမ်းထဲမှာနေလာတဲ့ ကြီးကြီးသောင်း တစ်ယောက်လုံးရှိတယ်လေ၊ မမသောင်းပြောပြလို့ ရန်နောင်ဆိုတာ ဟိုးအရင်ကတည်းက သေပြီးတဲ့လူတစ်ယောက်ဆိုတာ မေမေသိရပြီ၊ သမီးရော . သူသွားခိုင်းတဲ့ သူ့ရည်းစားဆီရောက်ခဲ့လား''

''ရောက်ခဲ့ပါတယ်မေမေ၊ ဟိုရောက်တော့ သင်းသင်းသွယ်ဆိုတာ မေမေတို့အရွယ်အဘွားကြီးဖြစ်နေတယ်''

''ဩော် . သင်းသင်းနဲ့တွေ့ခဲ့တယ်ပေါ့၊ ဟုတ်လား''

ဒေါ်သောင်းသောင်းက ဝင်မေးလိုက်သည်။

''တွေ့ခဲ့ပါတယ်ကြီးကြီးသောင်း''

''သူက သမီးပြောတာတွေယုံရဲ့လားယွန်း''

''အစပိုင်းမှာမယုံဘူး၊ သမီးကိုရန်တွေ့တယ်၊ သမီးက သူ့ဓာတ်ပုံကိုထုတ်ပြလိုက်မှ ယုံသွားတယ်ကြီးကြီးသောင်း''

''ဖြစ်ရလေအေ . ဩော် . မောင်ရန်နောင် . မောင်ရန်နောင်၊ ငါ့တူလေးတစ်ယောက် တမလွန်ရောက်တာတောင် ချစ်သူကို စွဲလမ်းပြီး မကျွတ်လွတ်နိုင်ရှာသေးပါလား၊ ဖြစ်ရလေ ကလေးရယ်''

''ကြီးကြီးသောင်း . ရန်နောင်ဟာ ဟိုးလွန်ခဲ့တဲ့နှစ်၂၀ကျော်ကတည်းက သေဆုံးခဲ့တာနော်၊ အနှစ်၂၀ကျော်ကြာမှ သူ့ဝိညာဉ်က ဘာဖြစ်လို့ပြန်ရောက်လာရတာလဲဟင်၊ သိပ်ဆန်းကြယ်တာပဲနော်၊ ယွန်းလေ . သူ့ကိုသရဲတစ္ဆေဆိုတာ သိလိုက်ရတော့ကြောက်သွားတယ်၊ ဒါပေမယ့် . သူနဲ့ပြောခဲ့ဆိုခဲ့တာတွေ ပြန်စဉ်းစားမိတော့လည်း သူ့ကိုသနားပြန်ရော၊ သူ ဘာဖြစ်လို့ ဒီလိုမကျွတ်လွတ်တဲ့ဘဝကို ရောက်နေရတာလဲ၊ ကြီးကြီးသောင်းသိရင်ပြောပြပါလားဟင်''

''မကျွတ်လွတ်တဲ့ဘဝရောက်နေတယ်ဆိုတာ ကြီးကြီးသောင်းလည်း ခုမှသိရတာပါယွန်းရယ်၊ သူတို့သားအဖအကြောင်းကို ကြီးကြီးသောင်းအသိဆုံးပေါ့၊ ကြီးကြီးသောင်းက ဒီလမ်းထဲမှာ မွေးကတည်းက နေလာတာ၊ ခုဆို ဒီလမ်းထဲမှာကြီးကြီးသောင်းက အသက်အကြီးဆုံးလေ၊ ကြီးကြီးသောင်း အားလုံးကိုသိတယ်၊ မှတ်မိတယ်၊ ရန်နောင်နဲ့ကိုကျော့မောင်တို့သားအဖဟာ သိပ်ချစ်ကြတဲ့ သားအဖပါ၊ သူတို့အဖြစ်ကလည်း ရင်နာစရာကောင်းလှပါတယ်ကွယ်''

''အို .''

''မောင်ရန်နောင်ရေ . ငါ့တူကြီး၊ မင်း နာနာဘာဝဘဝရောက်နေတာ အန်တီသောင်းရင်နာလှချည်ရဲ့ကလေးရယ်၊ မင်းကို တို့အားလုံးက အမျှဝေပါတယ်မောင်ရန်နောင်ရေ၊ အမျှ . အမျှ . အမျှ .''

ဒေါ်သောင်းသောင်းက ပြောရင်းမှ တစ်ဖက်ခြံထဲသို့လှမ်း မျှော်ကြည့်ကာ ရေရွတ်လိုက်လေသည်။

ဒေါ်မြသီတာနှင့်ယွန်းလည်း တစ်ဖက်ခြံမှအိမ်လေးဆီ ပြိုင်တူ လှည့်ကြည့်လိုက်မိလေ၏။

ယခုတော့လည်း အိမ်လေးမှာ မည်သည့်ထူးခြားမှုမျှမရှိပဲ အိမ်တံခါးများအားလုံးပိတ်လျှက် မြက်ရိုင်းတောထဲတွင် တိတ်ဆိတ်ငြိမ်သက်နေပါသည်။

''ပြောပြပါ့မယ် ့ ပြောပြပါ့မယ်ကွယ်၊ တကယ်တော့ ့ မောင်ရန်နောင်လေးဟာ သရဲတစ္ဆေဘဝရောက်နေတယ်ဆိုပေမယ့် လူ့ဘဝတုံးက စိတ်သဘောထားကောင်းတဲ့ကလေးတစ်ယောက်ပါ၊ လူကြီးမိဘကိုရိုသေးကိုင်းရှိုင်းတဲ့လူလိမ္မာလေးတစ်ယောက်ပါကွယ်''

♛♛♛♛♛♛♛♛♛

# အပိုင်း – ၄

## ( ၁ )

ဤလမ်းထဲက အိမ်တွေအကြောင်း၊ လူတွေအကြောင်းကို ဒေါ်သောင်းသောင်းအသိဆုံးဖြစ်သည်။ အပြောတတ်ဆုံးဖြစ်သည်။ ဒေါ်သောင်းသောင်းက မွေးကတည်းက ဤနေရာတွင်နေလာသည့် ဒေသခံစစ်စစ်ဖြစ်ပါသည်။

ဗန္ဓုလမ်းဟုအမည်ပေးထားသောဤလမ်းပိုင်းလေးတွင် အိမ်ခြောက်လုံးရှိပါသည်။

မြောက်ဖက်အစွန်ဆုံးအိမ်မှစ၍ရေတွက်မည်ဆိုလျှင် ့

တရုတ်အမျိုးသားများနေထိုင်သောအိမ်ကြီးက လမ်းအစွန်ဆုံးအပိုင်းတွင်ရှိသည်။ လမ်းဒေါင့်ချိုးအိမ်ဖြစ်၍မျက်နှာစာကို တစ်ဖက်လမ်းမကြီးဖက်လှည့်ထားသည်။ လက်ရှိတွင် ညီအစ်မငါးယောက်ထဲမှ အကြီးဆုံးတစ်ယောက်ကွယ်လွန်သွားပြီဖြစ်၍ လေးယောက်သာ ကျန်သည်။ လေးယောက်လုံးအပျိုကြီးများဖြစ်ပါသည်။ စက်ချုပ်လုပ်ငန်းကို ''မိုးနတ်သူဇာ''အမည်ဖြင့် အစဉ်အဆက်လုပ်ကိုင်ခဲ့ပြီး ့လက်ရှိတွင် အိမ်၌စက်ချုပ်သင်တန်းပါဖွင့်လှစ်ကာ လုပ်ငန်းကိုတွင်ကျယ်အောင်မြင်စွာ လုပ်ကိုင်နေပါသည်။ ညီအစ်မငါးယောက်ထဲက အငယ်ဆုံးဖြစ်သော မရှုလွှမ်မှာ ရန်နောင်နှင့်ရွယ်တူ သူငယ်ချင်းဖြစ်ပါသည်။ မရှုလွှမ်အသက်မှာ ယခုအချိန်တွင် ၃၉နှစ်ရှိနေပါပြီ။

မရှုလွှမ်တို့အိမ်အပြီး ့နောက်တစ်အိမ်မှာ ရှေးက ရှေ့နေလင်မယားနေခဲ့သောအိမ်ဖြစ်သည်။ ရှေ့နေလင်မယားတွင် သားသမီးမထွန်းကားခဲ့။ လင်မယားနှစ်ယောက်လုံးလည်း ကွယ်လွန်ခဲ့ပြီ။ လက်ရှိတွင် ထိုအိမ်၌ အမွေရထားသော ရှေ့နေ၏တူ မိသားစုနေထိုင်နေပါသည်။

နောက်တစ်အိမ်ကတော့ ့နော်ရင်မွေးတို့အိမ်။ ရန်နောင်ကွယ်လွန်ချိန်က နော်ရင်မွေးအသက် ဆယ်နှစ်ပဲရှိသေးသည်။ နော်ရင်မွေးမိဘများက စစ်ပြန်စစ်မှုထမ်းဟောင်း ဦးစောဝေမိုးနှင့်ဒေါ်နော်ပပ။ လက်ရှိတွင် ဦးစောဝေမိုးရော ဒေါ်နော်ပပပါ ကွယ်လွန်သွားကြပြီ။ ရန်နောင်ကွယ်လွန်ချိန်က အသက်ဆယ်နှစ်အရွယ် နော်ရင်မွေးသည် လက်ရှိတွင် အသက်၃၀အရွယ် သူနာပြုဆရာမတစ်ယောက်ဖြစ်နေကာ အိမ်ထောင်ကျပြီး သမီးလေးနော်ဂျူလီယာကို မွေးဖွားထားသည်။ နော်ဂျူလီယာက နော်ရင်မွေးငယ်စဉ်က ပုံစံနှင့်တူပြီး အသက်ဆယ်နှစ်အရွယ်ရောက်နေပါပြီ။

စတုတ္ထအိမ်ကတော့ ့ရန်နောင်နှင့် သူ့ဖခင်ဦးကျော့မောင်တို့ နေထိုင်ခဲ့သောအိမ်ဖြစ်ပါသည်။

ငါးအိမ်မြောက်အိမ်က ့လက်ရှိတွင် ယွန်းတို့မိသားစုနေနေသည့်အိမ်။ အိမ်ပိုင်ရှင်များက မြို့ထဲတွင်နေထိုင်ကြပြီး အိမ်ကိုအငှားချထားသည်။ မြို့ကိုပြောင်းလာသောဘဏ်မန်နေဂျာအဆက်ဆက်ကို ငှားရမ်းခဲ့၍ ဘဏ်မန်နေဂျာတွေနေတဲ့အိမ်ကြီးလို့ပင် အများက ခေါ်ဝေါ် သိရှိနေကြပါပြီ။ လွန်ခဲ့သောနှစ်၂၀က ဤအိမ်ကြီးတွင် မန်နေဂျာကြီးဦးချစ်မြိုင်တို့မိသားစုနေထိုင်ခဲ့ကြသည်။ ဦးချစ်မြိုင်သား စည်သူမောင်မှာ ရန်နောင်၏သူငယ်ချင်းဖြစ်ခဲ့ပါသည်။

ခြောက်အိမ်မြောက်နောက်ဆုံးအိမ်က ့ဒေါ်သောင်းသောင်းတို့အိမ်ဖြစ်ပါသည်။ မြို့အစွန်ဖြစ်သောဤနေရာတွင် လူနေကျဲပါးစဉ်ကတည်းက ဒေါ်သောင်းသောင်းမိဘများနေထိုင်ခဲ့ကြသည်။ ထို့ကြောင့် လက်ရှိအချိန်တွင် ဒေါ်သောင်းသောင်းက ဗန္ဓုလမ်းထဲ၌နေထိုင်

သူများထဲတွင် ဝါအရင့်ဆုံး အသက်အကြီးဆုံးဖြစ်နေသည်။ လမ်းထဲကလူတွေအကြောင်းကိုလည်း အသိဆုံးဖြစ်နေသည်။ ရှေးဟောင်းနှောင်းဖြစ်ကိုလည်း မှတ်မိပြောဆိုနိုင်သူဖြစ်သည်။

အိမ်တန်း၏မျက်နှာချင်းဆိုင်မှာ ချောင်းလက်တက်ဖြစ်နေ၍ မျက်နှာချင်းဆိုင်တွင် လူနေအိမ်မရှိပါ။ ခြောက်အိမ်ထဲသာရှိသော ဤလမ်းထဲမှလူများသည် တစ်အိမ်နှင့်တစ်အိမ် ရင်းရင်းနှီးနှီးရှိကြသည်။ ရိုင်းရိုင်းပင်းပင်းနေထိုင်ကြပါသည်။

ဒီအထဲမှာ ဒေါ်သောင်းသောင်းက စပ်စုတတ်သူ၊ ရောနှောတတ်သူ၊ ကူညီတတ်သူဖြစ်၍ အိမ်ပေါက်စေ့ကို အဝင်အထွက်ရှိနေသည်။ သုံးလေးနှစ်တစ်ခါ လူအပြောင်းအလဲဖြစ်နေသော ဘဏ်မန်နေဂျာတွေနေသည့်အိမ်ကိုပင် လူသစ်ပြောင်းလာတိုင်း ဝင်ပြီးမိတ်ဆက်ကာ လိုအပ်သမျှကို ပြောပြကူညီတတ်သူမှာလည်း ဒေါ်သောင်းသောင်းပင်ဖြစ်သည်။

သည်တော့လည်း ဒေါ်သောင်းသောင်းသည် ရန်နောင်နှင့်ဦးကျော့မောင်တို့သားအဖအကြောင်းကို ကောင်းကောင်းကြီးပြောပြတတ်နေတာ မဆန်းတော့ပါပေ။

အိမ်ရှေ့မှာရပ်နေရင်းကပင် ဒေါ်သောင်းသောင်းက ယွန်းတို့သားအမိကို ့တစ်ဖက်အိမ်က သားအဖ၏ လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်က ရင်နင့်ဖွယ်ဖြစ်ရပ်အား ပြောပြနေပါသည်။

+ + + + +

''ရန်နောင့်အဖေက ကိုကျော့မောင်တဲ့၊ မမသောင်းတို့နဲ့ ရွယ်တူလောက်ရှိတယ်၊ ကွာလှတစ်နှစ်,နှစ်နှစ်ပေါ့၊ ကိုကျော့မောင်က အခွန်ရုံးမှာအလုပ်လုပ်တဲ့ဝန်ထမ်းလေ၊ ရန်နောင်ဆယ်တန်းရောက်တဲ့အချိန်မှာ ကိုကျော့မောင်က ရုံးအုပ်ကြီးဖြစ်နေပြီ ့

''ရန်နောင့်အမေ မခင်ဆွေကတော့ ရန်နောင်အသက်လေးငါးနှစ်ကတည်းက ကွယ်လွန်ရှာတယ်၊ ကိုကျော့မောင်က တော်ရှာပါတယ်၊ မိန်းမသေသွားပေမယ့် သားလေးကိုငဲ့ပြီး နောက်မိန်းမမယူရှာဘူး၊ သူ့သားကို မိထွေးနှိပ်စက်မှာစိုးတယ်ဆိုတဲ့အကြောင်း ခဏခဏ ပြောရှာတယ် ့

''ရန်နောင်လေးကလည်း လိမ္မာရှာပါတယ်၊ ဆယ်တန်းကို နှစ်ချင်းပေါက်အောင်တယ်လေ၊ ပြောစရာဆိုလို့ ကိုကျော့မောင်မှာ အပြစ်တစ်ခုပဲရှိတယ်၊ အရက်သောက်တတ်တာပဲ၊ ကိုကျော့မောင်က အရက်ကိုတော့ကြိုက်ရှာတယ်၊ ညတိုင်းသောက်တယ်၊ ရုံးဆင်းတာနဲ့ အရက်ဆိုင်တန်းဝင် သောက်တာပဲ ့

''ရန်နောင်လေးငယ်ငယ်ကဆို ရုံးအဆင်းမှာ ရန်နောင့်ကို ကျောင်းကဝင်ကြို၊ ကလေးကိုပါ အရက်ဆိုင်ထဲခေါ်သွားပြီး သောက်တာ၊ မမသောင်းက ကလေးအတွက် အတုမြင်အတတ်သင်ဖြစ်ပါ့မယ်၊ ကလေးကိုတော့ အရက်ဆိုင်ထဲခေါ်သွားတဲ့အကျင့်မလုပ်ပါနဲ့ဆိုပြီး တားရတယ် လေ ့

''တားရုံဘယ်ကမလဲကွယ်၊ မမသောင်းမှာ သမီးအကြီးကို အငယ်တွေကျောင်းကြိုတဲ့အချိန်မှာ ရန်နောင့်ကိုပါ တစ်ပါတည်းကြိုခိုင်းပြီး မမသောင်းတို့အိမ်မှာပဲ ခေါ်ထားရတာပေါ့၊ အဲဒါကြောင့်လည်း မမသောင်းက ရန်နောင်လေးကို ကိုယ့်တူလို သံယောဇဉ်ဖြစ်နေတာလေ၊ ကိုကျော့မောင်က အရက်ဆိုင်ကပြန်လာမှ မမသောင်းအိမ်မှာ ရန်နောင်လေးကို ဝင်ခေါ်တာလေ၊ အိမ်ပြန်ရောက်မှ သူတို့သားအဖ ချက်ပြုတ်စားကြတာကလား ့

''ရန်နောင်လေးကလည်း အဖေကိုညာတာရှာပါတယ်၊ နည်းနည်းလေးကြီးလာတော့ သူ့ခမျာ အဖေအရက်သောက်တာကို ရှက်ရှာတယ်၊ ဒါပေမယ့် အဖေ့ကို အရက်မသောက်ပါနဲ့လို့ မတားမြစ်ရှာဘူး၊ အဖေ့မှာ အမေမရှိတော့ စိတ်ဖြေရာဘာမှမရှိဘူးတဲ့၊ ညနေပိုင်းလေး အရက်သောက်ပြီး စိတ်ဖြေသိမ့်ရတာ၊ သောက်ပါစေလေတဲ့၊ အဖေအရက်သောက်တာမကြိုက်ပေမယ့် ကျွန်တော် မပြောရက်ပါဘူးအန်တီသောင်းရယ်တဲ့၊ မမသောင်းကို ရင်ဖွင့်ရှာတယ် ့

''ဒါပေမယ့် အရွယ်လေးရောက်လာလို့ ရည်းစားသနာရလာတော့ ကိုကျော့မောင်အရက်သောက်တာဟာ သူတို့သမီးရည်းစားကြားမှာ အနှောက်အယှက်ဖြစ်လာခဲ့တယ်လေ၊ သင်းသင်းသွယ်နဲ့ချစ်ကြိုက်ကြတော့ သင်းသင်းသွယ်မိဘတွေက ရန်နောင့်အဖေအရက်သောက်တာကိုအကြောင်းပြပြီး သဘောမတူကြဘူး၊ ရန်နောင်ကတော့ အဲဒီအချိန်အထိ သူ့အဖေကို အရက်မသောက်ဖို့မတားမြစ်ရှာပါဘူး ့

''ဒီလိုနဲ့ ရန်နောင်ဆယ်တန်းအောင်သွားတယ်၊ နှစ်ချင်းပေါက် အောင်သွားတယ်၊ ရန်နောင့်သဘောကတော့ အလုပ်လုပ်ပြီး အဖေကို တစ်လှည့်လုပ်ကျွေးချင်တာပဲ၊ ဒါပေမယ့် ကိုကျော့မောင်က ရန်နောင့်ကို တက္ကသိုလ်ဆက်တက်ရမယ်လို့ တိုက်တွန်းတယ်၊ တက္ကသိုလ်တက်ပြီး ဘွဲ့ရအောင်ယူရမယ်တဲ့၊ သူကြိုးစားပြီးထားပေးမယ်တဲ့၊ မိဘမေတ္တာပေါ့လေ ့

''ရန်နောင်လေးဟာလေ ့ဘယ်လောက်များလိမ္မာသလဲဆိုရင် ဖအေကြီးဒုက္ခများမှာစိုးလို့ ကျောင်းစရိတ်ကို နည်းနည်းပဲ ကာမိကာမိဆိုပြီး ့ သူ့ဟာသူကြိုးစား ရှာဖွေရှာတယ်ကွယ်၊ ရန်ကုန်က သူ့အမေရဲ့အမျိုးတွေဆီစာရေးပြီး အလုပ်ရှိရင်လုပ်ပါရစေဆိုတော့ အမေဖက်ကဦးလေးတစ်ယောက်က အလုပ်လာလုပ်ဖို့ခေါ်တယ်လေ ့

''ဒီလိုနဲ့ ့တက္ကသိုလ်တွေမဖွင့်ခင်မှာ ရန်ကုန်သွားပြီး ကျောင်းစရိတ်ရအောင် အလုပ်လုပ်ရှာတယ်ကွယ်၊ မသွားခင်မှာ သူ့အဖေ အရက်တွေအလွန်အကျွံသောက်နေမှာစိုးလို့ အန်တီသောင်းတို့ပဲ အဖေ့ကို ကြည့်ရှုပေးပါဆိုပြီး အပ်ခဲ့ရှာသေးတယ် ့

''ရန်ကုန်မှာ အလုပ်သွားလုပ်တာ သုံးလကြာသွားတယ်လေ၊ သုံးလအလုပ်လုပ်လိုက်တော့ ပိုက်ဆံလေး နည်းနည်းပါးပါး စုမိထင်ပါရဲ့၊ ကျောင်းကလည်း တက်ရခါနီးပြီဆိုတော့ ့မြို့ကိုပြန်လာခဲ့တယ်လေ ့

''အဲဒီ အပြန်လမ်းမှာပါပဲကွယ် ့အဲဒီအပြန်လမ်းမှာပဲပေါ့ ့''

ဒေါ်သောင်းသောင်းက ပြောရင်းမျက်ရည်များကျလာကာ တစ်ချက်ရှိုက်လိုက်သည်။

''အဲဒီနေ့ကအဖြစ်တွေကိုတော့ ့မမသောင်း ဒီနေ့အထိ မမေ့နိုင်သေးပါဘူးကွယ်၊ ကြီးကြီးသောင်းတစ်သက်မှာ ဘယ်တော့မှ မေ့နိုင်တော့မှာမဟုတ်ပါဘူး၊ ရန်နောင် ရန်ကုန်က ပြန်လာမယ့်နေ့လေ၊ အဲဒီနေ့က ့''

♛♛♛♛♛

( ၂ )

''မသောင်းရေ ့မသောင်း''

အိမ်ရှေ့မှဦးကျော့မောင်၏ခေါ်သံကြောင့် ဒေါ်သောင်းသောင်း အိမ်ရှေ့သို့ထွက်လာရာ ဒန်အိုးကြီးတစ်လုံးကိုကိုင်လျှက်ဝင်လာသော ဦးကျော့မောင်ကိုတွေ့လိုက်ရလေသည်။

''ဟင် ့ကိုကျော့မောင်၊ လက်ထဲကဒန်အိုးကြီးက ဘာလဲ''

''ဒီနေ့ ကျွန်တော့်သား ပြန်လာမယ်လေ၊ အဲဒါ သူကြိုက်တတ်တဲ့ ကြက်အူဟင်းလေး ချက်ထားချင်လို့ဗျို့၊ ကျွန်တော်ကိုယ်တိုင် ဈေးသွားဝယ်ပြီး ချက်မလို့လုပ်တာ၊ လုပ်ရင်းနဲ့ ကျွန်တော်မကိုင်တတ်တော့ဘူးဗျာ၊ အတော်လက်ဝင်တာပဲ၊ မသောင်းပဲ ပြီးအောင်ချက်ပေးပါတော့''

ဦးကျော့မောင်စကားကြောင့် ဒေါ်သောင်းက ရယ်မောလိုက်လေသည်။

''ကြက်အူဟင်းများဗျာ ့ခင်ဗျားသောက်နေကျဆိုင်က ဝယ်ပေးလိုက်ရောပေါ့၊ ဒုက္ခရှာပြီး ချက်နေသေးတယ်''

ဒေါ်သောင်းသောင်းယောကျ်ား ဦးအောင်ဘက ဝင်ပြောလိုက်သည်။

''သားကို ကျွန်တော့်လက်ရာလေးစားစေချင်လို့ပါ ကိုအောင်ဘရယ်၊ ပိုပိုလျှံလျှံလေးလည်း စားရအောင်ဆိုပြီး ရုံးကအပြန် ဈေးဝင်ဝယ်လာတာလေ၊ ကြက်အူက တကယ်လုပ်ကြည့်တော့ တော်တော်လက်ဝင်တာကိုး၊ မလုပ်တတ်တော့ဘူးဗျာ''

''ကဲ ့ကဲ ့ပေး ့ပေး၊ ကျွန်မချက်ပေးပါ့မယ်''

''ဟင်းမွှေးမဆလာလေး များများထည့်နော်မသောင်း၊ သားက ခပ်စပ်စပ်ကလေးမှကြိုက်တာ''

''အောင်မယ်လေးတော် ့မောင်ရန်နောင်အကြိုက်ကျွန်မ သိပါတယ်၊ တကတည်း ့''

ဒေါ်သောင်းသောင်းက ဟင်းအိုးကိုအိမ်နောက်ဖေးယူသွားကာ ချက်နေသည်။

ဦးကျော့မောင်က ဦးအောင်ဘနှင့်စကားပြောရင်း ကျန်ခဲ့၏။

''ဘယ့်နှယ်လဲကိုကျော့မောင်၊ ဒီနေ့အိမ်ပြန်လာတာ စောလှချည်လားဗျ၊ အရက်ဆိုင်မဝင်ခဲ့ဘူးလား''

''သားပြန်လာမှာမို့ ဟင်းချက်ချင်ဇောနဲ့ ဈေးဝင်ဝယ်ပြီး ပြန်လာတာဗျာ၊ သားပြန်ရောက်မှ သူနဲ့အတူထမင်းစားရင်း သောက်တော့မယ်''

''အမယ် ့ဒီလိုကျတော့ ခင်ဗျားနေနိုင်သားပဲ''

ရန်နောင် စီးလာမည့်ကားက သူတို့မြို့ကို ညကိုးနာရီမှဆိုက်မည်ဖြစ်သည်။

''နေနိုင်လွန်းလို့မဟုတ်ပါဘူး၊ သားပြန်လာမယ့်ရက်ကလေးတစ်ရက်တော့ အားတင်းပြီးနေတာပါ၊ သူပြန်လာမှ သူ့ကို ခွင့်တောင်းပြီးသောက်မယ်လေ၊ မသောက်ပဲတော့မနေပါဘူး၊ မသောက်လို့လည်း မဖြစ်ဘူးဗျ၊ သောက်နေကျမသောက်ရရင် ခြေတွေ လက်တွေတုန်တယ်၊ အိပ်မပျော်ဘူးဗျာ''

''အဲဒီလောက်အထိဖြစ်နေရင်တော့ လူက အရက်ကိုသောက်တာမဟုတ်တော့ဘူးကိုကျော့မောင်၊ အရက်က လူကိုသောက်တာ ဖြစ်နေပြီ''

''ဟုတ်ပါတယ်ကိုအောင်ဘရယ်၊ ကျွန်တော်လည်း ကိုယ့်ကိုကိုယ်သိပါတယ်၊ ကျွန်တော်အရက်ဖြတ်မယ်စိတ်ကူးထားပါ တယ်ဗျာ၊ သားအတွက် တက္ကသိုလ်စရိတ်က လာဦးမှာမဟုတ်လား၊ ကျွန်တော် အရက်ဖြတ်မှဖြစ်မှာပါ''

''သာဓုပါတော် ့သာဓုပါ၊ သာဓုကို နှစ်ခါပဲခေါ်ထားဦးမယ် ကိုကျော့မောင်ရေ၊ ရှင် တကယ်ဖြတ်မဖြတ် စောင့်ကြည့်ဦးမယ်''

အိမ်ရှေ့ခန်းတွင် ဦးကျော့မောင်နှင့်ဦးအောင်ဘပြောနေသော စကားများကိုကြားကာ ဒေါ်သောင်းသောင်းက မီးဖိုခန်းထဲမှ လှမ်းအော်လိုက်ခြင်းဖြစ်သည်။

''မသောင်းက ကျွန်တော်အရက်ဖြတ်မယ်ဆိုတာ မယုံဘူးထင်တယ်၊ ဖြတ်ဖို့တော့ခက်သားဗျ၊ ဒါပေမယ့် မသောင်းရေ၊ ကျွန်တော့်မှာ ဖြတ်မှဖြစ်တော့မှာဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်သားက ကျွန်တော့်စိတ်ကြိုက်အကုန်ဖြစ်အောင်ကြိုးစားရှာတယ် လေ၊ ဆယ်တန်းလည်း နှစ်ချင်းပေါက်အောင်တယ်၊ ဟော ့ခုလည်း ကျောင်းစရိတ်ရအောင်ဆိုပြီး ရန်ကုန်ကိုအလုပ်သွားလုပ်တယ်၊ သူလိမ္မာတော့ သူ့အကြိုက်အတိုင်း ကျွန်တော့်ဖက်က အလိုလိုက်ဖို့ဖြစ်လာတာပေါ့ဗျာ၊ မဟုတ်ဘူးလား''

''ဟုတ်တာပေါ့တော်၊ ရှင် ဒီလိုအသိတရားရတာ ဝမ်းသာပါတယ်၊ လက်တွေ့လုပ်နိုင်အောင်လုပ်ဖို့ပဲ လိုပါတော့တယ် ကိုကျော့မောင်ရေ''

ဒေါ်သောင်းသောင်းက ဝမ်းသာအားရအော်ပြောလိုက်သည်။

''လုပ်မှလည်းဖြစ်တော့မယ်မသောင်းရ၊ ကျွန်တော့်သားလေးကသိပ်လိမ္မာတာ၊ သူပြန်လာတော့မယ်လို့ရေးလိုက်တဲ့စာထဲမှာလေ သူ သုံးလအလုပ်လုပ်ပြီးရတဲ့ပိုက်ဆံထဲက ကျွန်တော့်အတွက် တိုက်ပုံအင်္ကျီတစ်ထည်ဝယ်လာတယ်တဲ့ဗျာ ကဲ''

''အို ့ဟုတ်လား၊ မောင်ရန်နောင်လေးက စကတည်းက လိမ္မာပြီးသား ကလေးလေးပါဗျာ၊ ခင်ဗျားကိုလည်း သိပ်ချစ်ရှာပါ တယ်၊ အဖေပြန်မလာသေးရင် အိမ်ရှေ့ကထွက်ပြီး မျှော်မျှော်နေတတ်တာ အိမ်နီးချင်းတွေအားလုံးမြင်နေရတာပဲ''

''ဟုတ်တယ်ဗျို့၊ ကျွန်တော်လည်း သားနဲ့ ဒီလောက်တစ်ခါမှမခွဲဖူးဘူး၊ သုံးလကြာအောင်ခွဲလိုက်ရမှ သားကိုလွမ်းလိုက် တာဗျာ၊ အဲဒါကြောင့်လည်း အရက်မသောက်သေးပဲ သူ့အလာကို စောင့်နေတာဗျ''

ဒေါ်သောင်းက ချက်ပြီးသားကြက်အူဟင်းအိုးကို ဆွဲခြင်းတောင်းထဲထည့်ပြီး အိမ်ရှေ့ကိုယူလာသည်။

''ကဲ ့ပြီးပြီ၊ ရှင်ဒီတိုင်းသယ်သွားရင် ပူနေမှာစိုးလို့ ဆွဲခြင်းနဲ့ထည့်ပေးလိုက်တယ်''

''မွှေးလှချည်လားဗျာ၊ မသောင်းတို့စားဖို့လည်း ယူထားလိုက်ဦးလေ''

''အမလေး ့နေပါစေရှင်၊ ရှင်တို့သားအဖ ဝအောင်စားကြပါ၊ မောင်ရန်နောင်က ရှင့်အတွက် တိုက်ပုံအင်္ကျီဝယ်လာတယ် ဆိုတာရော၊ ရှင်အရက်ဖြတ်မယ်ဆိုတာပါ ကြားရလို့ ့ကျွန်မမှာ ကြားထဲက ဝမ်းသာလုံးဆို့ပြီး ဝ,နေပါပြီ၊ ကဲ ့မှောင်နေပြီ၊ ညကြီးမိုးချုပ် အသားဟင်းတွေလမ်းကဖြတ်သယ်တာ သိပ်မကောင်းဘူး၊ ပြန်တော့ ့ ပြန်တော့''

ဦးကျော့မောင်တစ်ယောက် ကြက်အူဟင်းအိုးပါသောဆွဲခြင်းကြီးကိုဆွဲရင်း အိမ်ပြန်သွားလေသည်။

ထိုစဉ်မှာပဲ ့မိုးက သည်းသည်းမည်းမည်းရွာချလိုက်၏။

\+ + + + +

''မသောင်းရေ ့မောင်ရန်နောင် ပြန်မရောက်သေးဘူး ထင်တယ်ဟေ့၊ ကိုကျော့မောင်ကြီး အိမ်ရှေ့ထွက်စောင့်နေလိုက်, ဝင်သွားလိုက်နဲ့ မြင်နေရတယ်''

မိုးရွာလာ၍ အိမ်ရှေ့ခြံတံခါးထွက်ပိတ်ရင်းမှ ဦးအောင်ဘက သူမြင်ခဲ့သည်ကို ပြောပြလိုက်သည်။

ဒေါ်သောင်းက တိုင်ကပ်နာရီကို မော်ကြည့်လိုက်သည်။

''ဟင် ့ဆယ်နာရီမတ်တင်းတောင် ရှိနေပါပကော၊ ဒီအချိန်ဆို ကားဝင်ဖို့ ကောင်းပါပြီ''

''မိုးရွာလို့ ကားအဝင်နောက်ကျတယ်ထင်တယ်၊ မိုးတွေကလည်း တအားသည်းနေတယ်လေ''

''ပုံမှန်က ညကိုးနာရီဆို ကားဝင်နေကျမဟုတ်လား''

''အေးလေ ့မိုးရွာကြီးထဲထွက်မျှော်လိုက် ပြန်ဝင်လိုက်နဲ့ ဒီလူကြီး အအေးမိတော့မှာပဲ၊ ငါတို့သွားကြည့်လိုက်ဦးမှပါ မသောင်းရေ''

''ဟုတ်ပါ့၊ သူ့သားမလာမချင်း ထမင်းလည်းစားမှာမဟုတ်ဘူး၊ ထမင်းလေးဘာလေးစားထားဖို့ တိုက်တွန်းဦးမှ၊ ကျွန်မတို့ ခဏသွားလိုက်ရအောင် ကိုအောင်ဘ''

ဦးအောင်ဘနှင့်ဒေါ်သောင်းသောင်းတို့ ထီးတစ်လက်ဆောင်းကာ ဦးကျော့မောင်အိမ်ဆီထွက်လာခဲ့သည်။

အိမ်ရှေ့ရောက်တော့ ခမောက်တစ်ခုဆောင်းကာ ရန်နောင်လာမည့်ဖက်ကိုမျှော်ကြည့်နေသည့် ဦးကျော့မောင်ကို မြင်လိုက်ရသည်။

''ကိုကျော့မောင် ့ကြည့်စမ်း၊ တစ်ကိုယ်လုံးလည်း မိုးတွေ ရွှဲလို့၊ မောင်ရန်နောင် ပြန်မရောက်သေးဘူးလား''

''အေးဗျာ ့ခုထိရောက်မလာသေးလို့''

''မိုးတွေသိပ်သည်းလို့ ကားနောက်ကျတာဖြစ်ပါလိမ့်မယ်၊ အိမ်ထဲက စောင့်ပါ၊ ရှင် ထမင်းရောစားပြီးပြီလား''

''သားလာမှ အတူတူစားမှာလေ''

''ခင်ဗျားအသက်အရွယ်ကြီးနဲ့ ဒီလိုမလုပ်နဲ့လေ၊ စားစရာရှိ စားထား၊ ကလေးပြန်လာမှ သူနဲ့ထပ်စားရင် စားပေါ့ဗျာ၊ ဟင် ့အသားတွေလည်း တုန်လို့ပါလား၊ ဒါ ့ချမ်းလို့တုန်တာမဟုတ်ဘူး၊ ခင်ဗျား အရက်မသောက်ရသေးလို့ တုန်နေတာ၊ ဟုတ်တယ်မဟုတ်လား ကိုကျော့မောင်''

ဦးအောင်ဘက ခြေတွေလက်တွေတုန်နေသောဦးကျော့မောင်ကိုကြည့်ရင်းပြောလိုက်သည်။

ဒေါ်သောင်းသောင်းတို့လင်မယားက ဦးကျော့မောင်ကို အိမ်ထဲချော့ခေါ်လာရသည်။

''ကိုကျော့မောင် ဒီည ခင်ဗျားတစ်ခွက်မှမသောက်ရသေးဘူး မဟုတ်လား''

ဦးအောင်ဘက အရက်သောက်နေကျအချိန် မသောက်ရ၍ တစ်ကိုယ်လုံးတုန်နေသောဦးကျော့မောင်ကိုကြည့်ရင်း မေးလိုက်သည်။

''ဟုတ်တယ်လေ၊ ကျွန်တော်က သားပြန်လာမှသောက်မယ်လို့ စိတ်ဆုံးဖြတ်ထားတာ''

''ဒီလိုဘယ်ဟုတ်မလဲ၊ သောက်စရာရှိသောက် စားစရာရှိစားထားမှ ခင်ဗျားသားပြန်လာရင် လန်းလန်းဆန်းဆန်းကြိုနိုင်မှာပေါ့၊ ခုလို ကားနောက်ကျနေတော့ မခက်ဘူးလား''

''ဟုတ်ပါတယ်ကိုကျော့မောင်ရယ်၊ ရှင့်ဟာက အဓိပ္ပါယ်မရှိပါဘူး၊ သောက်နေကျကိုသောက်လိုက်ပါ၊ နောက်မှ ဖြတ်မယ်ဆို အပြီးဖြတ်ပစ်လိုက်၊ ထမင်းလည်း စား၊ ရှင်လုပ်ပုံက ကိုယ့်ကိုကိုယ်နှိပ်စက်သလိုဖြစ်နေပြီ''

''ကျွန်တော်က သားလေးပြန်လာရင် ကျွန်တော် အရက်မသောက်ပဲ သူ့ကိုစောင့်နေတာ မြင်စေချင်လို့ပါ''

''သူ့ကို အရက်မသောက်ပဲ ရှင်စောင့်နေတာကို ကျွန်မတို့က ပြောပြမှာပေါ့တော်''

ဦးအောင်ဘက အခန်းဒေါင့်ကအရက်ပုလင်းကိုယူကာ ဖန်ခွက်ထဲသို့ တစ်ဝက်ကျော်ကျော်လောင်းထည့်လိုက်သည်။

''ရော့ ့ရော့ ့ခင်ဗျားတုန်နေတာတွေပျောက်သွားအောင် တစ်ခွက်လောက်သောက်လိုက်ဦး၊ မောင်ရန်နောင် ပြန်ရောက်လာတဲ့အထိ ကျွန်တော်တို့လင်မယားစောင့်နေပါ့မယ်''

ဦးအောင်ဘက ဖန်ခွက်ကိုကမ်းပေးကာ ပြောလိုက်သည်။

''အေးဗျာ ့ဒီနေ့မှပဲ ကားကနောက်ကျလိုက်တာ၊ သားပြန်ရောက်ရင် ကျွန်တော် အရက်မသောက်ပဲ သူ့ကိုစောင့်နေတာကို ပြောပေးကြဦးနော်''

ဦးကျော့မောင်က အရက်ကို အားရပါးရမော့သောက်ချလိုက်သည်။ နေ့စဉ် ညနေခြောက်နာရီလောက်ဆိုသောက်နေကျ ဦးကျော့မောင်အဖို့ အသွေးအသားတွေက အရက်ကိုတောင်းဆိုနေကြပြီ၊ ခန္ဓာကိုယ်ထဲကို အရက်ဓာတ်ဝင်မလာ၍ အကြောများ အသားများ တဆတ်ဆတ်တုန်ကာ ဆန္ဒပြနေကြပြီ။

တစ်ခွက်သောက်လိုက်ရုံနှင့် တုန်နေသော ခြေလက်များက ငြိမ်ကျသွားလေသည်။

ဦးအောင်ဘက နောက်တစ်ခွက်ကိုငှဲ့ပေးလိုက်၏။

ထိုစဉ် ...

**''အဖေ ... အဖေ ...''**

အိမ်ရှေ့ဆီမှ ရန်နောင်၏အော်ခေါ်သံက နှစ်ခွန်းဆင့်၍ ထွက်ပေါ်လာသည်။

''ဟော ... ကျွန်တော့်သား လာပြီ''

ဦးကျော့မောင်က သောက်ရန် ပါးစပ်တွင်တေ့ထားသောခွက်ကို ကြမ်းပြင်ပေါ်ချရင်းပြောလိုက်သည်။ လူကလည်း ကြမ်းပြင်ကို လက်ထောက်၍ထလိုက်ပါသည်။

ရန်နောင့်အသံဖြင့် ခေါ်လိုက်သောအသံကို ဒေါ်သောင်းသောင်းတို့လည်း ကြားလိုက်ရပါသည်။

သုံးယောက်သား အပြင်ဖက်သို့ထထွက်ခဲ့ကြသည်။

အပြင်၌ မိုးများက သည်းနေတုံးပင်ဖြစ်သည်။

အိမ်ရှေ့ကိုကြည့်လိုက်တော့ ဘာအရိပ်အယောင်မျှမမြင်။ ရန်နောင့်ကိုမတွေ့ရ။

''ဒီကောင် အဖေကိုနောက်ပြီး ပုန်းနေပြန်ပြီထင်တယ်''

ဦးကျော့မောင်က ပြောပြောဆိုဆို လှေကားထစ်ငါးထစ်အတိုင်း အောက်ကိုဆင်းသွားလေ၏။

''မိုးတွေသည်းနေတယ်လေ၊ ကိုကျော့မောင် ခမောက်ဆောင်းဦး''

ဒေါ်သောင်းသောင်းပြောသည်ကိုမကြား။ အိမ်ရှေ့ခြံစည်းရိုးအထိ စိုက်စိုက် စိုက်စိုက်ဖြင့် လျှောက်သွားနေသည်။

ဒေါ်သောင်းသောင်းတို့လင်မယားလည်း ထီးဆောင်းကာ နောက်မှလိုက်ရလေ၏။ ဒေါ်သောင်းသောင်းက ခမောက်ကိုယူလာကာ ဦးကျော့မောင်ကို ဆောင်းပေးလိုက်သည်။

သုံးယောက်သား ရန်နောင့်ကိုရှာကြသော်လည်း ရှာမတွေ့ပေ။ အိမ်ရှေ့၌ ပုန်းခိုစရာနေရာလည်းမရှိပါပေ။

တကယ်တော့ ... အသံကြားလိုက်ပြီး လူမတွေ့လို့သာ ပုန်းများနေသလား တွေးမိရခြင်းဖြစ်သည်။ ရန်နောင် တကယ်ပြန်ရောက်လာတာသာဖြစ်လျှင် ခုလိုမိုးသည်းသည်းကြီးမှာ ပုန်းနေစရာအကြောင်း မရှိ။ အဖေကို နောက်စရာအကြောင်းလည်း မရှိပါ။ အိမ်ပေါ် တန်းတက်လာမည်သာဖြစ်သည်။

ရန်နောင့်ကိုမတွေ့ရတော့ လူကြီးသုံးယောက်လုံး အခုနကြား လိုက်ရသောခေါ်သံမှာ တကယ်မှဟုတ်ရဲ့လားဟု သံသယဖြစ်သွားကြရပြန်သည်။

''ကျွန်တော့်သားခေါ်သံကို တကယ်ကြားလိုက်ရတာပါနော်၊ ခင်ဗျားတို့ ကြားလိုက်ရတယ်မဟုတ်လား''

''ကြားလိုက်သလိုလိုပဲ၊ ဒါပေမယ့် ... မိုးသံလေသံနဲ့ရောပြီး စိတ်ထင်တာလည်း ဖြစ်ချင်ဖြစ်မှာပါ''

ဦးအောင်ဘက တကယ်ကြားလိုက်ခြင်းဖြစ်သော်လည်း ဦးကျော့မောင် လျှောက်တွေးနေမည်စိုး၍ မရေမရာဖြေလိုက်သည်။ ရန်နောင့်ခေါ်သံကိုတော့ သူတို့လင်မယား တကယ်ကြားလိုက်ရခြင်းဖြစ်ပါသည်။

''ကိုအောင်ဘ ရှင် ကားဂိတ်ကိုဖုန်းဆက်ကြည့်ပါလားတော်၊ ကားဝင်ပြီလား သိရအောင်''

ဒေါ်သောင်းသောင်းက သူ့ယောကျာ်းကိုပြောလိုက်သည်။

''အေး ... အဲဒါကောင်းမယ်၊ ရှင်းရှင်းလင်းလင်းသိရအောင် မန်နေဂျာအိမ်ကနေ ကားဂိတ်ကို ဖုန်းဆက်မေးလိုက်မယ်''

ဤအနီးအနားတွင် ဘဏ်မန်နေဂျာအိမ်၌သာ တယ်လီဖုန်း ရှိပါသည်။

ဦးအောင်ဘက ကပ်ရက်ခြံမှ ဘဏ်မန်နေဂျာအိမ်ကို ဖုန်းဆက်ဖို့ထွက်သွားသည်။

''ကိုကျော့မောင်၊ ကျွန်မတို့အိမ်ပေါ်ကစောင့်ရအောင်၊ ခုန ကြားလိုက်တဲ့အသံက တခြားအသံဖြစ်မှာပါ''

အိမ်ပေါ်ပြန်အရောက်တွင် ဦးကျော့မောင်က တွေတွေဝေဝေ ဖြစ်နေသည်။ ဘာစကားမျှလည်း မပြောတော့။ အရက်ကိုတော့ တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်နေ၏။

ခဏအကြာတွင် ဖုန်းဆက်ဖို့သွားသောဦးအောင်ဘပြန်ရောက်လာသည်။

''ကား မဝင်သေးပါဘူးတဲ့၊ လမ်းမှာမိုးသည်းနေလို့ နားနေတာလား၊ ထွက်ပဲမထွက်ဖြစ်တာလား မသိဘူးတဲ့၊ စည်သူမောင်က ကားဂိတ်ကိုလှမ်းမေးပေးပါတယ်ကိုကျော့မောင်''

''ဒါဖြင့် ့ခုန ကျွန်တော်တို့ကြားလိုက်ရတဲ့အသံကရော၊ ကျွန်တော့်သားအသံပဲမဟုတ်လားဗျ''

''မဟုတ်ပါဘူးကိုကျော့မောင်ရယ်၊ စိတ်ထင်လို့ပါ''

''ကဲပါလေ ့မောင်ရန်နောင်လည်း အချိန်တန်ရင်ပြန် ရောက်လာမှာပေါ့၊ စိတ်ပူမနေပါနဲ့၊ ခင်ဗျားသောက်စရာရှိတာသောက်၊ ပြီးရင် ့ထမင်းလည်းစားဦး ကိုကျော့မောင်''

ဒေါ်သောင်းသောင်းက ထိုင်ရာမှထကာ ထမင်းပွဲကို သွားပြင်သည်။

အရက်တစ်ပုလင်းအကုန်တွင် ထမင်းကိုစားစေရသည်။ စားပြီးသည်အထိ ဒေါ်သောင်းသောင်းတို့လင်မယားစောင့်ကြည့်နေကြ၏။

''ခင်ဗျားတို့လင်မယားလည်း ကျွန်တော့်အတွက် အချိန်တွေကုန်နေပြီ၊ ပြန်ကြတော့လေ''

''ပြန်မယ်ကိုကျော့မောင်၊ ခင်ဗျားလည်း အိပ်လိုက်တော့၊ ကျွန်တော့်အထင်တော့ မိုးသည်းလို့ ကားမထွက်ဖြစ်ဘူးထင်တယ်၊ မောင်ရန်နောင် မနက်ရောက်လာမှာပါ၊ အားရှိအောင် အိပ်ထားလိုက်ဦးဗျို့''

ဦးအောင်ဘနှင့်ဒေါ်သောင်းသောင်းတို့ ဦးကျော့မောင်ကို နှုတ်ဆက်ပြီးပြန်လာခဲ့ကြသည်။

မိုးက သည်းသည်းမည်းမည်းရွာနေဆဲ ့။

အပြန်လမ်းတွင် လင်မယားနှစ်ယောက်လုံး စကားမပြောဖြစ်ပဲ နှုတ်ဆိတ်နေမိကြသည်။ **''အဖေ ့အဖေ''**ဆိုသော ရန်နောင့်အသံဖြင့် နှစ်ခွန်းဆင့်ခေါ်လိုက်သံကို သူတို့လင်မယားနှစ်ယောက်လုံး တကယ်ကြားလိုက်ရခြင်းဖြစ်ပါသည်။ ထိုအသံသည် မည်သို့ထွက်ပေါ်လာပါသလဲ။

ထိုအကြောင်းကို ဖွင့်ဟဆွေးနွေးရန် မရဲသောကြောင့် ဦးအောင်ဘနှင့်ဒေါ်သောင်းသောင်းတို့ နှုတ်ဆိတ်နေကြခြင်းဖြစ်သည်။

တကယ်တော့ ့

ရန်နောင်ပါလာသောကားသည် မြို့အဝင် ကိုးလောင်းကွေ့တွင် ရှေ့တူရူမှလာသောကားတစ်စီးနှင့် တိုက်မိကာ ချောက်ထဲလိမ့်ကျပြီး ရန်နောင်အပါအဝင် ခရီးသည်အများအပြား ကွယ်လွန်ခဲ့သည့်ဖြစ်ရပ်မှာ ထိုအချိန်က ဖြစ်ပြီးခဲ့ပြီး ဖြစ်ပါသည်။

ရာသီဥတုဆိုးဝါးနေ၍ ထိုသတင်းသည် မြို့ကလေးဆီသို့ ရောက်မလာသေးခြင်းဖြစ်သည်။

ကားတိုက်မှုဖြစ်ပွားသည့်သတင်းကို မြို့ကလေးတစ်မြို့လုံး မသိသေးသလို ့သူတို့သုံးယောက်လည်း မသိခဲ့ကြခြင်းသာဖြစ်ပါ၏။

ထိုညတစ်ညလုံး ့မိုးကလည်း သည်းသည်းမည်းမည်း ရွာနေခဲ့လေသည်။

♛♛♛♛♛

( ၃ )

''နောက်တစ်နေ့မနက်ရောက်မှ ကိုးလောင်းကွေ့မှာ ကားချင်းတိုက်မိတဲ့သတင်းကို သိရတော့တာပါပဲကွယ်''

ဒေါ်သောင်းသောင်းက စကားကိုအဆုံးသတ်လိုက်သည်။ မျက်ရည်များကိုလည်း သုတ်လိုက်လေသည်။

''ဒါဖြင့် ့ရန်နောင်ရဲ့ဝိညာဉ်ဟာ အဲဒီအချိန်ကတည်းက ဒီနေရာမှာ ခြောက်လှန့်နေတာပေါ့''

''အဲဒီလိုတော့ မဟုတ်ပါဘူးသီတာ၊ သူသေပြီးပြီးချင်းအချိန်မှာ ဖေနဲ့အိမ်ကိုပြန်ရောက်လာတယ်ထင်ပါရဲ့၊ **အဖေ ့အဖေ ့** လို့ နှစ်ခွန်းဆင့်ခေါ်လိုက်တဲ့အသံကိုတော့ မမသောင်းတို့ကြားလိုက်ရတာ အမှန်ပဲ၊ နောက်ပိုင်း ့တစ်ခါမျှ ခြောက်တာလှန့်တာ မကြုံဖူး

ပါဘူး၊ ယွန်းနဲ့ဒီနေ့တွေ့ရတယ်ဆိုမှ တအံ့တသြဖြစ်ရတာ၊ မမသောင်းတို့က ရန်နောင့်ကိုကျွတ်သွားပြီပဲထင်ကြတာ၊ အနှစ်၂၀ကျော်ကြာမှ မကျွတ်လွတ်တဲ့ဝိညာဉ်က ပြန်ပေါ်လာတယ်ဆိုတာ အံ့သြစရာမကောင်းဘူးလားကွယ်''

''ဟုတ်ပါရဲ့မမသောင်းရယ်''

ယွန်း၊ ဒေါ်မြသီတာနှင့် ဒေါ်သောင်းသောင်းတို့က မတိုင်ပင်ပဲ တစ်ဖက်ခြံဆီသို့လှည့်ကြည့်လိုက်မိကြသည်။

''ကိုရန်နောင့်အဖေဦးကျော့မောင်လည်း တော်တော်ခံစားလိုက်ရမှာပဲနော် ကြီးကြီးသောင်း''

''ခံစားရပြီကောကွယ်၊ ကားတိုက်မှုမှာ ရန်နောင်ပါတယ်လည်း ကြားရော ့မမသောင်းတို့အိမ်နီးချင်းတွေအကုန်လုံး ကိုးလောင်းတောင်ကိုလိုက်သွားကြတယ်လေ၊ ခရီးသည် နှစ်ဆယ်ကျော်သေတယ်၊ ရန်နောင်လည်း ပွဲချင်းပြီးပဲ၊ သူက ကားခေါင်းခန်းကနေ ဒရိုင်ဘာဘေးမှာ ထိုင်လိုက်လာတာတဲ့လေ၊ ကိုကျော့မောင်ခမျာ သူ့သားအလောင်းကိုလည်း မြင်ရော ငိုလိုက်တာဟာလေ၊ ငိုလည်းငိုချင်စရာ၊ ရန်နောင်လေးဟာ လက်ထဲမှာ စက္ကူအိတ်ကလေးကိုပိုက်ပြီး သေနေရှာတယ်၊ စက္ကူအိတ်ထဲမှာ ဘာပါတယ်ထင်သလဲ ့''

စက္ကူအိတ်ထဲမှာပါသောအရာကား ဖခင်ဖြစ်သူဦးကျော့မောင်အတွက် ဝယ်လာခဲ့သော တိုက်ပုံအင်္ကျီပင်ဖြစ်ပါတော့သည်။ သူ့အတွက် တိုက်ပုံအင်္ကျီတစ်ထည်ဝယ်ထားတယ်ဆိုတာ ရန်နောင်က စာကြိုရေးထားသဖြင့် ဦးကျော့မောင်သိပြီးပြီ။

ရန်နောင့်အလောင်းဆီမှ တိုက်ပုံအင်္ကျီအိတ်ကလေးကို အတော်ပင်ဆွဲထုတ်ယူရလေသည်။ ဖခင်အတွက် သူ့ရွေးနည်းစာဖြင့်ဝယ်လာသောတိုက်ပုံအင်္ကျီလေးကိုကျစ်လျစ်စွာထွေးပွေ့ထားသည့် သားအလောင်းကိုကြည့်ရင်း ဦးကျော့မောင် မျက်ရည်မစဲနိုင်တော့ပါ။

''ကြည့်ကြစမ်းပါဦးဗျာ၊ ကျုပ်သားလိမ္မာလေး၊ အဖေအတွက် ဝယ်လာတဲ့တိုက်ပုံအင်္ကျီလေးကို တယုတယပိုက်ထားလိုက်တာ၊ ကျုပ်ကိုတိုက်ပုံအင်္ကျီနဲ့ကန်တော့မယ်လို့ စာရေးထားတာဗျ၊ သူ့ကျောင်းစရိတ်အတွက် သူ့ဟာသူပိုက်ဆံသွားရှာတဲ့ ကျုပ်သားလိုအလိမ္မာလေးကမှ အသေဆိုးနဲ့သေရတယ်ဗျာ၊ သားရေ ့သား ့''

အလောင်းကိုဆေးရုံသယ်လာသည့်တလျှောက်လုံးရော ့ အသုဘမြေကျသည့်အထိ ့ထိုစကားစုကိုပင် ထပ်ဖန်တလဲလဲပြောကာ ဦးကျော့မောင်ငိုနေရှာသည်။ တိုက်ပုံအင်္ကျီလေးကိုလည်း လက်က မချတမ်းပိုက်ထားသည်။

အလောင်းကိုမြေချခါနီးအထိ သင်္ချိုင်းကုန်းတွင် အသုဘပို့ပရိသတ်ကို တိုက်ပုံအင်္ကျီလေး ဖြန့်၍ဖြန့်၍ပြကာ ငိုနေရှာသောဦးကျော့မောင်ကိုကြည့်၍ မျက်ရည်လွယ်သောအမျိုးသမီးများလည်း မျက်ရည်မဆည်နိုင်အောင်ဖြစ်ခဲ့ရလေသည်။

''သက်ဆိုင်ရာက ကွယ်လွန်သူတွေရဲ့ပစ္စည်းတွေပြန်ပေးတော့ ရန်နောင်လွယ်လာတဲ့ သားရေအိတ်ကလေးကိုပြန်ရတယ်လေ၊ အိတ်ထဲမှာ ဘိုမရုပ်ကလေးတစ်ရုပ်တွေ့ရတယ်၊ သူ့အဖေဆီရေးတဲ့စာထဲမှာ နော်ရင်မွှေးအတွက်လည်း အရုပ်ကလေးတစ်ရုပ်ဝယ်ထားတယ်ဆိုတာပါတော့ ့ဒါဟာ နော်ရင်မွှေးအတွက်ဆိုတာသိလိုက်ရတယ်၊ အရုပ်ကလေးကိုလည်း နော်ရင်မွှေးကိုပဲပေးလိုက်တယ်၊ ဒီတုံးက ရင်မွှေးက အသက်ကိုးနှစ်ဆယ်နှစ်လားရှိသေးတာ၊ ရန်နောင်က မောင်နှမသားချင်းအရင်းမရှိရှာတော့ အိမ်နီးချင်းနော်ရင်မွှေးကိုပဲ ညီမအရင်းလေးလို ချစ်နေရှာတာ၊ ပြီးတော့ ့အိတ်ထဲမှာ ရောင်စုံပဝါလေးသုံးထည် ပါသေးတယ်၊ အဲဒါကတော့ သင်းသင်းသွယ်အတွက်ဝယ်လာတယ်လို့ယူဆပြီး သင်းသင်းသွယ်ကိုပဲပေးလိုက်တယ်''

''အို ့''

''သင်းသင်းသွယ်ခမျာလည်း အိမ်ကသဘောမတူတာတွေ တူတာတွေ မတွေးနိုင်တော့ပါဘူး၊ ရန်နောင့်အသုဘမှာ ငိုလိုက်တာဆိုတာ သတိတောင်လစ်သွားတယ်ကွယ်''

''ဖြစ်ရလေမမသောင်းရယ် ့''

''ကိုရန်နောင့်အဖေ ဦးကျော့မောင်ကရော ့ဘယ်တုံးက ကွယ်လွန်သွားတာလဲကြီးကြီးသောင်း''

''ဟင် ့ဦးကျော့မောင် မသေသေးပါဘူး ယွန်းရယ် ့ ဦးကျော့မောင် ရှိပါသေးတယ်''

''ရှင် ့ဦးကျော့မောင်ရှိသေးတယ်''

''ဟုတ်တယ် ့လူ့ဘဝနဲ့တော့မဟုတ်ဘူး''

''လူ့ဘဝနဲ့မဟုတ်ဘူး၊ ဟုတ်လား ့''

''ရဟန်းဘဝနဲ့လေ၊ သားကွယ်လွန်သွားတာနဲ့ ကိုကျော့မောင်ဟာ သတိသံဝေဂတွေရပြီး အရက်ကိုဖြတ်လိုက်တယ်၊ အလုပ်ကလည်း ထွက်လိုက်တယ်၊ ဒီတုံးက ကိုကျော့မောင်အသက် ဘာရှိဦးမှာလဲ၊ ငါးဆယ်ပေါ့၊ အလုပ်ဆက်လုပ်လို့ရသေးတယ်၊ ပင်စင်ယူဖို့အဝေးကြီး လိုသေးတယ်၊ ကိုကျော့မောင်ဟာ အလုပ်ကနေ နှစ်ပြည့်ပင်စင်တင်ပြီးတာနဲ့ တစ်ခါတည်း သင်္ကန်းဝတ်လိုက်တော့တာပဲ၊ အခုထိ ဦးဇင်းကြီးဦးကျော့မောင်ရှိပါသေးတယ်၊ မြို့ထောင့်စေတီဝင်းထဲက ဘုန်းကြီးကျောင်းမှာ ဦးကိတ္တိသာရဆိုတဲ့ဘွဲ့နဲ့ သီတင်းသုံးနေပါတယ်ကွယ်''

''ဩော် ့''

''ဦးကျော့မောင်နဲ့ကိုရန်နောင်တို့အဖြစ်က တော်တော်ပဲရင်နာစရာကောင်းတာပဲနော်''

''ဟုတ်ပါတယ်၊ ဦးကျော့မောင်လည်း သင်္ကန်းဝတ်ပြီးကတည်းက ကျောင်းမှာပဲသီတင်းသုံးနေလိုက်တာ အိမ်ဖက်ကိုပြန်လှည့်မကြည့်တော့တာပဲ၊ အိမ်ကိုလည်း မမသောင်းပဲ ကြည့်ရှုထားရတယ်၊ နေသူမရှိတော့လည်း တံခါးပိတ်သော့ခတ်ထားရတာပေါ့လေ၊ တစ်နှစ်တစ်ခါဆိုသလိုတော့ ကြီးကြီးသောင်းတို့မိသားစု အိမ်လေးကိုသန့်ရှင်းရေးလုပ်ကြပါတယ်၊ အိမ်ထဲမှာကျန်တဲ့ပစ္စည်းနည်းနည်းပါးပါးကိုလည်း သေချာ သိမ်းထုတ်ထားလိုက်တယ်၊ အဲ ့မောင်ရန်နောင့်အခန်းထဲမှာ သူ့အဝတ်အစားလေးအနည်းအပါးကျန်တယ်လေ၊ အဲဒါလေးတွေလည်း ပိုးဟပ်မကိုက် ကြွက်မကိုက်ရအောင် ကြီးကြီးသောင်းက တစ်နှစ်တစ်ခါ ပရုပ်လုံးတွေထည့်ပြီး ထိမ်းသိမ်းထားပေးတယ်လေ၊ မောင်ရန်နောင် မရှိတော့ပေမယ့် သူ့အဝတ်အစားလေးတွေ အမှတ်တရဆိုပါတော့''

''ဟုတ်ကဲ့''

''ခုတော့ ့အိမ်လေးကို ရောင်းဖို့ကြေငြာထားပါတယ်၊ ဝယ်သူပေါ်ရင် ရတဲ့ငွေနဲ့ ဦးဇင်းကြီးက သူ့သားကို ရည်စူးပြီး စေတီလေးတစ်ဆူတည်မယ်တဲ့''

ဒေါ်သောင်းသောင်းက ဒေါ်မြသီတာနှင့်ယွန်းကို ရန်နောင်၏ နောက်ကြောင်းများကိုပြောပြနေစဉ် ဦးတင်မောင်ကြည် ရုံးမှ ပြန်လာလေသည်။

''ဟော ့ယွန်းတို့အဖေတောင် ရုံးဆင်းလာပြီ''

ဦးတင်မောင်ကြည်က အိမ်ရှေ့တွင်ရပ်စကားပြောနေသော မြင်ကွင်းကိုအမြင်တွင် အံ့သြသွားလေသည်။ သုံးယောက်လုံး၏ မျက်နှာထားများ တစ်မျိုးဖြစ်နေသည်ကိုလည်း သတိထားလိုက်မိ၏။

''ဒေါ်သောင်းသောင်းရောက်နေတာကိုး၊ ဘာတွေပြောနေကြတာလဲ''

''ကိုကိုရေ ့ဟောဒီမှာ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ဆိုသလိုဖြစ်နေပြီ၊ ဘာမှမဟုတ်ဘူးထင်တဲ့ကိစ္စလေးက သိပ်ပြီး တုန်လှုပ်စရာကောင်းတဲ့အဖြစ်ကြီးဖြစ်နေတယ်ကိုကို''

ဒေါ်မြသီတာစကားကြောင့် ဦးတင်မောင်ကြည်က ပို၍အံ့သြသွားရလေသည်။

''ဘာများဖြစ်လို့လဲ သီတာ''

''ဒီလိုကိုကို၊ ယွန်းကို ဟိုဖက်အိမ်က ကောင်လေးတစ်ယောက် လာမေးတယ်ဆိုပါကော၊ မနက်ကတောင် ကိုကို့ကို ယွန်းက မေးနေသေးတယ်လေ၊ ဒီမှာနေသွားတဲ့မန်နေဂျာဦးချစ်မြိုင်ဆိုတာ၊ တကယ်တော့ အဲဒီဖက်အိမ်မှာ အခုရောက်နေတဲ့ရန်နောင်ဆိုတဲ့ ကောင်လေးဟာ တကယ်ပဲ ဦးချစ်မြိုင်သား စည်သူမောင်နဲ့သူငယ်ချင်းတွေပဲကိုကို''

''ဟင် ့ယွန်းနဲ့ရွယ်တူကောင်လေးတစ်ယောက်က စည်သူမောင့်သူငယ်ချင်း ဘယ်လိုဖြစ်နိုင်မှာလဲ၊ စည်သူမောင်ဆိုတာ အခုရှိရင် အသက်လေးဆယ်အရွယ်လောက်ရှိမှာလေ၊ စည်သူမောင်ကို ကိုကိုသိပါတယ်၊ ကိုကိုတို့ ဆရာဦးချစ်မြိုင်ကိုသွားသွား ကန်တော့နေတုံးက ရင်းနှီးပြီးသားလေ''

''ဟုတ်တယ်ကိုကို၊ စည်သူမောင်ဆိုတာ အခုအသက်လေးဆယ်လောက်ရှိပြီဆိုတာမှန်ပါတယ်၊ ဟိုဖက်အိမ်ကိုရောက်နေတဲ့ ကောင်လေးဟာလည်း လူအဖြစ်သာ ဆက်ပြီးအသက်ရှင်နေမယ်ဆိုရင် အသက်လေးဆယ်ရှိပြီပေါ့''

''ဘာ ့''

''ကိုကို ့ယွန်းနဲ့ခင်နေတဲ့ ဟိုဖက်အိမ်ကရန်နောင်ဆိုတာဟာ လူတစ်ယောက်မဟုတ်ပါဘူးကိုကို၊ နာနာဘာဝဝိညာဉ် တစ်ကောင်ပါ၊ လွန်ခဲ့တဲ့နှစ်၂၀ကျော်က သေပြီးသားလူတစ်ယောက်ပါကိုကို''

''ဘာ ့ဘာပြောတယ်''

♛♛♛♛♛

( ၄ )

ဒေါ်မြသီတာက ဦးတင်မောင်ကြည်ကို အကြောင်းစုံရှင်းပြအပြီးတွင် အိမ်ရှေ့သို့ ကားနှစ်စီးထိုးဆိုက်လာလေသည်။

တစ်စီးက ကားရှေ့ဖုံးတွင် သာသနာ့အလံစိုက်ထူထားသော ကားနှင့် တစ်စီးက စူပါရှဖ်ကားဖြစ်ပါသည်။

သာသနာ့အလံစိုက်ထူထားသောကား၏ ရှေ့ခန်းမှ ဘုန်းကြီးတစ်ပါး ဦးစွာဆင်းလာသည်။ ထို့နောက် ့နောက်ခန်းမှ ဘုန်းကြီးနှစ်ပါး ထပ်ဆင်းလာသည်။

''အလို ့ဦးဇင်းကြီးပါလား''

ဒေါ်သောင်းသောင်းက ကားပေါ်မှဆင်းလာသော ဘုန်းကြီးကိုအမြင်တွင် ရေရွတ်လိုက်သည်။ ချက်ချင်းပင် လက်အုပ်ချီကာ ဘုန်းကြီးဆီသို့တိုးကပ်သွားသည်။

စူပါရှဖ်ကားပေါ်မှဆင်းလာသော အမျိုးသားကြီးနှင့်အမျိုးသမီးကြီးကိုတွေ့လိုက်သည်တွင်တော့ ယွန်းနှုတ်မှ အံ့သြစွာရေရွတ်သံထွက် ပေါ်လာလေသည်။

''ဟင် ့မေမေ ့မေမေ၊ အဲဒါ ့သင်းသင်းသွယ်၊ အဲ ့ဒေါ်သင်းသင်းသွယ်ဆိုတာပဲ မေမေ''

''ဟင် ့သင်းသင်းတို့လည်း ပါလာတာကိုး''

ဒေါ်သောင်းသောင်းက ဒေါ်သင်းသင်းသွယ်တို့လင်မယားကို နှုတ်ဆက်လိုက်ပြီး ့ဦးဇင်းကြီးကိုလျှောက်လိုက်သည်။

''ဦးဇင်းကြီးဘုရား၊ ကိစ္စအထူးများရှိပါသလားဘုရား''

''အိမ်း ့ဟောဒီက ဒကာမလေး သင်းသင်းသွယ် လာလျှောက်လို့ ဦးဇင်းကြီးကြွလာခဲ့တာပဲ မသောင်း''

''ဟင် ့ဒါဖြင့် အကြောင်းစုံကို ဦးဇင်းကြီးသိပြီးပြီပေါ့''

''ဒီကိစ္စအတွက် တစ်ခုခုဆောင်ရွက်နိုင်အောင် ကြွခဲ့တာပဲ မသောင်း၊ ရွတ်ရဖတ်ရအောင် ဦးဇင်းနှစ်ပါးကိုပါ ခေါ်ခဲ့တယ်၊ မောင်ရန်နောင်ကိုတွေ့ရတယ်ဆိုတဲ့ မိန်းကလေးက ဘယ်သူလဲ''

''သူပါဘုရား၊ နာမည်က ယွန်းတဲ့ဘုရား၊ အခုရောက်လာတဲ့ ဘဏ်မန်နေဂျာဦးတင်မောင်ကြည်ရဲ့သမီးပါ၊ ဒီက ဦးတင်မောင်ကြည်၊ ဒီက ဦးတင်မောင်ကြည်ဇနီးဒေါ်မြသီတာပါ၊ ဦးဇင်းကြီးက မောင်ရန်နောင်ရဲ့ဖခင်ဦးကျော့မောင်ပါပဲ''

ဒေါ်သောင်းသောင်းက ယွန်းတို့မိသားစုကို ဘုန်းတော်ကြီးဦးကိတ္တိသာရတစ်ဖြစ်လဲ ဦးကျော့မောင်နှင့်မိတ်ဆက်ပေးလိုက်သည်။

''တင်ပါ့ဘုရား ့အိမ်ထဲကိုကြွပါဘုရား၊ အိမ်ထဲမှာ တပည့်တော်တို့ဆွေးနွေးကြတာပေါ့ဘုရား''

ဦးတင်မောင်ကြည်က ဘုန်းကြီးများနှင့်ဧည့်သည်များကို အိမ်ထဲသို့ဖိတ်ခေါ်လိုက်လေသည်။

+ + + + +

''ဦးဇင်းကြီးအနေနဲ့ ဘယ်လိုဆောင်ရွက်စေချင်ပါသလဲ ဘုရား၊ မိန့်ပါ''

''အခုဟာက ့မောင်ရန်နောင်ရဲ့ဝိညာဉ်ဟာ မကျွတ်မလွတ်ပဲ သူနေထိုင်ခဲ့တဲ့အိမ်ကို ပြန်ရောက်နေတယ်ဆိုတာ ထင်ရှားနေပြီလေ၊ ဒီတော့ ့ဦးဇင်းကြီးအနေနဲ့ သူ့ကိုကျွတ်လွတ်သွားအောင် ကောင်းမှုကုသိုလ်လုပ်ချင်တယ်၊ လောလောဆယ်မှာ အိမ်ကိုသွားပြီး မေတ္တာသုတ်များ ရွတ်ဖတ်သရဇ္ဈာယ်ချင်ပါတယ်''

''တင်ပါ့ဘုရား''

''မောင်ရန်နောင်ရဲ့ဝိညာဉ်ကို ဒီအိမ်က မိန်းကလေးကတော့ မျက်မြင်ကိုယ်တွေ့မြင်ရတယ်၊ အပြန်အလှန်လည်း စကားပြောလို့ရတယ်ဆိုတော့ ဒီမိန်းကလေးကိုပဲအကူအညီတောင်းရတော့မှာပဲ''

လူအားလုံး၏အကြည့်များက ယွန်းထံတွင်ကျရောက်လာလေသည်။

''တပည့်တော် ဘယ်လိုဆောင်ရွက်ပေးရပါမလဲ ဘုန်းဘုန်းဘုရား''

''ဟိုဖက်အိမ်ကိုလိုက်ခဲ့ပြီး မောင်ရန်နောင်ကိုထွက်ခဲ့ဖို့ ခေါ်ပေးရမှာပေါ့ကွယ်''

''အို ႔''

''မောင်ရန်နောင်ကို ဦးဇင်းကြီးတို့မြင်ရရင်လည်း တစ်ခါတည်း တရားပြ အကျွတ်တရားရအောင်လုပ်နိုင်တာပေါ့၊ မမြင်ရရင်လည်း ဘုရားဂုဏ်တော်များရွတ်ဖတ်ပြီး စည်းချရမယ်၊ မေတ္တာပို့အမျှအတန်းဝေရမယ်လေ''

ထိတ်လန့်ကြောက်ရွံ့မှုဖြင့် ယွန်းနှုတ်များ ဆွံ့အနေသည်။

''ကူညီပါယွန်းရယ်၊ သူက အန်တီ့ကို ညနေခြောက်နာရီလာဖို့ ချိန်းထားတယ်မဟုတ်လား၊ ညနေခြောက်နာရီမှာ သူစောင့်နေမှာ သေချာတယ်''

ဆုံးဖြတ်ရန်ဇဝေဇဝါဖြစ်နေသောယွန်းကို နားလည်စွာဖြင့် ဒေါ်သင်းသင်းသွယ်က ဝင်ပြောလိုက်လေသည်။

''ဒါပေမယ့် ႔သူ့ရဲ့ဝိညာဉ်အရိပ်ကို အန်တီတို့မြင်ရမယ်လို့ သေချာပေါက် မပြောနိုင်ဘူးလေ၊ ယွန်းကတော့ သူနဲ့မြင်တွေ့ရလို့ စကားလည်းပြောနိုင်တယ်မဟုတ်လား၊ ပြီးတော့ ႔သူဟာ အန်တီ့ကို ဒီအသက်အရွယ်အတိုင်းမြင်ရရင် မှတ်မိမှာမဟုတ်ဘူး၊ ကိုရန်နောင့်ဝိညာဉ် ကျွတ်လွတ်နိုင်ဖို့ ကြားခံကူညီပေးနိုင်တာက ယွန်းတစ်ယောက် ပဲရှိပါတယ်သမီးရယ်''

''ဟုတ် ႔ဟုတ်ကဲ့၊ သမီးကူညီပါ့မယ်၊ ယွန်းကူညီပါ့မယ် အန်တီ''

♛♛♛♛♛♛♛♛♛

# အပိုင်း – ၅

## ( ၁ )

ယွန်းတို့အဖွဲ့သည် ရန်နောင်တို့အိမ်ဝင်းထဲကို အိမ်ရှေ့ခြံတံခါးကိုဖွင့်၍ ဝင်ခဲ့ကြ၏။

ယွန်းတို့အဖွဲ့မှာ ႔ယွန်းတို့သားအမိသားအဖသုံးယောက်၊ ဒေါ်သောင်းသောင်း၊ ဦးကျော်ဇင်နှင့်ဒေါ်သင်းသင်းသွယ်တို့ဖြစ်သည်။ လူပုဂ္ဂိုလ်ခြောက်ယောက်ပါဝင်ပါသည်။

ပြီးတော့ ႔ဦးဇင်းကြီးဦးကိတ္တိသာရနှင့် ဦးဇင်းနှစ်ပါး။

ခြံတံခါးကိုဖွင့်ကာ ယွန်းက ရှေ့ဆုံးမှဦးဆောင်ဝင်ခဲ့လေသည်။

ညနေခြောက်နာရီအချိန်။ မိုးအကုန်ဆောင်းအကူးကာလဖြစ်၍ မှောင်ရီပျိုးနေပေပြီ။

ယွန်းတို့ ခြံဝင်းထဲဝင်လိုက်သည်နှင့် မိုးက တဖွဲဖွဲစ၍ရွာလေသည်။

''အို ႔ရာသီဥတုက ဟိုတုန်းကအတိုင်းပါပဲလား၊ မောင်ရန်နောင်ကွယ်လွန်ခဲ့တဲ့နေ့ကလည်း ႔''

ဒေါ်သောင်းသောင်းက တီးတိုးရေရွတ်လိုက်သည်။

''ဒါတွင်ဘယ်ဟုတ်ဦးမလဲ ဒကာမကြီးမသောင်းရယ်၊ မောင်ရန်နောင်ကားတိုက်မှုဖြစ်တဲ့အချိန်ကာလကလည်း ခုလိုအချိန်ပဲလေ၊ အောက်တိုဘာလထဲမှာပေါ့၊ ၈၉ခုနှစ် အောက်တိုဘာလ၁၁ရက်လေ၊ မိုးအကုန်ဆောင်းအကူးပဲပေါ့''

''ဘုရား ႔ဘုရား ႔တိုက်ဆိုင်လိုက်တာနော်''

ခြံအလည်တည့်တည့်မှ ခြေတံရှည်အိမ်ကလေးရှေ့အရောက်တွင်တော့ အားလုံးစကားသံများတိတ်ဆိတ်သွားကြလေသည်။

အိမ်ကလေးသည် မှောင်ရီပျိုးစအချိန်တွင် မြက်ရိုင်းပင်၊ ပေါင်းပင်များကြား၌ တိတ်ဆိတ်စွာရပ်တည်နေပေ၏။

''လာ ႔ယွန်း''

ဒေါ်သောင်းသောင်းက ယွန်းလက်ကိုဆွဲကာ လူအုပ်စု၏ ရှေ့ဆုံးကိုထွက်လိုက်သည်။

''ဟင် ႔သော့ပွင့်နေပါလား''

ဒေါ်သောင်းသောင်းက အိမ်ရှေ့တံခါးပေါက်ကိုလှမ်းကြည့်ရင်း ရေရွတ်လိုက်သည်။ တံခါးတွင် အပြင်မှပိတ်ထားသော သော့ခလောက်က ရှိမနေတော့ပါ။ တံခါးကို အတွင်းမှကလန့်ထိုးပြီး ပြန်ပိတ်ထားပုံမျိုးဖြစ်နေသည်။

အိမ်တံခါးကို ဒေါ်သောင်းသောင်းကိုယ်တိုင် သော့ခတ်ထားခဲ့ခြင်းဖြစ်သည်။ သော့ချောင်းကိုတော့ သူသိမ်းထားလျှင် ပျောက်မည်စိုး၍ နောက်ဖေးမီးဖိုခန်းပေါင်မှကျော်ကာ သံချောင်းတွင် ချိတ်ထားခဲ့သည်။ ဦးကျော့မောင်နှင့်ရန်နောင်တို့နေစဉ်က ထားသည့်ပုံစံအတိုင်းပင်ဖြစ်ပါသည်။

''တံခါးသောပွင့်နေတယ်ဆိုတော့ အိမ်ထဲမှာ သူရောက်နေတယ်ဆိုတာ သေချာနေပြီ၊ ကဲ ့ယွန်းရေ မောင်ရန်နောင့်ကို လှမ်းခေါ်လိုက်ပေတော့''

ယွန်းနှုတ်က ဆွံ့အနေမိသည်။ နှုတ်ခမ်းများတရွရွတုန်ကာ အသံထွက်လို့မရပဲဖြစ်နေပါသည်။

''ခေါ်လိုက်လေယွန်း၊ မောင်ရန်နောင့်နာမည်ကို အသံထွက် ခေါ်လိုက်ပါ၊ ယွန်းအသံနဲ့ခေါ်မှ သူထွက်လာမှာလေ''

ဒေါ်သောင်းသောင်းက ထပ်မံတိုက်တွန်းလိုက်သည်။

ရန်နောင့်ကို ဘယ်လိုခေါ်ရမလဲ။ တကယ်တော့ ့ရန်နောင်ဆိုသည်က မိမိထက်အသက်၂၀ကျော်ကြီးသည့်လူတစ်ယောက်သာဖြစ်ပါသည်။ အပြင်မှာအသက်ဆက်ရှင်နေလျှင် ဦးလေးအရွယ်လောက်ရှိတဲ့လူတစ်ယောက်ဖြစ်သည်။

ယွန်းက ဝိညာဉ်ဖြစ်နေသောရန်နောင်က မိမိကို ရွယ်တူသဖွယ် ဆက်ဆံခဲ့တာကိုသတိရမိသည်။ ယွန်းကိုယ်တိုင်ကလည်း သူ့ကို တစ္ဆေမှန်းမသိပဲ သက်တူရွယ်တူသဖွယ်''နင် ့ငါ''နှင့် ပြောဆိုဆက်ဆံခဲ့မိသည်မဟုတ်ပါလား။

သည်တော့လည်း ့တစ္ဆေအနေနှင့်သိကျွမ်းခေါ်ဝေါ်ခဲ့သည့် အခေါ်အဝေါ်အတိုင်း ခေါ်မှသာ သင့်တော်ပေတော့မည်။

ယွန်းသည် အိမ်ထဲမှာရှိနေသော တစ္ဆေကို အားတင်းကာ အော်ခေါ်လိုက်လေ၏။

''ရန်နောင် ့ ရန်နောင် ့''

ယွန်းအသံက တိတ်ဆိတ်နေသောပတ်ဝန်းကျင်တွင် တုန်ရီစွာ ထွက်ပေါ်သွားလေသည်။

အိမ်အတွင်းထဲမှာတော့ တိတ်ဆိတ်နေဆဲ။

ယွန်းက နောက်တစ်ကြိမ်ထပ်ခေါ်လိုက်သည်။

''ရန်နောင် ့ရန်နောင် ့''

အိမ်ကလေးထဲက လျှပ်စစ်မီးပွင့်ကိုဖွင့်လိုက်သည့်အတွက် အလင်းရောင်က အပြင်ပထိလျှံကျလာလေသည်။

အားလုံးပင် အသက်မရှူမိပဲ တိတ်ဆိတ်စွာစောင့်ကြည့်နေမိကြ၏။ နာနာဘာဝဝိညာဉ်တစ္ဆေကလည်း လျှပ်စစ်မီးကို အသုံးပြုတတ်သားပဲ။

''ရန်နောင် ့ရန်နောင်''

ယွန်း၏တတိယမြောက်ခေါ်သံအဆုံးတွင် အိမ်ရှေ့တံခါးရွက်နှစ်ခုသည် ဖြတ်ကနဲပွင့်ဟသွားလေသည်။

အပေါက်ဝတွင် ရပ်လိုက်သောလူပုံရိပ်တစ်ခုကို မြင်လိုက်ရသည်။

စွပ်ကျယ်လက်တိုနှင့် ပုဆိုးတစ်ပတ်နွမ်းကိုဝတ်ဆင်ထားသော ရန်နောင်။

''အို ့''

''ဟင် ့''

လူအားလုံး၏နှုတ်မှ အာမေဋိတ်သံများက တစ်ပြိုင်တည်း ထွက်ပေါ်သွားလေသည်။

အိမ်ရှေ့တွင်ရပ်နေသည့် လူခြောက်ယောက်နှင့်ရဟန်းသုံးပါးစလုံးပင် အပေါက်ဝမှာထွက်ရပ်လိုက်သော ရန်နောင်တစ္ဆေ၏ပုံရိပ်ကို မြင်လိုက်ကြရလေသည်။

တစ္ဆေရန်နောင်က အိမ်ရှေ့တွင်ရပ်နေသောလူများကို အံ့သြဟန် ငေးကြည့်နေသေးသည်။

ပြီးမှ ့ယွန်းကိုရည်ရွယ်၍မေးလိုက်လေသည်။

''ဟင် ့ယွန်း၊ ယွန်းပါလား၊ သူတို့တွေက ဘယ်သူတွေလဲ''

♛♛♛♛♛

( ၂ )

နော်ရင်မွေးသည် ညနေပိုင်းဂျူတီဝင်မှပင် ဆေးရုံ၌ အရေးပေါ်အခြေအနေများဖြစ်ပေါ်နေသည်ကို သိလိုက်ရတော့သည်။

ဆေးရုံတွင် အရေးပေါ်ခွဲစိတ်ကုသနေရသော လူနာ(၇)ဦးရှိနေသည်။ ပွဲချင်းပြီးသေဆုံးခဲ့သောအလောင်း (၆)လောင်းရှိနေသည်။

ထိုအခါမှပင် ညတုံးက ကိုးလောင်းကွေ့တွင် ကားတိုက်မှုတစ်ခုဖြစ်ခဲ့ကြောင်းကို နော်ရင်မွေးသိရလေတော့သည်။

မြို့ကိုလာသောခရီးသည်တင် **တိုယိုတာဟိုင်းလပ်**ကားလေးသည် မိုးသည်းသည်းတွင် လမ်းချော်၍တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ကားတိုက်မှုကို မနက်မိုးလင်းမှသိကြရပြီး လူနာများနှင့် အလောင်းများကို မနက်ပိုင်းရောက်မှ ဆေးရုံကိုသယ်လာနိုင်ခြင်းဖြစ်ပါသည်။

နော်ရင်မွေးဂျူတီဝင်ချိန်တွင် အချို့လူနာများကို ခွဲစိတ်ကုသမှုများပြုလုပ်နေရဆဲဖြစ်သည်။ (၂)ဦးမှာ ဆေးရုံရောက်ပြီးမှ ကွယ်လွန်သွားခဲ့သည်။

ဒရိုင်ဘာမှာ ပွဲချင်းပြီးကွယ်လွန်သွားခဲ့သည်။

စပယ်ယာလူငယ်လေးကတော့ သတိလစ်ရုံလစ်သွားသည်။ ကားမှောက်မှုဖြစ်စဉ်ကို စပယ်ယာပြန်ပြောပြ၍သိကြရသည်။ မိုးသည်းသည်းထဲတွင် ကားကိုမောင်းလာရာ ကိုးလောင်းကွေ့အရောက် လမ်းဘေးသို့ ကားဘီးချော်အသွားတွင် လမ်းဘေးမှရွှံ့နွံများကြောင့် ကားကိုမထိမ်းနိုင်တော့ပဲ ချောက်ထဲသို့ထိုးကျသွားခြင်းဖြစ်ကြောင်း ရှင်းပြခဲ့သည်။

ဆေးရုံသို့ သေဆုံးသူနှင့်ဒဏ်ရာရသူများ၏ဆွေမျိုးသားချင်းများရောက်လာကြသည်။

အချို့လူနာများမှာ ဤမြို့မှမဟုတ်ပေ။ ခရီးသွားအာဂန္တုညှေ့်သည်များဖြစ်၏။

ကွယ်လွန်သူ၊ ဒဏ်ရာရသူများစာရင်းနှင့် လိုက်ပါလာသော ခရီးသည်စာရင်းကိုတိုက်ဆိုင်စစ်ဆေးနေဆဲဖြစ်သည်။

\+ + + + +

ညနေငါးနာရီတွင် ရန်ကုန်မှ ဧည့်သည်သုံးဦး ဆေးရုံသို့ရောက်လာသည်။ ဆေးကုမ္ပဏီပိုင်ရှင် မစ္စတာချာလီ၊ **ဦးကိုကိုရဲနှင့် ဦးကိုကိုရဲ ၏သားဖြစ်သူကိုရဲအောင်တို့ဖြစ်သည်။**

ဦးကိုကိုရဲ၏သားအငယ်မှာ မနေ့ကညနေပိုင်းတွင် ဤမြို့သို့ ကားဖြင့်ခရီးထွက်လာခဲ့ရာ ကားတိုက်မှုတွင် ပါဝင်မည်ဟု ယူဆသောကြောင့် အရေးပေါ်လိုက်ပါလာခြင်းဖြစ်ပါသည်။

ခရီးသည်လူငယ်၏အမည်မှာ **မောင်ရန်နောင်**ဟု ဆိုပါသည်။

မောင်ရန်နောင်ဆိုသူသည် ဆေးကုမ္ပဏီအလုပ်ကိစ္စဖြင့် ဤမြို့သို့ လာရောက်ခဲ့ခြင်းဖြစ်သည်။ ဤမြို့မှ ဒေသခံဖြစ်သူ ဆေးဆိုင်ပိုင်ရှင် ဦးတင်ဟန်က မောင်ရန်နောင်ကို လိုအပ်သောအကူအညီများပေးရမည်ဖြစ်သည်။

ဦးတင်ဟန်သည် မောင်ရန်နောင်ရောက်မလာပဲ ကားတိုက်မှုသတင်းကိုကြားသောကြောင့် ဆေးရုံသို့လိုက်လာခဲ့သည်။ ဆေးရုံရောက်လူနာများ၊ သေဆုံးသူများကိုလိုက်ကြည့်ရာ မောင်ရန်နောင်ကို မတွေ့ရပေ။

သို့ဖြစ်၍ မောင်ရန်နောင် ရန်ကုန်မှထွက်လာဖြစ်၊ မလာဖြစ်ကို ရန်ကုန်ရှိ ကုမ္ပဏီရုံးသို့ဖုန်းဆက်မေးရင်းမှ ကားတိုက်မှုဖြစ်သည့်သတင်းကို ပေးလိုက်သည်။

မောင်ရန်နောင် ရန်ကုန်မှဤမြို့သို့ထွက်ခွာသွားခဲ့ပါသည်။

မောင်ရန်နောင်အတွက် စိတ်ပူပြီး ကုမ္ပဏီပိုင်ရှင် မစ္စတာချာလီနှင့်အတူ မောင်ရန်နောင်၏ဖခင်ဦးကိုကိုရဲနှင့် အစ်ကိုဖြစ်သူ ကိုရဲအောင်တို့ပါ လိုက်ပါလာခဲ့ခြင်းဖြစ်ပါ၏။

ကုမ္ပဏီကားဖြင့် အလျင်အမြန်လိုက်လာခဲ့ရာ ဤမြို့သို့ ညနေလေးနာရီခွဲတွင်ရောက်လာသည်။ ရောက်ရောက်ချင်း ရဲစခန်းသို့သွားရောက်ကာ ကားတိုက်မှုဖြစ်စဉ်ကိုစုံစမ်းခဲ့သည်။

ရဲစခန်းတွင် ဟိုင်းလပ်ကားလေးထွက်ခွာလာရာမြို့မှ ကားလက်မှတ်ရောင်းချလိုက်သောစာရင်းကို ရရှိပြီးဖြစ်နေ၏။ ထိုစာရင်းထဲတွင် ''ရန်နောင်''ဆိုသောအမည် ပါဝင်နေပါသည်။

ထို့အပြင် ့ကားအနီးမှတွေ့သောပစ္စည်းများကို ရဲစခန်းတွင် သိမ်းဆည်းထားရာ မောင်ရန်နောင်လွယ်သွားသော ခရီးဆောင်သားရေအိတ်ကို တွေ့ခဲ့ရသည်။ အိတ်ထဲတွင်လည်း မောင်ရန်နောင်၏အဝတ်အစားများနှင့်အတူ ့ကုမ္ပဏီ၏ရုံးစာရွက်စာတမ်းများ တွေ့ရသည်။

သို့သော် ့ဆေးရုံသို့လိုက်လာပြီး ရှာဖွေရာတွင်တော့ မောင်ရန်နောင်ကိုမတွေ့ရပါ။ သေဆုံးသူထဲ၌လည်း မပါ။ အရေးပေါ်ကုသနေရသော ဒဏ်ရာရလူနာများထဲမှာလည်း မပါ။ မောင်ရန်နောင် ပျောက်ဆုံးနေပါသည်။

သတိရနေသော စပယ်ယာလူငယ်ကိုမေးမြန်းကြည့်ရာတွင် မောင်ရန်နောင်ကားပေါ်မှာပါလာကြောင်း၊ ကားနောက်ခန်းထိုင်ခုံအစွန်းတွင်ထိုင်စီးလာခဲ့ကြောင်း ပြောပြခဲ့သည်။

မောင်ရန်နောင်ပျောက်ဆုံးနေပါသည်။

မောင်ရန်နောင်ဘယ်ရောက်နေသနည်း။

\+ + + + +

ထိုသတင်းကို နော်ရင်မွှေးကြားသိသွားခဲ့သည်။

နော်ရင်မွှေးစိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားသည်။ သူမ ဆေးရုံလာခါနီးမှာ ခေါင်းရင်းအိမ်တွင် ကိုကိုနောင်တစ္ဆေပြန်ရောက်နေတာကို ဒေါ်သောင်းသောင်းပြောပြ၍ သိခဲ့ရသည်။ ခင်ပွန်းဖြစ်သူကိုမျိုးနိုင်ကလည်း ညက လူတစ်ယောက် ခေါင်းရင်းအိမ်ထဲဝင်သွားတာမြင်လိုက်တယ်လို့ ပြောခဲ့ဖူးသည်။

ခေါင်းရင်းအိမ်မှာရှိနေတဲ့လူဟာ တကယ်ပဲတစ္ဆေလား။

တစ်ခုရှိသေးသည်။ ထိုတစ္ဆေက ယွန်းကိုအကူအညီတောင်းကာ တစ်ချိန်ကသူ့ရည်းစားသင်းသင်းသွယ်ဆီ သွားခိုင်းသေးတယ်လို့ ဆိုသည်။ တကယ်လို့ တစ္ဆေမဟုတ်ခဲ့လျှင် ထိုသူသည် သင်းသင်းသွယ်ကိုသိမည်မဟုတ်ပါ။ သင်းသင်းသွယ်အကြောင်း၊ ဇာည်သူမောင်အကြောင်းများကို ပြောနိုင်သည်ကိုကြည့်လျှင် ့အိမ်ထဲမှာရောက်နေတာဟာ ကိုရန်နောင်တစ္ဆေဖြစ်မယ်လို့ ယုံကြည်စရာဖြစ်နေသည်။

ကားတိုက်မှုတွင် ပျောက်ဆုံးနေသူနာမည်ကလည်း ရန်နောင်ပင်ဖြစ်နေသည်။

ဘယ်လို ဘယ်လိုဆက်စပ်မှုတွေရှိနေမယ်ဆိုတာ နော်ရင်မွှေး မတွေးတတ်တော့။

ဆက်စပ်မှု ရှိချင်မှလည်း ရှိမည်။ ရှိချင်လည်း ရှိမည်။

မည်သို့ဆိုစေ ့နော်ရင်မွှေးက ပျောက်ဆုံးနေသော ခရီးသည် ရန်နောင်ဆိုသူထံ လိုက်လာကြသည့် ရန်ကုန်မှဧည့်သည်များကို သွား၍တွေ့ဆုံလိုက်ပါသည်။

\+ + + + +

''မောင်ရန်နောင်ဆိုတာ ဘယ်အရွယ်လောက်ရှိပြီလဲ''

''အသက်နှစ်ဆယ်ပါဆရာမ''

''ဟောဒီမှာ ့ကျွန်တော့်သားရန်နောင့်ဓာတ်ပုံပါလာပါတယ် ဆရာမ''

ဦးကိုကိုရဲက နော်ရင်မွှေးကို ရန်နောင့်ဓာတ်ပုံထုတ်ပြလိုက်သည်။

''အို ့''

နော်ရင်မွှေး တုန်လှုပ်သွားသည်။ ကိုကိုနောင် ့ကိုကိုနောင်ပါလား။ ဓာတ်ပုံထဲမှရန်နောင်မှာ နော်ရင်မွှေးက ကိုကိုနောင်ဟုခေါ်ကာ အစ်ကိုတစ်ယောက်လိုချစ်ခဲ့ရသော ကိုရန်နောင်နှင့် ရုပ်ချင်းချွတ်စွပ်တူနေပါသည်။

လူနှစ်ယောက်ဟာ နာမည်ရော၊ ရုပ်ရည်ရော ဘာကြောင့် တူနေရတာလဲ။

''ဒီမယ် ့ကျွန်မတစ်ခုပြောမယ်၊ ကျွန်မပြောတာ မှားချင်လည်း မှားလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် ့အဲဒီကို ရှင်တို့သွားစုံစမ်းသင့်တယ်လို့ ကျွန်မထင်တယ်''

''ဘာများလဲဆရာမ''

''ကျွန်မအိမ်ဘေးက လူမနေတဲ့အိမ်ထဲကို လူတစ်ယောက် ရောက်နေတယ်၊ အဲ ့လူတစ်ယောက်ပဲလား၊ ၂ယောက်ပဲလား၊ ၃ယောက်ပဲလားတော့ မဆိုနိုင်ဘူးပေါ့''

''ဗျာ ့''

''ဒါတွေကိုရှင်းပြနေဖို့ အချိန်လည်းမရဘူး၊ ရှင်တို့နားလည်ဖို့လည်း ခက်လိမ့်မယ်၊ ကျွန်မအကြံပေးသလို ကျွန်မအိမ်ဘေး ကအိမ်ကို သွားကြည့်လိုက်ပါ''

''ဟုတ်ကဲ့ပါဆရာမ၊ ကျွန်တော်တို့ကို ကူညီပါဦး''

နော်ရင်မွေးက ဆေးရုံမှ ရုံးအကူမောင်ညိုထွေးကိုခေါ်လိုက်သည်။

''မောင်ညိုထွေး၊ ဆရာမအိမ်ကို ဒီသည့်သည်တွေကို လိုက်ပို့ပေးလိုက်၊ ဆရာမယောကျာ်း ကိုမျိုးနိုင်နဲ့တွေ့ပေးလိုက်''

မောင်ညိုထွေးကို မှာကြားအပြီးတွင် ့

နော်ရင်မွေးက ညှိသည်များဖက်လှည့်ကာ ပြောလိုက်သည်။

''ရှင်တို့ပြဿနာကို ကျွန်မယောကျာ်းကိုပြောပြလိုက်ပါ၊ သူက အိမ်နီးချင်းတွေနဲ့တွေ့ပေးပြီး ရှင်တို့ကို ကူညီနိုင်ပါလိမ့်မယ်''

♛♛♛♛♛

( ၃ )

အိမ်လေးထဲမှ တံခါးဖွင့်ထွက်လာသောရန်နောင်သည် ယွန်းနှင့်အတူ ့လူတွေရော၊ ဘုန်းကြီးတွေပါ အိမ်ရှေ့မှာရပ်နေသည် ကိုမြင် လိုက်သည့်အခါ အံ့သြသွားလေသည်။

''ဟင် ့ယွန်း၊ ယွန်းပါလား၊ သူတို့တွေက ဘယ်သူတွေလဲ''

ရန်နောင်က လှေကားထစ်မှတစ်ဆင့် အောက်သို့ဆင်းလာကာ မေးလိုက်သည်။ သူ့ညာဖက်ခြေထောက်က ယခုထိ ထော့နဲ့ ထော့နဲ့ ဖြစ်နေဆဲ။

တတိယမြောက်လှေကားထစ်အရောက်တွင် အဆံချောင်နေသောလှေကားသစ်သားပြားကြောင့် ယိုင်ကနဲဖြစ်သွားသေးသည်။ သူက လှေကားလက်ရမ်းကိုလှမ်းကိုင်ပြီးမှ မြေပေါ်ရောက်အောင်ဆင်းလိုက်လေ၏။

''ရန်နောင် ့ရန်နောင်''

ယွန်းသည် စကားကိုဆက်မပြောနိုင်ပဲ အသံများတုန်ကာ ထစ်နေသည်။ သေရာမှထလာသော ရန်နောင်၏ ဝိညာဉ်ကောင် တစ္ဆေသည် သူမထံသို့ ဦးတည်လာနေပေပြီ။

''အမလေး ့ငါ့တူလေး မောင်ရန်နောင်ရဲ့ ့အဖြစ်ဆိုးလှချည့်၊ အန်တီသောင်းတို့က မင်းကိုအမျှအတန်းဝေပါတယ် မောင် ရန်နောင်ရယ်၊ ကောင်းရာမွန်ရာသွားပါတော့''

ရုတ်တရက် ့ဒေါ်သောင်းသောင်းက ထ,အော်လိုက်ရာ ရန်နောင်၏လှမ်းနေသောခြေလှမ်းများ တုံ့သွားလေ၏။

''ဟင် ့ဘာ ့ဘာပြောတာလဲ''

''မောင်ရန်နောင်ရေ ့အန်တီသောင်းကို ကြည့်ပါဦးကွဲ့၊ မင်း လူ့ဘဝတုန်းက မင်းကိုသိပ်ချစ်တဲ့ အန်တီသောင်းရယ်လေ၊ မမှတ်မိတော့ဘူးလား ငါ့တူကြီးရဲ့''

ဒေါ်သောင်းသောင်းက သူမ၏ရင်ဘတ်ကြီးကိုပုတ်ကာပုတ်ကာ ပြောလိုက်သည်။

''ဘာ ့ကျွန်တော်လူ့ဘဝတုန်းက ့ဟုတ်လား၊ ဟာ ့ဟင် ့အန်တီသောင်း၊ အန်တီသောင်းမဟုတ်လား၊ ကျွန်တော် သိတယ်လေ၊ အန်တီသောင်းကို ကျွန်တော်သိတယ်၊ ဒါပေ မယ့် ့ အန်တီသောင်း၊ အန်တီသောင်းက သိပ်ပြီးအိုနေပါလား''

''အမလေး ့မောင်ရန်နောင်ရယ်၊ ဖြစ်ရလေကွယ်၊ မင်း ဒါတွေကို မမှတ်မိရှာပဲကိုး၊ တကယ်တော့ ့မင်းဟာ သေဆုံးခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီကွဲ့၊ သိရဲ့လား''

''ဘာ ့ကျွန်တော်သေတာ အနှစ်နှစ်ဆယ်ကျော်ပြီ၊ ဟုတ်လား''

''ဟုတ်ပါတယ်ကွယ် ..ဟုတ်ပါတယ်၊ ဟောဒီဘုန်းတော်ကြီးကိုလည်း သေချာကြည့်ပါဦး၊ လူ့ဘဝတုန်းက မင်းရဲ့အဖေ ဦးကျော့မောင်ရယ်လေ''

''ဘာ ..''

ရန်နောင်၏အကြည့်က ဦးဇင်းကြီးဦးကိတ္တိသာရထံသို့ရောက် ရှိသွားလေသည်။

''အဖေ ..အဖေ ..ကျွန်တော့်အဖေ၊ အဖေဘာလို့ ဘုန်းကြီးဖြစ်သွားတာလဲဟင်၊ အဖေကလည်း အိုလှချည်လား၊ အဖေ့အသက်ကြီးလှပါရော၊ ဘာတွေလဲ၊ ဘာတွေဖြစ်ကုန်တာလဲ''

''ဒီမှာလည်း ကြည့်ပါဦး၊ ဒီမှာဘယ်သူဆိုတာ ကြည့်လိုက်ပါဦး မောင်ရန်နောင်ရဲ့''

ဒေါ်သောင်းသောင်းက ဒေါ်သင်းသင်းသွယ်ကို လက်ညှိုးထိုး ပြရင်း ပြောလိုက်ပြန်လေသည်။

ရန်နောင့်အကြည့်က ဒေါ်သင်းသင်းသွယ်ဆီသို့ရောက်ရှိသွားလေသည်။

ရန်နောင့်မျက်လုံးများက စူးရှလင်းလက်သွားသယောင်ထင်လိုက်ရလေသည်။ ချက်ချင်းမှာပင် ..ထိုမျက်လုံးများက မှုန်မှိုင်းသွားပြန်လေ၏။

''သင်း ..သင်း ..သင်းမဟုတ်လားဟင်၊ ဟင် .. သင်းဟုတ်ရဲ့လား၊ သင်းက အသက်ကြီးလှပါပြီကော၊ သင်းရယ် .. ဘာတွေဖြစ်နေတာလဲ၊ ကိုနောင်တို့ ဘာတွေဖြစ်နေတာလဲ''

ဒေါ်သင်းသင်းသွယ်သည် ဘာမျှပြန်မပြောနိုင်။ ရန်နောင့်ကို စူးစမ်းသောမျက်လုံးများဖြင့်သာ ငေးစိုက်ကြည့်နေသည်။ သူမမျက်ဝန်းမှာတော့ မျက်ရည်စများ။

''ယွန်း ..ယွန်း ..သူတို့ကို နင်ခေါ်လာတာလား၊ သူတို့ကို ငါသိတယ်၊ ဒါပေမယ့် ..ငါသိတဲ့သူတို့က ဒီလို သက်ကြီးရွယ်အိုတွေ မဟုတ်ဘူး၊ ဘာတွေဖြစ်ကုန်တာလဲယွန်းရယ်၊ ဘာတွေလဲ''

''ကို ..ကိုရန်နောင် သတိထားပါ၊ တကယ်တော့ .. ကိုရန်နောင်ဟာ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်က သေဆုံးသွားတဲ့ လူတစ်ယောက်ပါ''

''မဟုတ်ဘူး၊ ဒါ မဟုတ်ဘူး''

''ဟုတ်ပါတယ်ကိုရန်နောင်၊ ကိုရန်နောင်ဟာ ၁၉၈၉ခုနှစ်က ကားတိုက်မှုဖြစ်လို့ ကွယ်လွန်ခဲ့တာပါ၊ အခု ၂၀၁၀ခုနှစ်ကို ရောက်နေပါ ပြီကိုရန်နောင်''

''ဘာ ..''

''နှစ်ပေါင်းနှစ်ဆယ်ကျော် ကွာခြားသွားပါပြီရှင်''

''မဟုတ်ဘူး၊ မဟုတ်ဘူး၊ ငါမသေဘူး၊ ငါဘာဖြစ်လို့သေရမှာလဲ၊ မသေလို့ အခု နင်တို့နဲ့စကားပြောနေနိုင်တာပေါ့၊ ငါမသေဘူး၊ ငါမသေသေးဘူး''

''စိတ်ကိုထိမ်းပါ ဒကာလေး၊ ဘုန်းကြီးတို့ရွတ်ဖတ်မယ့် ဘုရားဂုဏ်တော်များကို အာရုံပြုပါကွယ်၊ ကဲ ..ဦးဇင်းတို့''

ဦးဇင်းကြီးဦးကိတ္တိသာရက နောက်ပါရဟန်းနှစ်ပါးအား အချက်ပြလိုက်ရာ ဘုန်းကြီးသုံးပါး၏ မေတ္တာသုတ်ရွတ်ဖတ်သံများက သံပြိုင် ပေါ်ထွက်လာလေသည်။

''မရွတ်နဲ့၊ မရွတ်နဲ့၊ မရွတ်ပါနဲ့''

ရန်နောင်က သူ့နားနှစ်ဖက်ကိုပိတ်ရင်း အော်လိုက်လေသည်။

ဘုန်းကြီးများ၏ ဘုရားဂုဏ်တော်ရွတ်ဖတ်သံများက ဆက်လက်ထွက်ပေါ်နေမြဲဖြစ်လေသည်။

''မရွတ်နဲ့၊ မရွတ်ပါနဲ့၊ အဖေ ..အဖေ၊ မရွတ်ပါနဲ့အဖေရယ် ..ကျွန်တော်ပြောပါရစေဦး၊ ကျွန်တော်ဘာတွေဖြစ်နေတာလဲ၊ ကျွန်တော် မသေသေးပါဘူးအဖေရဲ့၊ ယွန်း ..ယွန်း ..ငါ့ကို ကယ်ပါဦး ယွန်းရယ် ..''

ဘုန်းကြီးများ၏ရွတ်ဖတ်သံ၊ ရန်နောင်၏တားမြစ်သံများဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်နေဆဲတွင် ..

''သား ..သား ..မောင်ရန်နောင်''

''ညီလေး ..ရန်နောင်''

ခြံဝကဝင်လာသောလူတစ်စုထံမှ ခေါ်လိုက်သောအသံများကို ကြားလိုက်ရလေသည်။

''ညီလေး ရန်နောင်၊ ဟုတ်တယ်ဖေဖေ၊ ကျွန်တော့်ညီလေး ဒီမှာရောက်နေတာဗျ''

''သား ရန်နောင်၊ အဖေတို့လိုက်လာတယ်၊ အဖေတို့လိုက်လာတယ်လေ၊ သား''

ရှိနှင့်ပြီးသူများက နောက်မှဝင်လာသောလူအုပ်စုကိုလှည့်ကြည့်လိုက်ကြသည်။ နော်ရင်မွှေး၏ခင်ပွန်းကိုမျိုးနိုင်နှင့်အတူ သူတို့မသိသော လူစိမ်းများကို တွေ့လိုက်ရလေသည်။

ဘုန်းကြီးများက ဂဏ်တော်များကို အသံမပြတ်တမ်းရွတ်ဖတ်နေဆဲ။

ရန်နောင့်အကြည့်များက နောက်မှရောက်လာသောသူများထံ ရောက်သွားလေသည်။

''သား ရန်နောင်၊ အဖေတို့ကိုမှတ်မိရဲ့လား၊ ဒီမှာ သားအစ်ကို ရဲအောင်လေ''

''ဟင် ….အဖေ၊ အဖေ ….ဟုတ်လား၊ အဖေ ….ကိုကို''

''သား ….သားအဖေတို့ကိုမှတ်မိတယ်မဟုတ်လားဟင်''

''ဟင် ….ဒီဘုန်းကြီးကလည်း ကျွန်တော့်အဖေ၊ ဒီမှာလည်း အဖေတစ်ယောက်၊ ဘာတွေလဲ၊ ကျွန်တော်နားမလည်တော့ဘူး၊ နားမလည်တော့ဘူး''

''သား၊ သားဒီမြို့ကိုခရီးထွက်လာရင်းက ကားမှောက်တာလေ၊ ဒါတွေမှတ်မိရဲ့လား၊ သားကိုစိုးရိမ်လို့ အဖေတို့ လိုက်လာကြတာ''

''အို ….ဘာတွေလဲ၊ မသိဘူး၊ မသိဘူး၊ သွားကြ၊ သွားကြ၊ အားလုံးသွားကြ၊ ကျွန်တော်ဘာမှနားမလည်ဘူး၊ သွားကြ၊ ပြန်ကြ''

''သား ….သားရယ်၊ အဖေတို့နဲ့ ပြန်လိုက်ခဲ့နော်''

ဦးကိုကိုရဲက ရန်နောင်ရှိရာသို့သွားကာ ရန်နောင့်ကိုခေါ်ယူရန်ကြိုးစားလိုက်သည်။

''သွား ….သွား ….မလာနဲ့၊ ဘယ်သူမှမလာကြနဲ့၊ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး''

ရန်နောင်က နောက်ကိုလှည့်ကာ အိမ်ပေါ်သို့တက်ပြေးသွားလေသည်။

ဘုန်းကြီးများက ဆက်လက်ရွတ်ဖတ်နေဆဲ။

''သား ရန်နောင်''

ဦးကိုကိုရဲနှင့်ကိုရဲအောင်တို့က ရန်နောင့်နောက်ကိုလိုက်ရန် ပြင်လိုက်သည်။

ထိုစဉ် ….

လှေကားပေါ်သို့ပြေးတက်သွားသောရန်နောင် တတိယလှေကားထစ်သို့အရောက် ….

အဆံချောင်ကာ လှုပ်နေသောလှေကားထစ်ပေါ်တက်နင်းမိပြီး ….

မိုးရေများဖြင့်ချောနေသောလှေကားထစ်ပေါ်မှ ခြေချော်ကျသွားလေသည်။

လှေကားထစ်များဆီသို့ မျက်နှာအပ်၍ကျသွားကာ လှေကားထစ်များအတိုင်း တလိမ့်ကောက်ကွေး လိမ့်ကျလာလေသည်။

မြေပေါ်သို့ပက်လက်လန်လဲကျကာ ငြိမ်သက်သွားလေ၏။

♛♛♛♛♛

( ၄ )

ဦးကိုကိုရဲနှင့်ကိုရဲအောင်က လဲကျသွားသောရန်နောင့်ဆီ ပြေးသွားလိုက်ကြသည်။

ဦးကိုကိုရဲက ရန်နောင့်ကိုပွေ့ယူလိုက်၏။

ရန်နောင် သတိလစ်နေလေပြီ။

ဝိညာဉ်သရဲတစ္ဆေတစ်ကောင်ဟု ထင်ထားသောရန်နောင့်ကို ဦးကိုကိုရဲက ကိုင်တွယ်ပွေ့ချီလိုက်သည်ကို တွေ့လိုက်ရသည့်အခါ အားလုံးပင်အံ့အားသင့်သွားကြလေ၏။

ရန်နောင်သည် ထိတွေ့ကိုင်တွယ်လို့ရသော သာမန်လူသားတစ်ယောက်သာပါကလား။

ဘုန်းကြီးများ၏ရွတ်ဖတ်မှုကလည်း တစ်ဝက်တစ်ပျက်နှင့် တိကနဲရပ်တန့်သွားတော့သည်။

''ဟင် ့မောင်ရန်နောင်၊ မောင်ရန်နောင် ့သူ ့ သူ ့သရဲမဟုတ်ဘူးလားဟင်''

ဒေါ်သောင်းသောင်းက ရှေ့ကိုတိုးသွားကာ ရန်နောင့်ကို မရဲ တရဲငုံ့ကြည့်ရင်း မေးလိုက်လေသည်။

''ဘယ်က သရဲရမှာလဲဗျာ၊ ကျွန်တော့်သားပါ၊ ကျွန်တော့်သား ကားတိုက်မှုထဲမှာပါလို့ စိုးရိမ်လိုက်ရတာ၊ ကျွန်တော်တို့ ရန်ကုန်က သတင်းကြားကြားချင်းလိုက်လာတာပါ''

''ဟင် ့''

''ဟယ် ့''

''ဒါဖြင့် ့သူက ဘယ်သူလဲ''

''ကျွန်တော့်သားလေ''

''နာမည်ကရော''

''ရန်နောင်ပါ''

''ဟယ် ့''

''ဟိုက် ့''

ရန်နောင်တဲ့။ တစ်ချိန်က ကားမှောက်ပြီးသေဆုံးခဲ့တဲ့ရန်နောင်နဲ့ ရုပ်ရည်ရော နာမည်ပါ ဘာကြောင့်တူနေရတာလဲ။

ပြီးတော့ ့ရန်နောင်ဆိုသောလူငယ်သည် တစ်ချိန်က ရန်နောင့်အကြောင်းများကို ဘာကြောင့်သိနေရတာလဲ။ သူ့ကိုယ်သူ ၁၉၈၉ခုနှစ်က ဤအိမ်တွင်နေခဲ့သော ဦးကျော့မောင်သား ရန်နောင်ပါလို့ ဘာကြောင့် ပြောခဲ့ရတာလဲ။

အားလုံး၏ရင်ထဲဝယ် မေးစရာမေးခွန်းများဖြင့် ပြည့်လျှံသွား လေတော့သည်။

♛♛♛♛♛♛♛♛♛

# အပိုင်း – ၆

( ၁ )

ရန်ကုန်မြို့မှ ဦးကိုကိုရဲ၏သားရန်နောင်မှာ ဆယ်တန်းအောင်အပြီးတွင် ဖခင်ဖြစ်သူတာဝန်ထမ်းဆောင်နေသောဆေးကုမ္ပဏီတွင် လုပ်အားပေးအဖြစ် အလုပ်ဝင်လုပ်နေခဲ့သည်။ ကုမ္ပဏီပိုင်ရှင် မစ္စတာချာလီက ရန်နောင်သွက်လက်ချက်ချာမှုရှိပုံကို သဘောကျသည်။ အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် မစ္စတာချာလီက တိုက်တွန်းခဲ့သည်။

ရန်နောင်က ဆယ်တန်းအောင်မှတ်များကိုကြည့်ပြီးမှ ဆုံးဖြတ်ခွင့်ပြုရန် ပြောထားခဲ့၏။ အမှတ်ကောင်း၍ လိုင်းကောင်းကောင်း ဝင်လျှင် တက္ကသိုလ်ဆက်တက်မည်။ အမှတ်မကောင်းလျှင် ဆေးကုမ္ပဏီမှာ အလုပ်လုပ်ရင်း အဝေးသင်ဆက်တက်မည်ဟု ရည်ရွယ်ထား၏။

သည်ကြားထဲတွင် နယ်မြို့တစ်မြို့၌ ကုမ္ပဏီရုံးခွဲဖွင့်လှစ်ရန် စီစဉ်ခဲ့ရာ ရန်နောင့်ကို တာဝန်ပေးအပ်ခဲ့လေသည်။ ရန်နောင့် တာဝန်က ကြီးကြီးမားမား လေးလေးလံလံမဟုတ်ပါ။

သူသွားရမည့်မြို့တွင် ကုမ္ပဏီ၏ဆေးကိုယ်စားလှယ်ဖြစ်သော ဆေးဆိုင်ပိုင်ရှင်ဦးတင်ဟန်ရှိနေပြီးဖြစ်သည်။ ရန်နောင်က ကုမ္ပဏီရုံးခန်း ဖွင့်လှစ်မည့်အဆောက်အဦးကို ဦးတင်ဟန်နှင့်အတူရှာဖွေပြီး သင့်လျော်သောအဆောက်အဦးတွေ့ပါက ရန်ကုန်ရုံးချုပ်ကို သတင်းပြန်ပို့ရမည်ဖြစ်သည်။

အဆောက်အဦးကိစ္စအဆင်ပြေမှ မစ္စတာချာလီက ဤမြို့ကိုလိုက်လာပြီး လိုအပ်သည်များကို ဆက်လက်စီစဉ်မည်ဖြစ်သည်။ မစ္စတာချာလီအနေဖြင့် ရန်နောင့်ကို လုပ်ငန်းအတွေ့အကြုံရရန်နှင့် ရန်နောင့်လုပ်ရည်ကိုင်ရည်ကိုအကဲခတ်နိုင်ရန် ရှေ့ပြေးအဖြစ် စေလွှတ်လိုက်ခြင်း ဖြစ်ပါသည်။

ရန်နောင်စီးလာသောကား လမ်းတွင်တိမ်းမှောက်သွား၍ ရန်နောင်ရောက်မလာသည့်အတွက် ဦးတင်ဟန်ကအကြောင်းကြားသောကြောင့် မစ္စတာချာလီနှင့်အတူ ရန်နောင့်ဖခင်ဦးကိုကိုရဲ၊ ရန်နောင့်အစ်ကိုရဲအောင်တို့ လိုက်လာကြခြင်းဖြစ်သည်။

''အဲဒါပါပဲခင်ဗျာ၊ ကျွန်တော့်သား မောင်ရန်နောင်ဟာ ဒီမြို့ကို ကုမ္ပဏီကိစ္စနဲ့ ခေတ္တခဏလာရောက်ခဲ့တာပါ။ အရင်က သူ ဒီမြို့ကိုတစ်ခါမှ မရောက်ဖူးခဲ့ပါဘူး''

ဦးကိုကိုရဲက ရှင်းပြခဲ့ခြင်းဖြစ်သည်။

''ဒီမြို့မှာလည်း ရန်နောင်ဆိုတဲ့လူငယ်လေးတစ်ယောက်ရှိခဲ့ဖူးပါတယ်၊ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်ကျော်က ကိုးလောင်းကွေ့မှာ ကားတိုက်မှုဖြစ်ပြီး ကွယ်လွန်သွားခဲ့ပါတယ်၊ ရန်ကုန်ကအပြန်မှာ ကားတိုက်မှု ဖြစ်ခဲ့တာပါ၊ ဦးကိုကိုရဲရဲ့သား ရန်နောင်က သူ့ကိုယ်သူ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်က ကွယ်လွန်ခဲ့တဲ့ရန်နောင်အဖြစ်နဲ့ ရန်နောင်နေခဲ့တဲ့အိမ်ကို ရောက်လာခဲ့တယ်လေ၊ ပြီးတော့ ရန်နောင်သိကျွမ်းခဲ့တဲ့လူတွေ အားလုံးကိုလည်း သူက သိနေတယ်၊ ယွန်းကိုဆိုရင် တစ်ချိန်က သူ့ရည်းစားဖြစ်ခဲ့တဲ့သင်းသင်းသွယ်ဆီကို သွားပေးဖို့အကူအညီ တောင်းခဲ့တယ်၊ ဒီမြို့ကိုရောက်လာတာမကြာသေးတဲ့ ယွန်းကလည်း ဒေါ်သင်းသင်းသွယ်ဆီအရောက်သွားခဲ့တယ်၊ ယွန်းအတွက်တော့ ထိတ်လန့်ချောက်ခြားစရာတွေဖြစ်ခဲ့တာပေါ့၊ မောင်ရန်နောင်က လွန်ခဲ့တဲ့နှစ်၂၀ကသေသွားတဲ့ ဒီမြို့ကရန်နောင့်အကြောင်းတွေကို ဘာကြောင့် သိနေတာလဲ၊ ပြီးတော့ တိုက်တိုက်ဆိုင်ဆိုင် နှစ်ယောက်စလုံး ရန်နောင်ဆိုတဲ့ နာမည်ချင်း တူနေကြပြန်တယ်၊ ဦးကိုကိုရဲဘယ်လိုယူဆပါသလဲ''

ယွန်းဖခင်ဦးတင်မောင်ကြည်က အဖြစ်အပျက်ကိုခြုံငုံသုံးသပ်ကာ ဦးကိုကိုရဲကို မေးမြန်းလိုက်ခြင်းဖြစ်သည်။

ဦးကိုကိုရဲနှင့်သားဖြစ်သူရဲအောင်တို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

ထို့နောက် ဦးကိုကိုရဲက ပြောလိုက်လေသည်။

''အတိအကျတော့ ကျွန်တော်လည်း မပြောတတ်ပါဘူး၊ ဖြစ်နိုင်ချေရှိတာကို ကျွန်တော်ပြောပြပါမယ်၊ ဒီလိုပါ ''

♛♛♛♛♛

( ၂ )

ဦးကိုကိုရဲနှင့်ဒေါ်ရီရီခင်တို့သည် ဒုတိယမြောက်သားကလေးကို ၁၉၉၀ပြည့်နှစ်တွင် မွေးဖွားခဲ့သည်။ ဦးကိုကိုရဲတို့၌ သားတစ်ယောက်ရှိပြီးဖြစ်သည်။ **မောင်ရဲအောင်**ဖြစ်ပါသည်။

ဒုတိယသားလေးမွေးလာတော့ နာမည်ကို သားအကြီး ရဲအောင်နှင့် ဆင်တူဖြစ်အောင် **''ရဲနောင်''**ဟုမှည့်ခေါ်ခဲ့လေသည်။ ဗုဒ္ဓဟူးသားလေးဖြစ်၍ နေ့သင့်နံသင့်လည်း ဖြစ်နေသည်။

ရဲနောင်လေး စကားပြောတတ်လာသည့်အရွယ်တွင် သူ့ကို ရဲနောင်ဟုခေါ်လျှင်မကြိုက်။

''ကျွန်တော့်နာမည် ရဲနောင်မဟုတ်ဘူး၊ ရန်နောင်''

–ဟုပြန်ပြောတတ်သည်။

''ကျွန်တော့်ကို ရဲနောင်လို့မခေါ်နဲ့၊ ရန်နောင်လို့ခေါ်၊ ကျွန်တော့်နာမည်က ရန်နောင်''

မိဘများကလည်း ကလေးစိတ်တိုင်းကျ ရန်နောင်ဟုပင် ခေါ်ပေးခဲ့လေသည်။ ထိုအချိန်အထိ ကလေးသည် ဘာကြောင့် သူ့ကို ရန်နောင်ဟုခေါ်စေချင်တယ်ဆိုတာ မသိကြသေး။ ကလေးစိတ်ဖြင့် သူ နှစ်သက်သဘောကျသည့်နာမည်ကို အခေါ်ခိုင်းသည်ဟု ထင်ခဲ့သည်။

စကားပီပီသသ သွက်သွက်လက်လက်ပြောနိုင်သည့်အရွယ်ရောက်လာတော့ မိခင်ဖြစ်သူကို ထူးဆန်းသောစကားများပြောလာသည်။

''အမေ ကျွန်တော်က ကားတိုက်လို့သေတာ''

''ကားချင်းတိုက်မိလို့ ကျွန်တော်သေခဲ့တာ အမေ''

''ကျွန်တော်က ဆယ်တန်းအောင်ပြီးသား''

''ကျွန်တော့်နာမည်က ရန်နောင်''

ကလေးသည် ထိုစကားများကို အမြဲပြောနေခြင်းတော့မဟုတ်။ မိခင်ဖြစ်သူကို တစ်ခါတရံပြောပြတတ်ခြင်းသာဖြစ်သည်။

''ကို ့သားငယ်က သူ့ကိုယ်သူရန်နောင်လို့ပြောပြောနေတာ မဆန်းဘူးလားဟင်၊ ပြီးတော့ ့သူဟာ ကားတိုက်လို့သေတာလို့ ခဏ ခဏပြောတယ်ကို၊ သားငယ်ဟာ လူဝင်စားလေးများဖြစ်နေမလား မသိဘူး''

ဒေါ်ရီရီခင်က သူ့ထင်မြင်ချက်ကိုပြောပြခဲ့သည်။

''လူဝင်စားဖြစ်တော့လည်း မဆန်းပါဘူးရီရီရယ်၊ ကိုယ်တို့လည်း လူဝင်စားဖြစ်နိုင်တာပဲ၊ သတ္တဝါတိုင်းမှာ အရင်ဘဝဆိုတာ ရှိနိုင်တာပဲမဟုတ်လား၊ မမှတ်မိကြလို့သာပဲလေ၊ မှတ်မိတဲ့လူတွေကိုတော့ လူဝင်စားခေါ်ကြတာပေါ့၊ ဒါပေမယ့် ့သားငယ်ကို သူ့ အရင်ဘဝအကြောင်းတွေ အစ်အောက်မမေးမိပါစေနဲ့ရီရီ၊ အရင်ဘဝကိုပြန်မှတ်မိလို့ ဘာမျှအကျိုးမထူးပါဘူး၊ ပြီးတော့ ့သူသေခဲ့တာ ကားတိုက်လို့ဆို၊ သူ့အတိတ်ဘဝဟာ စိတ်ဆင်းရဲစရာကြီးဖြစ်မှာပါကွာ၊ သူဘာပြောပြော ဘာသိဘာသာပဲနေလိုက်ပါရီရီ''

''ဟုတ်ကဲ့ပါကို''

ဦးကိုကိုရဲ့တို့က မသိလိုက်ဘာသာနေခဲ့သောကြောင့် ရန်နောင်လေးသည် နောင်တွင် သူ့အတိတ်ဘဝအကြောင်းကို မပြောတော့ပေ။ ကြာတော့ သူကိုယ်တိုင်လည်း မေ့လျော့သွားပုံရပါသည်။ ရန်နောင်သည် သာမန်လူငယ်တစ်ယောက်အတိုင်းပင် အများနည်းတူကြီးပြင်းလာခဲ့ခြင်း ဖြစ်ပါ၏။

\+ + + + +

''အဲဒါပါပဲခင်ဗျာ၊ ကျွန်တော့်သားဟာ ငယ်ငယ်ကတော့ သူ လူဝင်စားဖြစ်ကြောင်းအရိပ်အမြွက်တော့ ပြောခဲ့ပါတယ်၊ ကျွန်တော်တို့က မသိလိုက်ဘာသာနေခဲ့တော့ သူလည်း အတိတ်ဘဝကိုမေ့သွားပုံရပါတယ်၊ အသက်ငါးနှစ်လောက်ကစပြီး မပြောတော့ပါဘူး၊ ဒီအကြောင်းတွေကို ကျွန်တော်အခုပြန်ပြောနိုင်တာတောင် အတော်ပြန်စဉ်းစားပြီးမှ ပြောနိုင်တာပါ''

''အင်း ့ဒီလိုဆိုရင် မောင်ရန်နောင်ဟာ တစ်ချိန်က ဒီမြို့မှာ ကားတိုက်သေဆုံးသွားတဲ့ရန်နောင်ဆိုသူဖြစ်နိုင်တာပေါ့၊ သူမွေးတဲ့အချိန်နဲ့ ဒီကရန်နောင်ကွယ်လွန်တဲ့အချိန်ကလည်း မကွာလှဘူးလေ''

''ဟုတ်ကဲ့၊ သူဟာ ဦးကျော့မောင်သား ရန်နောင်ဖြစ်ခဲ့မယ်၊ တိုက်တိုက်ဆိုင်ဆိုင် အခုဘဝမှာ ဒီမြို့ကိုရောက်လာပြီး တိုက်တိုက်ဆိုင်ဆိုင်ပဲ အရင်ဘဝကလို ကားတိုက်မှုဖြစ်ခဲ့တော့ အတိတ်ဘဝကိုပြန်ပြီး အမှတ်ရသွားတာမျိုးဖြစ်နိုင်ပါတယ် ဦးတင်မောင်ကြည်''

''သေချာတာပေါ့ရှင်၊ ပြန်မှတ်မိလို့သာ တစ်ခါမျှမရောက်ဖူးတဲ့မြို့မှာ သူ့အရင်ဘဝကနေခဲ့တဲ့အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာပေါ့၊ ပြီးတော့ အရင်ဘဝအကြောင်းတွေအကုန်မှတ်မိနေတယ်လေ၊ သင်းသင်းသွယ်ကိုမှတ်မိရုံမကဘူး၊ ယွန်းကို သင်းသင်းသွယ်အိမ်ကို လွှတ်လိုက်သေးတယ်၊ မမသောင်းကိုမြင်တော့လည်း သူချက်ချင်းမှတ်မိရှာတယ်၊ အခုမောင်ရန်နောင်ဟာ ့အရင်မောင်ရန်နောင် ဝင်စားတဲ့ကလေးဆိုတာ သေချာပါတယ်ရှင်''

''ကျွန်တော်တော့ တစ်ခုပဲစိုးရိမ်မိပါတယ်ဗျာ၊ သားဟာ ပြန်သတိရလာရင် အရင်ဘဝဟောင်းကိုပဲသတိရပြီး အရင်ဘဝဟောင်းကလူလို့ သူ့ကိုယ်သူထင်နေမှာကိုပဲ၊ တကယ်တော့ ပြီးခဲ့တဲ့ဘဝမှာ ပြန်ပြီးနေထိုင်လို့မရတော့ဘူးမဟုတ်လား၊ အခုလက်ရှိ ဘဝကိုပြန်မမှတ်မိတော့ရင် ရှေ့ဆက်ပြီး အံမဝင်ခွင်မကျနဲ့ နေထိုင်သွားရတော့မှာကို တွေးပြီး ပူမိတယ်၊ အဲဒါပါပဲ''

''သိပ်လည်း မစိုးရိမ်ပါနဲ့ဦးကိုကိုရဲ၊ မောင်ရန်နောင်ဟာ ပညာထူးချွန်တဲ့ ခေတ်လူငယ်လေးတစ်ယောက်ပဲ၊ သူ့ဦးနှောက်ဟာ ဒါလောက်ထိ လွဲချော်သွားစရာအကြောင်းမရှိလောက်ပါဘူး၊ အရင်ဘဝကအဖြစ် အပျက်အတိုင်း ခုဘဝမှာတိုက်တိုက်ဆိုင်ဆိုင်ကြုံရလို့ ယာယီအားဖြင့် အတိတ်ကိုသတိရသွားတာမျိုးဖြစ်မှာပါ၊ အင်းလေ ဘယ်လိုဖြစ်လာမယ်ဆိုတာ မောင်ရန်နောင်သတိရတဲ့အထိ ကျွန်တော်တို့စောင့်ကြည့်ရမှာပေါ့ဗျာ''

♛♛♛♛♛♛♛♛♛

# အပိုင်း – ၇

( ၁ )

နောက်တစ်နေ့မနက်တွင် ရန်နောင်သတိပြန်လည်လာခဲ့သည်။

ဆေးရုံအရေးပေါ်ခန်းထဲရှိ ရန်နောင့်ကုတင်ဘေးတွင် လူစုံရှိနေကြပါသည်။

ရန်နောင့်ဖခင်နှင့်အစ်ကို၊ ကုမ္ပဏီပိုင်ရှင်မစ္စတာချာလီ။

ယွန်းနှင့်ဒေါ်သောင်းသောင်း။

ပြီးတော့ သူနာပြုဆရာမနော်ရင်မွှေးကလည်း အနီးကပ် ပြုစုစောင့်ကြည့်ပေးလျှက်ရှိသည်။

ရန်နောင်လူးလွန့်လှုပ်ရှားရင်း သတိပြန်လည်လာသည်။

''သား သား သတိရပြီလား''

ဦးကိုကိုရဲက စိုးရိမ်ကြောင့်ကျမှုမကင်းသောလေသံဖြင့် မေးလိုက်လေသည်။

ရန်နောင်မျက်လုံးဖွင့်ကြည့်သည်။

''ဖေဖေ''

''သား ဖေဖေ့ကိုသတိရတယ်နော်''

''ကျွန်တော် သတိရပါတယ်ဖေဖေ''

''ဟောဒါရော ဘယ်သူလဲ၊ ကြည့်လိုက်ပါဦး''

ဦးကိုကိုရဲက သူ့သားအကြီးကိုရဲအောင်ကိုညွှန်ပြကာ မေးလိုက်သည်။

''ကိုကိုလေ ကျွန်တော့်အစ်ကို ကိုရဲအောင်''

ရန်နောင် လက်ရှိဘဝကို မမေ့မလျော့သတိရနေသည့်အတွက် ဦးကိုကိုရဲက သက်ပြင်းချလိုက်လေသည်။

ရန်နောင်က ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်လိုက်သည်။

''ဩော် ယွန်းလည်းရှိနေတာကိုး''

''ရန်နောင် နင်ငါ့ကိုလည်း သိနေသားပဲနော်''

''ဘာလို့မသိရမှာလဲယွန်း၊ ငါ ဟိုအိမ်ပေါ်ရောက်နေတုံးက နင်စားစရာပေးလို့ ငါစားရတာလေ၊ နင့်ကိုကျေးဇူးတင်ပါတယ်ယွန်းရယ်''

''သား မင်း ယွန်းတို့အိမ်ဘေးက အိမ်လေးပေါ်ရောက်ခဲ့တာကို မှတ်မိတယ်နော်''

''ဟုတ်ကဲ့ဖေဖေ၊ ကျွန်တော်မှတ်မိပါတယ်''

''ဒါဖြင့် ဟောဒီအန်တီကြီးကရော ဘယ်သူလဲ၊ မှတ်မိလား''

ရန်နောင်က ဒေါ်သောင်းသောင်းကိုကြည့်ရင်း ခဏစဉ်းစားနေသေးသည်။

''အန်တီသောင်း၊ အန်တီသောင်းလေ၊ အန်တီသောင်းကို ကျွန်တော်မှတ်မိပါတယ်၊ အန်တီသောင်းက ကျွန်တော့်အရင်ဘဝတုံးက ကျွန်တော့်ကိုစောင့်ရှောက်ခဲ့တဲ့အန်တီကြီးပါဖေဖေ''

''ဩော် မောင်ရန်နောင်၊ ငါ့တူကြီးရယ်''

ဒေါ်သောင်းက မျက်ရည်များကျလာလေသည်။

''သား ဒါဖြင့် မင်းဟာ အရင်ဘဝကိုရော၊ အခုလက်ရှိ ဘဝရော နှစ်ခုလုံးကို မှတ်မိနေတာပေါ့သား၊ ဟုတ်လား''

''ဟုတ်ပါတယ်ဖေဖေ၊ ကျွန်တော် ဒီမြို့ကိုကားစီးလာတော့ မြို့ကိုရောက်ခါနီးမှာ ကိုးလောင်းတောင်ကြီးကိုမြင်လိုက်တာနဲ့ အရင်ဘဝကအကြောင်းတွေကို မှတ်မိလိုက်တာပါ၊ ကျွန်တော်စီးလာတဲ့ကား မှောက်သွားပြီး သတိပြန်ရလာတော့ ကျွန်တော့်ကိုယ်

ကျွန်တော် အရင်ဘဝက ရန်နောင်လို့ပဲ ထင်လိုက်မိတယ်ဖေဖေ၊ မှောက်နေတဲ့ကားကို ကြည့်လိုက်တော့ ဟိုင်းလပ်အဖြူလေး ဖြစ်နေတယ်၊ အရင်ဘဝက ကျွန်တော်စီးလာရင်း တိုက်မိတဲ့ကားက ဒေါ့ဂျစ်ကားကြီးပါ၊ ဟိုင်းလပ်အဖြူလေးကို ကြည့်ပြီး ကျွန်တော့် စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားသေးတယ်၊ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ ကျွန်တော်ဟာ ရန်ကုန်ကအလုပ်လုပ်ပြီး ပြန်လာတဲ့ရန်နောင်၊ ကျွန်တော့်အဖေကိုကန်တော့ဖို့ တိုက်ပုံအင်္ကျီလေးဝယ်လာတဲ့ ရန်နောင်လို့ပဲ ထင်မိတယ်''

''ဩော် . .''

''ကျွန်တော့်ကိုယ်ကျွန်တော် အရင်ဘဝကရန်နောင်အမှတ်နဲ့ အရင်ဘဝကနေခဲ့တဲ့အိမ်လေးကို လာခဲ့တာပါဖေဖေ၊ အိမ်လေး ထဲရောက်တော့လည်း လူမရှိပဲ အလွယ်တကူဝင်လို့ရနေတယ်၊ နောက်ဖေးမီးဖိုချောင်အတွင်းထဲမှာ သော့ထားတဲ့နေရာကိုပါ ကျွန်တော် မှတ်မိနေတယ်၊ အိမ်ထဲဝင်လို့ရတော့ ကျွန်တော့်အဖေဦးကျော့မောင် ပြန်မရောက်သေးဘူးလို့ထင်မိတာပေါ့၊ အိမ်ထဲမှာ ဖုန်တွေတက်ပြီး ပစ္စည်းတွေအားလုံး မရှိတာကို သတိထားမိပေမယ့် ကျွန်တော် နားမလည်ခဲ့ဘူး၊ ကျွန်တော့်အတွက် အဝတ်အစားတွေကတော့ ဘီရိုထဲမှာအကောင်းအတိုင်းရှိနေတော့ အိမ်ထဲမှာပဲ အဖေဦးကျော့မောင်ကိုစောင့်ရင်း နေနေတာပါ''

''အဝတ်အစားတွေအကောင်းအတိုင်းရှိနေတာကတော့ အန်တီသောင်းက တစ်နှစ်တစ်ခါအိမ်ရှင်းပေးရင်း မောင်ရန်နောင့် အဝတ်အစားတွေ ပိုးမကိုက်အောင် ပရုတ်လုံးတွေမှန်မှန်ထည့်ထားလို့ပါကွယ်၊ မောင်ရန်နောင်မရှိတော့ပေမယ့် သူ့အဝတ်အစားလေးတွေ အမှတ်တရကျန်အောင်လို့ပါ''

''ဩော် . ဒီလိုလား၊ အဲဒါကြောင့် ဘီရိုဖွင့်လိုက်တိုင်း ပရုတ်လုံးနံ့တွေ သင်းနေတာကိုး၊ ကျေးဇူးတင်ပါတယ် အန်တီသောင်း ရယ်''

သူနာပြုဆရာမနော်ရင်မွှေးက ရန်နောင့်ကုတင်ဘေးတွင် လာရပ်လိုက်သည်။

''ကိုကိုနောင် . .''

နော်ရင်မွှေးက ရန်နောင့်ကိုခေါ်လိုက်လေသည်။

ရန်နောင်က နော်ရင်မွှေးကို ဇဝေဇဝါဖြင့်ကြည့်နေသည်။

''ကိုကိုနောင်မှတ်မိတဲ့လူတွေထဲမှာ ကျွန်မရော ပါသလားဟင်''

''ခင်ဗျာ''

ရန်နောင်သည် သူနာပြုဝတ်စုံဖြင့်ဆရာမကိုကြည့်ရင်း စဉ်းစားမရဖြစ်နေ၏။

''ကျွန်တော် ဆရာမကိုမမှတ်မိပါဘူးဗျာ၊ ဆရာမက ဘယ်သူလဲဟင်၊ ကျွန်တော့်အတိတ်ဘဝတုံးက ပတ်သက်ခဲ့ဖူးတဲ့ လူတစ်ယောက်ယောက်လား''

''ဩော် . ကိုကိုနောင်ရယ်၊ အဲဒီတုံးက ကျွန်မက ဆယ်နှစ်သမီးပဲရှိသေးတော့ ကိုကိုနောင် ကျွန်မကိုဘယ်မှတ်မိမလဲ''

''ဟာ . နော်ရင်မွှေး၊ နော်ရင်မွှေးလားဟင်''

ရန်နောင်က ကုတင်ပေါ်မှဆတ်ကနဲလက်ထောက်ထလိုက်ရင်း မေးလိုက်လေသည်။

''လှဲနေပါကိုကိုနောင်၊ ဟုတ်ပါတယ်၊ ကျွန်မ နော်ရင်မွှေးပါ''

''ဟင် . နော်ရင်မွှေး၊ အင်းလေ . ကြာခဲ့ပြီပဲ၊ နော်ရင်မွှေးလည်း ဒီအရွယ်ရောက်နေပြီပေါ့၊ အရင်ကတည်းက လူကြီးဘဝ နဲ့လူတွေကိုတော့ တွေ့တာနဲ့မှတ်မိတယ်၊ ပိုပြီးအိုသွားတာသာရှိတယ်၊ ရုပ်ရည်ကိုဖမ်းဖို့လွယ်တာကိုး၊ ဆရာမကိုတော့ နော်ရင်မွှေးမှန်း မသိဘူးဗျာ၊ နော်ရင်မွှေးက ကျွန်တော်အရင်ဘဝတုံးက ကလေးပဲရှိသေးတာကိုး''

''ကိုကိုနောင်ရယ်''

''ဒါပေမယ့် . ဟိုဖက်အိမ်ကိုလှမ်းကြည့်လိုက်တာမှာ ကလေးမလေးတစ်ယောက်ကိုမြင်လိုက်တော့ နော်ရင်မွှေးလို့ထင်မိခဲ့သေး တယ်''

''အဲဒါ . ကျွန်မသမီးလေး နော်ဂျူလီယာပါ ကိုကိုနောင်၊ နော်ဂျူလီယာက အသက်ဆယ်နှစ်လေ၊ အရင်ဘဝက ကိုကိုနောင် သိခဲ့တဲ့ ကျွန်မအရွယ်ပဲပေါ့''

''မောင်ရန်နောင် . တို့အိမ်နီးချင်းတွေထဲမှာ မင်းမှတ်မိတဲ့ တခြားလူတွေရှိသေးသလားကွဲ့''

ဒေါ်သောင်းသောင်းက ဝင်မေးလိုက်သည်။

''ကျွန်တော် ကားမှောက်တဲ့နေရာကထလာတော့ လမ်းထိပ်ကနေဝင်လာတာမှာ အိမ်တစ်အိမ်ချင်းကိုမှတ်မိနေပါတယ် အန်တီသောင်း၊ ထိပ်ဆုံးအိမ်က မရှုလွမ်တို့အိမ်၊ မရှုလွမ်တို့အိမ်ကြီး သုံးထပ်တိုက်ဖြစ်နေတာကို ကျွန်တော်အံ့သြနေခဲ့သေးတယ်အန်တီသောင်း၊ နောက်တစ်အိမ်က ရှေ့နေအဘိုးကြီးအဘွားကြီးလင်မယားအိမ်လေ၊ အဲဒီ ရှေ့နေလင်မယားနာမည်တော့ ကျွန်တော်စဉ်းစားလို့မရတော့ဘူး''

''ဦးအုံးကြိုင်၊ ဒေါ်ခင်မော်လေ၊ သူတို့မရှိရှာကြတော့ပါဘူး၊ ဆုံးကုန်ပါပြီကွယ်''

''နောက်တစ်အိမ်က နော်ရင်မွှေးတို့အိမ်၊ နော်ရင်မွှေးမိဘတွေ ဦးစောဝေမိုးနဲ့ဒေါ်နော်ပပကို ကျွန်တော်မှတ်မိနေပါတယ် အန်တီသောင်း''

''ဖထီးနဲ့အမိုးလည်း ဆုံးသွားပါပြီကိုကိုနောင်ရယ်''

''စည်သူမောင်တို့မိသားစုကိုလည်း မှတ်မိတယ်၊ ယွန်းကို စည်သူမောင့်အကြောင်း သွားမေးတော့ ယွန်းကမသိဘူးလေ''

''ဘယ်သိမလဲရန်နောင်၊ နင်က ငါတို့မမွေးခင်ကအကြောင်းတွေ လာမေးနေတာကိုး၊ နင်က ငါ့ကို ဒုက္ခရောက်အောင် တော်တော်လုပ်ခဲ့တာပဲ၊ ဒေါ်သင်းသင်းသွယ်ဆီရောက်သွားတော့ ဒေါ်သင်းသင်းသွယ်ကြီးက ငါ့ကို ပါးရိုက်မလွှတ်တာကံကောင်းပဲ''

ယွန်းစကားကြောင့် အားလုံးက ရယ်လိုက်မိကြလေသည်။

''ငါနေကောင်းမှ ဒေါ်သင်းသင်းသွယ်ကို သွားပြီးတောင်းပန်ပါဦးမယ်ယွန်းရယ်''

''တကယ်တော့ နင်သွားသင့်တာက ဒေါ်သင်းသင်းသွယ်ဆီ မဟုတ်ပါဘူး၊ ဒေါ်သင်းသင်းသွယ်နဲ့နင်နဲ့က ဒီအချိန်မှာ ဘာမျှမပတ်သက်တော့ပါဘူးရန်နောင်ရယ်''

''ဟုတ်ပါတယ်လေ''

''နင်သွားသင့်တာက မြို့ထောင့်စေတီဝင်းထဲက ဘုန်းကြီးကျောင်းကိုပါ''

''ဟင် ့''

''နင့်ရဲ့အရင်ဘဝက နင့်ကိုသိပ်ချစ်ခဲ့တဲ့ နင့်အဖေ ဦးကျော့မောင်၊ အခု ရဟန်းဘဝရောက်နေတဲ့ ဦးဇင်းကြီးဦးကိတ္တိသာရကို နင် သွားကန်တော့ရမှာလေ''

''မှန်တာပေါ့ယွန်းရယ် ့အရင်ဘဝက ငါ့အဖေကို သွားတွေ့ပြီး အားရပါးရကန်တော့ဦးမှာပါ၊ ငါသွားမှာပါယွန်း''

♛♛♛♛♛♛♛♛♛♛

# အပိုင်း – ၈

## ( ၁ )

ရန်နောင်ဆေးရုံကဆင်းခဲ့ပြီ။ ကားမှောက်တုံးက ထိခိုက်မိသည့်ခြေထောက်အနာမှာလည်း သက်သာသွားပါပြီ။

ရန်နောင် သည်မြို့ကိုလာခဲ့သည့် ကုမ္ပဏီရုံးခွဲဖွင့်လှစ်မည့်ကိစ္စကိုလည်း မစ္စတာချာလီနှင့်ဦးကိုကိုရဲတို့ကိုယ်တိုင်ဆောင်ရွက်လိုက်၍ ပြီးစီးသွားပါပြီ။

ယနေ့ ရန်နောင်နှင့်ယွန်းတို့ မြို့ထောင့်စေတီကိုလာခဲ့ကြပါသည်။

ရန်နောင်က စက်ဘီးနင်းပြီး ယွန်းက နောက်ခုံတွင်ထိုင်လိုက်ခဲ့သည်။ ရန်နောင်က တစ်ခါမျှမရောက်ဖူးတဲ့မြို့ကို နေရာအနေအထားများ၊ လမ်းများအကုန်သိနေသည်။ လမ်းတလျှောက်တွေ့ရသည့်အပြောင်းအလဲများကိုကြည့်ပြီးအံ့သြနေသည်။ ယွန်းကိုလည်း ယခင်နှစ်၂၀က ဤနေရာတွင် ဘယ်လိုပုံစံရှိသည်၊ ဘာရှိသည်ဆိုတာတွေ ရှင်းပြလာခဲ့၏။

မြို့ထောင့်စေတီကိုရောက်တော့ စက်ဘီးအပ်ထားခဲ့ပြီး စေတီဝင်းထဲဝင်လာခဲ့ရာ စေတီအဝင်ထိပ်ရှိ ဓာတ်ပုံဆိုင်မှလူတစ်ယောက် ထွက်လာကာ နှုတ်ဆက်လိုက်လေသည်။

''ကိုရန်နောင်''

ရန်နောင်က ဓာတ်ပုံဆိုင်ထဲမှထွက်လာကာ နှုတ်ဆက်လိုက်သူကို မမှတ်မိပဲ ငေးကြည့်နေသည်။ သူ့ဦးနှောက်ထဲမှာ စဉ်းစား လို့လည်း မရပေ။

ယွန်းကတော့ ထိုလူကြီးကိုမြင်မြင်ချင်းမှတ်မိလိုက်ပါသည်။

''ဩော် ့ဒေါ်သင်းသင်းသွယ်တို့လင်မယားကို ယွန်းတို့အိမ် ကားမောင်းပြီးလိုက်ပို့ပေးတဲ့ဦးလေး မဟုတ်လားဟင်''

''ဟုတ်ပါတယ်၊ ယွန်းက မှတ်မိသားပဲ''

''ယွန်းမှတ်မိပါတယ်၊ ကိုရန်နောင်၊ ဒီဦးလေးက အန်ကယ်ဦးကျော်ဇင်နဲ့ဒေါ်သင်းသင်းသွယ် ကိုရန်နောင့်ဆီလိုက်လာတုံးက ကားမောင်းပို့တဲ့ဦးလေးလေ''

ယွန်းက ထိုလူကြီးနှင့်ကိုရန်နောင်ကိုမိတ်ဆက်ပေးလိုက်သည်။

ထိုလူကြီးက ရယ်မောလိုက်ကာ ့

''ကိုရန်နောင်နဲ့ ကျွန်တော်နဲ့က ဒီတစ်ခါထဲပတ်သက်ရတာ မဟုတ်ပါဘူးဗျာ၊ အရင်ဘဝတုံးကလည်း ပတ်သက်ခဲ့ဖူးပါတယ်၊ ကိုရန်နောင်ပြန်စဉ်းစားပါဦး''

လက်ရှိတွင် သူ့ထက်အသက်များစွာကြီးသောသူက ကိုရန်နောင်ဟုခေါ်နေပုံကိုထောက်လျှင် ့ထိုလူသည် ရန်နောင့်ဘဝ ဟောင်းတုံးက ရန်နောင်နှင့်ရွယ်တူဖြစ်ရပေမည်။ မည်သူဖြစ်နိုင်သလဲ။ ရန်နောင်က စဉ်းစားကြည့်သော်လည်း အသိစိတ်ထဲမှာ ပေါ်မလာ ပေ။

''ဆောရီးဗျာ ့ကျွန်တော်မမှတ်မိဘူး''

''ကျွန်တော်က ဟောဒီဓာတ်ပုံဆိုင်ကပါ၊ ကျွန်တော့်မိဘများ လက်ထက်ကတည်းက ဒီဓာတ်ပုံဆိုင်ကို ဖွင့်ထားခဲ့တာလေ''

ရန်နောင်က ဆိုင်အမည်ကိုဖတ်ကြည့်လိုက်ရာ ''ရှုတိုင်းယဉ် ၁၅မိနစ်အမြန်ဓာတ်ပုံဆိုင်''ဟု တွေ့လိုက်ရ၏။ ယခင်ဘဝက သင်းသင်းသွယ်ဓာတ်ပုံရိုက်ခဲ့သည့်ဆိုင်ပင်ဖြစ်ပေသည်။ ဆိုင်အသွင်အပြင် ပိုမိုသစ်လွင်ခေတ်မှီလာသော်လည်း ဆိုင်နာမည်ကတော့ ယခင်အတိုင်းပင် ဖြစ်ပါသည်။

''ကိုရန်နောင့်အရင်ဘဝတုံးက သင်းသင်းသွယ်နဲ့နှစ်ယောက်အတူ ဘုရားကိုလာတော့ ဓာတ်ပုံရိုက်ပေးခဲ့တာ ကျွန်တော်လေ၊ အဲဒီတုံးက သင်းသင်းသွယ်က နှစ်ယောက်တွဲပုံမရိုက်ရဲဘူး၊ တစ်ယောက်တည်းပဲရိုက်မယ်ဆိုလို့ သင်းသင်းသွယ်ဓာတ်ပုံကို ကျွန်တော် ရိုက်ပေးခဲ့တာပါ''

''ဟာ ့သိပြီ၊ သိပြီ၊ မှတ်မိပြီ၊ ဒါဆို ဦးလေးဟာ ညွန့်လွင်၊ ညွန့်လွင်ပေါ့နော်''

''ဟုတ်တာပေါ့ဗျာ''

ရန်နောင် ကောင်းကောင်းမှတ်မိလိုက်ပါပြီ။ မှတ်မိရခြင်းအကြောင်းက ဓာတ်ပုံရိုက်ရုံမဟုတ်ပဲ နောက်တစ်နေ့တွင် သင်းသင်း သွယ်ဓာတ်ပုံကို သင်းသင်းသွယ်မသိအောင် မိတ္တူတစ်ပုံထပ်ကူးခဲ့သောကြောင့် မှတ်မိနေရခြင်းဖြစ်ပါသည်။

ထိုစဉ်က ့သူနှင့်ရွယ်တူဖြစ်သော ဓာတ်ပုံဆိုင်ပိုင်ရှင့်သား ညွန့်လွင်က သူ့ကို ဓာတ်ပုံမိတ္တူတစ်ပုံထပ်ကူးပေးခဲ့ခြင်းဖြစ်သည်။

''ကိုရန်နောင်တို့ချစ်သူနှစ်ယောက်ကို ကျွန်တော်ကောင်းကောင်းမှတ်မိနေပါတယ်၊ ကိုရန်နောင်ကားတိုက်ပြီးကွယ်လွန်သွားတာ လည်း ကျွန်တော်မှတ်မိနေပါသေးတယ်၊ ဟိုတစ်နေ့က သင်းသင်းသွယ်နဲ့သူ့ယောကျာ်းရောက်လာပြီး ကိုရန်နောင် တစ္ဆေအဖြစ်နဲ့ အိမ်ကိုပြန်ရောက်နေတယ်လို့ ဦးဇင်းကြီးကိုလာလျှောက်တော့ ဦးဇင်းကြီးဘေးမှာ ကျွန်တော် ရှိနေပါတယ်''

''ဟင် ဟုတ်လား''

''အဲဒါကြောင့် သင်းသင်းသွယ်တို့လင်မယားကို ကျွန်တော်ကပဲ ကျွန်တော့်ကားနဲ့လိုက်ပို့ပေးခဲ့တာပါ၊ အဲဒီနေ့ကအဖြစ်အပျက် တွေ အကုန်မြင်ခဲ့ရလို့ အားလုံးကို ကျွန်တော်သိပြီးပါပြီကိုရန်နောင်''

''ကျွန်တော့်ကို ရန်နောင်လို့ပဲခေါ်ပါဦးလေးဦးညွန့်လွင်၊ ဦးလေးကိုလည်း အခုန ညွန့်လွင်လို့ခေါ်လိုက်မိတာ ခွင့်လွှတ်ပါ၊ တကယ်တော့ ကျွန်တော်ဟာ လူဝင်စားဆိုပေမယ့် သီးခြားလူတစ်ယောက်ဖြစ်သွားပါပြီ၊ အရင်ဘဝက ဦးလေးနဲ့ကျွန်တော် သက်တူ ရွယ်တူဖြစ်ပေမယ့် ဒီအချိန်မှာ အသက်အရွယ်ကွာခြားသွားပြီလေ''

''ဟုတ်ပါတယ်မောင်ရန်နောင်၊ ဦးလေးကလည်း မှတ်မိစေချင်လို့ နောက်ကြောင်းတွေပြန်ပြောပြနေတာပါ။ အခု မောင်ရန်နောင် ဘယ်ကိုလာတာလဲ၊ ဦးဇင်းကြီးကို လာတွေ့တာလား''

''ဟုတ်ကဲ့ဦးလေး''

''ဦးဇင်းကြီးရှိပါတယ်၊ ဦးဇင်းကြီးကျောင်းက ဟောဟိုမှာမြင်နေရတဲ့ ဝါးကျောင်းကလေးပဲ၊ သွားကြပါ၊ သွားကြပါ''

ရန်နောင်နှင့်ယွန်းက ဦးညွန့်လွင်ကိုနှုတ်ဆက်ပြီး စေတီဝင်းထဲဝင်ခဲ့ကြသည်။

ခပ်လှမ်းလှမ်းအရောက်တွင် ဦးညွန့်လွင်က လှမ်းအော်ပြောလိုက်သည်။

''မောင်ရန်နောင်ရေ ့ခါတ်ပုံရိုက်ချင်ရင်ပြောနော်၊ ဦးလေး အမှတ်တရရိုက်ပေးလိုက်မယ်''

♛♛♛♛♛

( ၂ )

ဦးဇင်းကြီးဦးကိတ္တိသာရက ရန်နောင်နှင့်ယွန်းကို တည်ငြိမ်ကြွေရွှေရစွာပင် ဆီးကြိုခဲ့လေသည်။ ဦးဇင်းကြီးသည် လူ့ဘဝသံယောဇဉ်များကိုဖြတ်တောက်ထားပြီးသူ တရားရှင်တစ်ပါးဖြစ်နေပြီဖြစ်၍ ရန်နောင့်အပေါ်တွင် ယခင်ဘဝကသားတစ်ယောက်အဖြစ် စိတ်လှုပ်ရှားမှုဖြစ်မနေတော့ပေ။

ရန်နောင်ကသာ ယခင်ဘဝဖြစ်စဉ်များကို သတိရပြီးမျက်ရည်လည်လာခဲ့ပေ၏။ အထူးသဖြင့် ့ယခင်ဘဝ သူ ရန်ကုန်မှ ပြန်လာမည့်နေ့တွင် အရက်မသောက်ပဲစောင့်နေပုံ၊ သူသေဆုံးပြီးနောက် တိုက်ပုံအင်္ကျီလေးကိုပိုက်ကာ ငိုကျွေးခဲ့ပုံများကို ပြန်သိရသည့်အတွက် စိတ်မကောင်းဖြစ်နေမိသည်။

ဦးဇင်းကြီးကတော့ တည်တည်ငြိမ်ငြိမ်ပင် သူ့ကို တရားပြဆုံးမစကားများ ဟောပြောခဲ့ပေ၏။

''ဦးဇင်းကြီးအနေနဲ့ ဒကာလေးကို မကျွတ်မလွတ်ပဲ တစ္ဆေဘဝနဲ့အိမ်ပြန်ရောက်နေတယ်ကြားရတော့ စိတ်မကောင်းဖြစ်ခဲ့မိတယ်၊ ဒါကြောင့်လည်း ကောင်းရာမွန်ရာရောက်အောင် ရွတ်ဖတ်သရဇ္ဈာယ်ပေးဖို့ လိုက်လာခဲ့တာပဲ၊ ဟိုရောက်တော့ ထင်သလိုမဟုတ်ပဲ ဒကာလေးဟာ ဦးဇင်းကြီးရဲ့သား ဝင်စားသူဖြစ်နေတယ်၊ ဦးဇင်းအနေနဲ့ သားကို လူအသစ်ဘဝအသစ်ရနေတာသိလိုက်ရလို့ စိတ်ချမ်းမြေ့သွားရတယ် ဒကာလေး''

''တင်ပါ့ဘုရား''

''အိမ်း ့အရင်ဘဝက မောင်ရန်နောင်ဟာ လိမ္မာယဉ်ကျေးတဲ့ ကလေးတစ်ယောက်ဖြစ်ခဲ့သလို ဒကာလေးဟာလည်း လူကြီးမိဘကျေးဇူးကိုသိတတ်တဲ့ လူတော်လူကောင်းလေးတစ်ယောက်ဆိုတာသိရလို့ ဦးဇင်းကြီးဝမ်းမြောက်မိတယ်ကွဲ့၊ မိဘဆရာသမားများရဲ့ကျေးဇူးကို သိတတ်ပြီး လူ့ဘောင်ကိုကောင်းကျိုးပြုတဲ့လူတစ်ယောက်ဖြစ်အောင် ကြိုးစားပါကွယ်''

''တင်ပါ့ဘုရား''

''ဘဝကုသိုလ်ကံကြောင့် ဇာတိဿရဉာဏ်ကောင်းခဲ့တဲ့အတွက် ယခင်ဘဝဟောင်းကို ပြန်သတိရမှတ်မိတာဖြစ်တယ်၊ ဒါပေမယ့် ဒကာလေးဟာ ခန္ဓာအသစ်နဲ့ လူအသစ်တစ်ယောက်ဖြစ်ခဲ့ပြီဆိုတာကို သတိချပ်ဖို့လိုသကွဲ့၊ ဒီတော့ ဘဝဟောင်းကိုပြန်တွေးပြီး လွမ်းဆွေးမနေစေချင်ဘူး၊ လက်ရှိဘဝမှာ လောကီအရေးကိုလည်း အောင်မြင်အောင်ကြိုးစား၊ နောင်ဘဝအတွက် ဒါနသီလပါရမီကိုလည်း ဖြည့်ဆည်းဖို့ သတိပြုစေချင်သကွယ်''

''မှန်လှပါဘုရား''

''အိမ်း ့ဦးဇင်းကြီးလည်း စကြံန်လျှောက် တရားမှတ်ဖို့ရှိသေးတယ်၊ ကိုင်း ့ကိုင်း ့ပြန်ကြပေရော့ကွယ်၊ ပြန်ကြပေရော့''

ဦးဇင်းကြီးဦးကိတ္တိသာရက သံယောဇဉ်ကင်းပြတ်စွာ မိန့်ကြားလိုက်လေသည်။

ရန်နောင်နှင့်ယွန်းတို့ ဦးကိတ္တိသာရကို ဦးချပြီး ကျောင်းပေါ်မှ ပြန်ဆင်းခဲ့ကြလေသည်။

♛♛♛♛♛

( ၃ )

ရန်နောင်နှင့်ယွန်း ဘုန်းကြီးကျောင်းထဲမှထွက်လာပြီး အနည်းငယ်လျှောက်လာခဲ့ရာ ညောင်ပင်ကြီးကိုပတ်ဝိုင်းထားသော သစ်သားခုံဝိုင်းလေးရှိရာသို့ရောက်လာလေသည်။

ရန်နောင်က ထိုနေရာသို့အရောက်တွင် ခုံတန်းလေးကို အတန်ကြာရပ်ကြည့်နေ၏။

''ဘာကြည့်နေတာလဲရန်နောင်၊ ထိုင်ချင်လည်း ထိုင်လေ''

ယွန်းကပြောလိုက်သည်။

''ယွန်း ့ကြည့်စမ်းပါဦး၊ ဒီမြင်ကွင်းလေးကို နင်မြင်ဖူးတယ် မဟုတ်လား''

''ဟင် ့မြင်တော့မြင်ဖူးသလိုပဲ၊ ဘာဖြစ်လို့လဲ''

''သင်းသင်းသွယ်ဓာတ်ပုံရိုက်ခဲ့တာ ဒီနေရာလေးမှာပဲလေ''

ယွန်းက သင်းသင်းသွယ်၏ဓာတ်ပုံလေးကိုပြန်မြင်ယောင်ကြည့်ရင်း မှတ်မိသွားလေသည်။

''ဩော် ့ဟုတ်သားပဲ''

''အဲဒီဓာတ်ပုံလေးရော ယွန်း''

''ဒေါ်သင်းသင်းသွယ်အိမ်မှာကျန်ခဲ့ပြီလေ၊ ဒေါ်သင်းသင်းသွယ်က နင့်ကိုလူအစစ်မဖြစ်နိုင်ဘူး၊ ရန်နောင်ဆိုတာသေတာကြာပြီ၊ သရဲတစ္ဆေပဲဖြစ်ရမယ်လို့ပြောတော့ ငါလည်း ကြောက်လန့်ပြီး သူတို့အိမ်ထဲကထွက်ပြေးလာခဲ့တာလေ၊ ဓာတ်ပုံလည်း ပြန်ယူဖို့သတိမရတော့ဘူးပေါ့''

ရန်နောင်က ယွန်းပြန်ပြောသည့်အဖြစ်ကို နားထောင်ရင်း ရယ်နေသည်။

''နင် ဒေါ်သင်းသင်းသွယ်နဲ့ သွားတွေ့ဦးမယ်ဆို၊ အဲဒီပုံကို လိုချင်ရင်ပြန်တောင်းပေါ့''

''ဒေါ်သင်းသင်းသွယ်ကို သွားမတွေ့တော့ပါဘူးယွန်း၊ ဦးဇင်းကြီးကလည်းဆုံးမလိုက်တယ်လေ၊ အတိတ်ဘဝကိုပြန်တွေးပြီး လွမ်းဆွေးမနေနဲ့တဲ့၊ ဟုတ်တယ်၊ တကယ်တော့ ့ငါဟာ လူအသစ်တစ်ယောက် ဖြစ်နေပါပြီယွန်းရယ်၊ သင်းသင်းသွယ်ဆိုတာလည်း ငါနဲ့ဘာမှုမပတ်သက်တော့ပါဘူး၊ သွားတွေ့စရာလည်း မလိုတော့ပါဘူးယွန်းရယ်''

''ဟုတ်ပါတယ်လေ၊ အသက်ချင်းကလည်း သားအမိအရွယ်လို ကွာခြားသွားပြီ၊ ပြီးတော့ ့ဒေါ်သင်းသင်းသွယ်က အိမ်ထောင်ရှင်တစ်ယောက်၊ နင်သွားတွေ့ရင် သူတို့အိမ်ထောင်ရေးမှာ စိတ်ခုစရာတွေ ဖြစ်ကုန်မှာစိုးရတာပေါ့''

''ယွန်း ဒီခုံတန်းလေးမှာ ထိုင်ပါဦး၊ ငါ နင့်ကိုပြောစရာရှိလို့''

နှစ်ယောက်သား ညောင်ပင်အောက်ကခုံတန်းလေးတွင် ထိုင်လိုက်ကြသည်။

''နင်ပြောတာလည်း မှန်ပါတယ်ယွန်း၊ ငါကလည်း အရင်ဘဝနဲ့အခုဘဝကို ပိုင်းခြားလိုက်ပါပြီ၊ တကယ်တော့ ့သင်းသင်းသွယ်ဆိုတာ အသက်ရှင်ရက်ရှိနေသေးပေမယ့် ရန်နောင်ဆိုတဲ့ငါ့အတွက်တော့ ဘာမှုမသက်ဆိုင်တော့တဲ့ မိန်းမတစ်ယောက်ပါ၊ အရင်ဘဝကရန်နောင်ဟာ သေဆုံးခဲ့ပြီးပါပြီ၊ ငါ ရန်နောင်က သီးခြားဘဝနဲ့လူတစ်ယောက်ပါယွန်း''

''ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်လဲ''

''အရင်ဘဝက ပတ်သက်စပ်ဆိုင်ခဲ့သမျှတွေ ငါ့ရင်ထဲမှာ မရှိတော့ပါဘူး၊ ငါက လူအသစ်တစ်ယောက်ပါ၊ ငါ့အသည်းနှလုံးကလည်း အသစ်ပါပဲယွန်းရာ၊ ရန်နောင်အသစ်ဖြစ်တဲ့ငါက သင်းသင်းသွယ်ဆိုတဲ့မိန်းမကိုမချစ်တော့ပါဘူး၊ ချစ်လို့မရတော့ပါဘူး၊ အခုဘဝမှာ ငါ့အချစ်တွေအားလုံးက ငါနဲ့သက်တူရွယ်တူတစ်ယောက်အပေါ်မှာပဲ ရှိပါတော့တယ်တယ်ယွန်း''

''ဟင် ့''

''အဲဒါကတော့ တခြားလူမဟုတ်ဘူး၊ နင်ပဲ ့ယွန်း''

''အို ့ဘာဆိုင်လို့လဲ''

''ဆိုင်ပါတယ်ယွန်းရယ်၊ ငါ့မှာ အရင်ရန်နောင်ရဲ့စိတ်တွေဝင်နေတုံးကတည်းက နင့်ကိုစိတ်ဝင်စားခဲ့တာပါ၊ ငါ့ကိုယ်ငါ အရင်ဘဝက ရန်နောင်အဟောင်းလို့မှတ်နေပြီး ့အဲဒီစိတ်တွေကို ချိုးနှိမ်ထားခဲ့ရတာပါယွန်းရယ်''

''တော်ပါ၊ လူကို သူ့ရည်းစားဟောင်းဆီ လွှတ်တုံးက လွှတ်ပြီးမျှား၊ ဒီမှာဖြင့် ဒေါ်သင်းသင်းသွယ်ရန်တွေ့လို့ နေစရာကိုမရှိဘူး''

''အဲဒီအတွက် အလျော်ပေးပါ့မယ်ယွန်းရယ်''

''ဘာ''

''ငါ့အသည်းနှလုံးနဲ့ ငါ့ဘဝတစ်ခုလုံးကို အလျော်ပေးမယ်လေ''

''သိပ်နစ်နာနေပါဦးမယ်၊ သွား– အဲဒီဒေါ်သင်းသင်းသွယ်ကြီးကိုပဲ သွားချစ်နေ''

''မချစ်ပါဘူး၊ ချစ်လို့မရတော့ပါဘူးဆို၊ ငါချစ်တာက နင်ပါ ယွန်းရယ်''

သူတို့စကားပြောနေစဉ် ကင်မရာလေးကိုလွယ်ကာ ဘုရားဝင်းထဲဝင်လာသောဦးညွှန့်လွင်ကို မြင်လိုက်ရလေသည်။

''ဟော ဟိုမှာ ဦးညွှန့်လွင်ကြီးလာနေပြီ၊ ဦးညွှန့်လွင်ကြီးကို ဓာတ်ပုံရိုက်ခိုင်းရအောင်နော် ယွန်း''

ရန်နောင်က ဦးညွှန့်လွင်ကို လက်ခုပ်တီးခေါ်လိုက်သည်။

ဦးညွှန့်လွင်က သူတို့အနားကိုရောက်လာ၏။

''ဦးညွှန့်လွင် ကျွန်တော်တို့နှစ်ယောက်ကို ဓာတ်ပုံတစ်ပုံလောက် ရိုက်ပေးပါဗျာ''

''ရတယ်ကိုယ့်လူ၊ ရတယ်''

''အို''

ဦးညွှန့်လွင်က လျှပ်တပျက်ပင် ကင်မရာကိုချိန်ကာ ရိုက်လိုက်လေ၏။

''ကဲ မောင်ရန်နောင်ရေ၊ ဆယ့်ငါးမိနစ်ကြာရင် ဓာတ်ပုံလာယူပေတော့၊ ဒီတစ်ခါ ဘယ်နှပုံကူးပေးရမှာလဲ''

''တစ်ခါတည်းသာ နှစ်ပုံကူးပေးပါတော့ ဦးလေးရယ်''

''အေး ကောင်းတယ်ဟေ့''

ဦးညွှန့်လွင်ထွက်အသွားတွင် ယွန်းက ရန်နောင့်ကိုရန်တွေ့လိုက်သည်။

''သွား– သူနဲ့ဓာတ်ပုံတွဲရိုက်မယ်လို့ သဘောမတူသေးပဲနဲ့ အတင်းရိုက်ခိုင်းတယ်၊ ဦးညွှန့်လွင်ကလည်း ဘာမပြောညာမပြော ရိုက်လိုက်တာပဲ''

''နှစ်ယောက်တွဲပုံရိုက်ခိုင်းတာအကြောင်းရှိပါတယ်ယွန်းရယ်၊ အရင်ဘဝက သင်းသင်းသွယ်က သူတစ်ယောက်တည်းပုံကိုပဲ ရိုက်ပေးခဲ့လို့ နိမိတ်မကောင်းဖြစ်ပြီး သူနဲ့ငါနဲ့ကွဲခဲ့ရတယ်လေ၊ အဲဒါမျိုးမဖြစ်အောင် နှစ်ယောက်တွဲပုံတစ်ခါတည်းရိုက်လိုက်တာပါ၊ ကဲ လာပါ ယွန်း၊ ဦးညွှန့်လွင်ကြီးဓာတ်ပုံကူးတာကို သွားပြီးစောင့်ယူရအောင်ပါ''

ယွန်းက ရန်နောင့်ရင်ဘတ်ကြီးကို လက်သီးဖြင့်ထုကာ ပြောလိုက်သည်။

''သွား– သိပ်ဆိုးတာပဲ၊ သူ့ကိုချစ်ပါတယ်လို့ အဖြေလည်း မပေးရသေးပဲနဲ့''

♛♛♛♛♛♛♛♛

**နွေတမာန်**